၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၈)၊ အမှတ် (၁၁)

၂၀၁၈ခုနှစ်၊ ဇွန်လ (၆)ရက်

ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှုရှိစေရန် အထောက်အပံ့ဖြစ်စေမည့် Myanmar Sat-2 သဘောတူညီချက်လက်မှတ်ရေးထိုး

စာ-၁၇ »

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

စာ-၁၇ »

ရွာသာကြီးရှိ မြန်မာ့မီးရထားပိုင်မြေတွင် ကုန်းတွင်းဆိပ် (Dry Port) တည်ဆောက်လျက်ရှိ

စာ-၁၆ »

ခရီးသည်များ အဆင်ပြေစေရန် Myanmar Sky Alliances မှ ရာသီအလိုက်ခရီးစဉ်များ ပြေးဆွဲပေးမည်

စာ-၉ »

ပင်လယ်ပြင်အခြေစိုက်ရေကြောင်းပြစခန်း (Offstore Fixed Pilot Station) တည်ဆောက်



စာ-၁၅ »

အယ် ဒီ တာ့ အာ ဘော်

အေးချမ်းသာယာသော ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်စေရန် ပို့ဆောင်ဆက်သွယ်ကဏ္ဍတိုးမြှင့်ဆောင်ရွက်

ဇူလိုင်လဆန်းတွင် တတိယအကြိမ် (၂၁)ရာစုပင်လုံ ညီလာခံကျင်းပတော့မည်ဖြစ်သည်။ ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ လှမ်းချီရာတွင် စခန်းဆင့်၊ စခန်းထောက်များတွင် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းကြသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ထားကြသည်။

၂၀၁၇ခုနှစ်၊ မေလတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ညီလာခံတွင် ဆိုင်ရာကဏ္ဍအလိုက် စုစုပေါင်းအဆိုပြုချက် (၄၅)ချက်အနက်၊ (၃၇)ချက်အတည်ပြုခဲ့သည်။ ပြည်ထောင်စု သဘောတူစာချုပ်တွင် အစိတ်အပိုင်း (၁)အဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ကျင်းပတော့မည့် တတိယအကြိမ်ညီလာခံတွင် ဒုတိယအကြိမ်ထက်ပိုမိုကောင်းမွန်ဆွေးနွေး ညှိနှိုင်းချက်များ ရရှိနိုင်မည်ဟု ဆွေးနွေးပွဲတက်ရောက်ကြမည့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့်ထပ်တူ ပြည်ထောင်စုဖွား ညီအကိုမောင်နှမများက လေးနက်စွာယုံကြည်မျှော်လင့်လျက်ရှိကြသည်။

ဤသို့သော အခါသမယတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မေလ (၂၆)ရက်၊ နံနက်ပိုင်းတွင် ရေကြောင်းပညာနှင့် ရေကြောင်းအင်ဂျင်နီယာဆိုင်ရာ ပညာရပ်များ တက်ရောက်သင်ယူအောင်မြင်ကြသည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၂) ကြိမ်မြောက် ဘွဲ့နှင်း သဘင်အခမ်းအနားကျင်းပခဲ့သည်။ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီးမှ ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

၄င်းနေ့ညနေပိုင်းတွင် ရွာသာကြီးတွင်တည်ဆောက်လျက်ရှိသည့် ကုန်းတွင်းဆိပ် (Dry Port) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှု၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့သည်။ အဆိုပါ စီမံကိန်းသည် မြန်မာ့မီးရထားပိုင်မြေပေါ်တွင် ၂၀၁၇ခုနှစ်၊ အောက်တိုဘာလမှ စတင်တည်ဆောက်ခဲ့ပြီး Dry Port (၂)ခုပါဝင်ပြီး၊ (၁) ခုလျှင် ဧက (၄၀)စီရှိသည်။ BOT စနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၈ခုနှစ်၊ အောက်တိုဘာလတွင်ပြီးစီးမည်ဖြစ်သည်။ သီလဝါ- ရွာသာကြီး- မြစ်ငယ် အကြား ကုန်သေတ္တာရထားများ ပြေးဆွဲမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက (၁)ရက်လျှင် ကွန်တိန်နာ အလုံး (၁၀၀၀)ခန့်ကိုင်တွယ်နိုင်ပြီး ကွန်တိန်နာ အလုံး (၂၀၀၀၀) ကျော် သိုလှောင်နိုင်မည်ဖြစ်သကဲ့သို့ ရန်ကုန်-သီလဝါကြား ယာဉ်ကြောကျပ်တည်းမှုကိုလည်း လျော့ချနိုင်မည်ဖြစ်သည်။

မေလ (၂၇)ရက်၊ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်း နှစ် (၂၀)ပြည့် အခမ်းအနားကျင်းပခဲ့သည်။ ဆက်သွယ်ရေးသတင်းအချက်အလတ်နှင့် နည်းပညာကဏ္ဍသည် တိုင်းပြည်၏ အဓိကမဏ္ဍိုင်ဖြစ်သည်။ ICT ဖွံ့ဖြိုးမှုသာ နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ICT Intustrial ဖွံ့ဖြိုးတိုးတက်ရေးအတွက် ICT နှင့် ဆက်နွှယ်သည့် အသင်းအဖွဲ့များ ပူးပေါင်းကြိုးစားခဲ့ကြသဖြင့် နိုင်ငံတော်အနေဖြင့် Mobile Intustry မှာ နောက်ကျကျန်ရစ်ခဲ့ခြင်းမရှိဘဲ အောင်မြင်မှုအစဉ်အလာရရှိခဲ့ကြောင်းနှင့် ICT ကဏ္ဍကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးမှ တိုက်တွန်းပြောကြားခဲ့သည်။

မေလ (၂၆)ရက်၊ နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အစည်းအဝေးခန်းမတွင် ရေကြောင်းပြမှူးကြီးများနှင့် တွေ့ဆုံခဲ့သည်။ နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်များအတွက် အဓိကကျသည့် ကုန်သွယ်ရေကြောင်း သင်္ဘောကြီးများအား အန္တရာယ်ကင်းစွာ ဝင်/ထွက်နိုင်ရန် ကြိုးစားထမ်းဆောင်နေကြသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် ရန်ကုန်ဆိပ်ကမ်းမှ (၆၄)ကီလိုမီတာကွာဝေးသည့်နေရာတွင် ကျောက်ချရပ်နားပြီး ရေကြောင်းပြတာဝန်များထမ်းဆောင်နေကြသူများအတွက် Offshore Fixed Pilot Station တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်ဖြည့်ဆည်းလမ်းညွှန်မှုပြုခဲ့သည်။

အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) မှပြုလုပ်သည့် USAP- National Briefing အခမ်းအနားအား ဒုတိယဝန်ကြီးဦးကျော်မျိုးတက်ရောက်ခဲ့သည်။ USAP- CMA သည် ဆိုင်ရာ စာရွက်စာတမ်းများ၊ လေဆိပ်၊ လေယာဉ်ဝန်ထမ်းများ၊ အသုံးအဆောင်၊ အစားအသောက်၊ ကုန်စည်ပို့ဆောင်ရေး၊ လေဆိပ်လုံခြုံရေး၊ အမျိုးသားမြို့ပြလုံခြုံရေးနှင့် ICAOS ပြဌာန်းထားသည့် အချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများအား အချိန်ယူစစ်ဆေးသည့် လုပ်ငန်းများဆောင်ရွက်ကြခြင်းဖြစ်သည်။

စစ်ဆေးမှု ပြီးမြောက်အောင်မြင်ပါက အဖွဲ့ဝင်နိုင်ငံများမှ လေကြောင်းအာဏာပိုင်များ၊ နိုင်ငံတကာလေကြောင်းလိုင်းနှင့် လေဆိပ်များသိရှိ ယုံကြည်ကိုးစားမှုများရရှိစေမည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်သည်။

မေလ (၂၄)ရက်နေ့ နံနက်ပိုင်းတွင် မြန်မာ-ထိုင်း IT နှင့် Digital စီးပွားရေးပြပွဲ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးဦးသာဦးတက်ရောက်ခဲ့သည်။ ထိုင်းကုမ္ပဏီ (၁၆)ခုနှင့် Stock Share ဝင် ကုမ္ပဏီ (၃)ခုပါဝင်ပြသခဲ့သည်။ မြန်မာ- ထိုင်း (၂)နိုင်ငံစီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အပြန်အလှန်အထောက်အကူပြုနိုင်ကြမည်ဖြစ်သည်။ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်။

ဇွန်လ (၁)ရက်၊ နံနက် (၉)နာရီအချိန်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂)နေပြည်တော်တွင် "ဆက်သွယ်ရေး ကွန်ယက်လုံခြုံမှုရရှိစေရန် အထောက်အပံ့ဖြစ်စေမည့် Myanmar Sat-2 သဘောတူညီမှု လက်မှတ်ရေးထိုးပွဲကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် အတူ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုရှေ့နေချုပ်ဦးထွန်းထွန်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် Intersat Global Sales and Marketing Ltd မှ Reginal Vice President (Asia Pacific) နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်မှုမရှိစေရန် နိုင်ငံတစ်ဝှမ်းဆက်သွယ်ရေးကွန်ယက် လွှမ်းခြုံမှုရှိစေရန် Myanmar Sat-2 မှ ထိရောက်စွာ အထောက်အပံ့ရရှိစေမည့် ဆောင်ရွက်ချက်များဆိုင်ရာ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် တတိယအကြိမ် (၂၁)ရာစုပင်လုံ ညီလာခံကျင်းပရန် အကြိုကာလတွင် အေးချမ်းသာယာသောပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်စေရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တည်ဆောက်ဖြည့်ဆည်းမှုများနှင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း သတင်းကောင်းပါးတင်ပြအပ်ပါသည်။ ။

၂၀၁၈ ခုနှစ်၊ ဇွန်လ ပထမ(၁၀)ရက်အတွက် မိုးလေသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဇွန်လ (၃-၈)ရက်အတွင်းဝင်ရောက်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအသင့်တင့်မှ အားကောင်းနိုင်ပါသည်။

မိုးအခြေအနေနှင့်မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက်မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၇)ရက်မှ (၉)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (၄)ရက်မှ(၆)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ဇွန်လပထမ (၁၀)ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် (၇)ပေမှ (၉)ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် (၄)ပေမှ (၆)ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၂)ပေမှ (၄)ပေခန့် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ဇွန်လပထမ (၁၀)ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် (၈)ပေမှ (၁၀)ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် (၅)ပေမှ (၇)ပေခန့်မြင့်တက်လာနိုင်ပါသည်။

မိုး/ဇလ

ဆုရှင်သို့ မှာတမ်း



သင်တန်းဆင်းပွဲ လူကြားထဲတွင်
ပျော်ရွှင်နှစ်ခြိုက် ဆုကိုပိုက်လျက်
နှုတ်ဆက်လာဘိ အို တပည့်။

သင်နှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်
လက်ပမ်းပေါက်လျက် ကျေနပ်ပြုံးမိ
သင်၏ လုံ့လ ဝီရိယတွက်။

သို့သော်တမူ ဆုဟူသည်မှာ
လူများစွာနှင့် ယှဉ်ကာဂုဏ်တု
အနိုင်လုရန် မဟုတ်ပြန်ဘူး။

ဝီရိယထူ လုံ့လကူပံ့
စိတ်ခိုင်ခံ့လျက် မြင့်တက်စွမ်းအား
သင့်ကြိုးစားမှု သက်သေပြုခြင်း။

ဆုကိုပွေ့ကာ ပြန်သွားပါလည်း
အလုပ်ထဲတွင် စွဲမြဲကြိုးကုတ်
မလုပ်ပါဘဲ ရေလိုက်လွဲများ
သင်ထားသမျှ သုံးမချက
ရှုံးရပြန်လိမ့် မှတ်သားပိမ့်။

ဆုကိုမြင်တိုင်း မဆိုင်းမှန်စွာ
ငါ့မှာစကား ပြန်ယောင်ကြားလျက်
ကြိုးစားအားထုတ် အလုပ်ကိုမြှင့်

ဆင့်ဆင့်တက်လှမ်း အောင်ပန်းထွေထွေ
ဆင်နိုင်စေကြောင်း ဆုချွေတောင်း၏ ။ ။

ဖြိုးကျော် (နတ်မောက်)

မြန်မာကျောင်းသားခြောက်ဦး အပြည်ပြည်ဆိုင်ရာ သင်္ချာအိုလံပစ်ပြိုင်ပွဲဝင်ပြိုင်မည်

ရိုးမေးနီးယားနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သင်္ချာအိုလံပစ်ပြိုင်ပွဲတွင်မြန်မာနိုင်ငံက တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု မြန်မာနိုင်ငံသင်္ချာအိုလံပစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာနိုင်ငံဝင်ပြိုင်တာ ဒါသုံးကြိမ်မြောက်ဆိုတော့ အတွေ့အကြုံကနည်းသေးတယ်၊ ဒါပေမယ့်မနှစ်က ကလေးတစ်ယောက်က Honorable Ment -ion ဂုဏ်ပြုဆုတော့ရလာခဲ့တယ်။ ဒီနှစ်ကလေးတွေကိုလည်း အနီးကပ်လေ့ကျင့်မှုတွေ လုပ်ပေးနေတယ်"ဟုရင်းကပြောသည်။

ရိုးမေးနီးယားနိုင်ငံတွင် (၅၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသင်္ချာအိုလံပစ်ပြိုင်ပွဲကို ဇူလိုင်(၇) ရက်မှ (၁၄)ရက်အထိကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှကျောင်းသား၊ ကျောင်းသူခြောက်ဦးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ အခြေခံကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဒသမတန်းနှင့် နဝမတန်းကျောင်းသား၊ ကျောင်းသူခြောက်ဦးကို ရွေးချယ်ထားပြီးမြန်မာနိုင်ငံသင်္ချာအိုလံပစ် ကော်မတီကအနီးကပ် လေ့ကျင့်ပေးနေသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအိုလံပစ်ပြိုင်ပွဲကို လွန်ခဲ့သော (၁၆)နှစ်ခန့်အတွင်း ပါဝင်ယှဉ်ပြိုင်ခြင်းမရှိဘဲ၂၀၁၆ တွင် ပထမဆုံးပြန်လည်ယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲဝင်(၁၀၇)နိုင်ငံအနက် အဆင့် (၉၆)ရရှိခဲ့သည်။၂၀၁၇တွင် ပြိုင်ပွဲဝင်(၁၁၁)နိုင်ငံအနက် အဆင့် (၉၉)ရရှိခဲ့ပြီး မြန်မာကျောင်းသားတစ်ဦး Honorable Mention ဂုဏ်ပြုဆုရရှိခဲ့သည်။

သင်္ချာအိုလံပစ်ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် အလှူရှင်များက ငွေကြေးပံ့ပိုးပေးသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများမှ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းကျောင်းသား၊ ကျောင်းသူများအနက် သင်္ချာပညာထူးချွန်သူများကို မြို့နယ်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ဗဟိုအဆင့်သင်္ချာအိုလံပစ်ပြိုင်ပွဲများကျင်းပကာ စိစစ်ရွေးချယ်ခဲ့သည်။ ဗဟိုအဆင့်ပြိုင်ပွဲတွင်ဆုရရှိသူများအနက် အပြည်ပြည်ဆိုင်ရာ သင်္ချာအိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရန် ဖြေဆိုချိန်လေးနာရီကြာမြင့်သော Team Selection T -est ကိုထပ်မံစစ်ဆေးကာ ဆုရရှိသူခြောက်ဦးအား နိုင်ငံတကာဆုရရှိသူခြောက်ဦးအား နိုင်ငံတကာသင်္ချာအိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ T.Z

MPT Club

MPT သုံးစွဲသူအားလုံးအတွက် MPT Club အစီအစဉ်ကို စတင်မိတ်ဆက်လိုက်ပါပြီ။

***345#** ကို ဖုန်းခေါ်ဆိုပြီး **MPT Club** မှာ ပါဝင်လိုက်ရအောင်။

အထူးအစီအစဉ်အနေနဲ့ **၃နှစ်လ ၃၀ရက်** အထိ

Register လုပ်ပြီး ဖုန်းငွေဖြည့်တိုင်း

Point ၂ဆ ရဦးမှာနော်။

အသေးစိတ်အချက်အလက်ကို http://mpt.com.mm/mm/mpt-club-mm/ မှာ သွားရောက်ကြည့်ရှုနိုင်ပါတယ်။

အသေးစိတ်သိရှိလိုပါက www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL CALL CENTER 106 call free 24 hours everyday

လမ်းအမှတ်အသားများ

အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လမ်းအသုံးပြုသူများအား လမ်းကိုစည်းကမ်းနည်းလမ်းတကျအသုံးပြုစေရန် လမ်းအမှတ်အသားများကိုသတ်မှတ်ပေးထားပါသည်။

(ခ) လမ်းအမှတ်အသားများတွင် အောက်ပါအတိုင်းပါဝင်သည်–

(၁) လမ်းအလယ်ရှိ အလျားလိုက်မျဉ်းဖြူများ(သို့မဟုတ်)လမ်းတွင် မြှုပ်ထားသည့်အမှတ်အသားများ၊ ကပ်ထားသည့်အမှတ်အသားများ၊

(၂) ယာဉ်ကြောများကို သတ်မှတ်သည့်အလျားလိုက်မျဉ်းဖြူများ (သို့မဟုတ်)လမ်းတွင် မြှုပ်ထားသည့်အလျားလိုက်မျဉ်းဖြူများ(သို့မဟုတ်)လမ်းတွင် မြှုပ်ထားသည့် အမှတ်အသားများ၊ ကပ်ထားသည့်အမှတ်အသားများ။

(၃) လမ်းပေါ်တွင်ညွှန်ပြသည့် မြှားပုံအမှတ်အသားများ၊

(၄) ကန့်လန့်ဖြတ်ရပ်မျဉ်းဖြူများ(သို့မဟုတ်)လမ်းတွင် မြှုပ်ထားသည့်ကပ်ထားသည့်အမှတ်အသားများ၊

(၅) ခြေကျင်လျှောက်သူများအတွက်မျဉ်းဝါအမှတ်အသားများ၊

(၆) လမ်းပေါ်မျဉ်းဝါကျွန်း အမှတ်အသားများ၊

(၇) မျဉ်းဝါပြတ်ဘတ်(စ်)ကားမှတ်တိုင်နေရာအမှတ်အသားများ၊

(၈) လမ်းဘေးကပ် တုံးအမှတ်အသားများ၊

(၉) အဖြူ/အနီကျားတုံးအမှတ်အသားများ၊

(၁၀) ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ခွင့်ပြုသော အခြားအမှတ်အသားများ။

လမ်းအလယ်ရှိ အလျားလိုက်မျဉ်းဖြူအမှတ်အသားများ

(က) နှစ်လမ်းမောင်းတွင်မျဉ်းပြတ်ကို ဖြတ်ကျော်၍ ကွေ့နိုင်သည်။"ဂ"ကွေ့လည်း ကွေ့နိုင်သည်။ တစ်လမ်းမောင်းလမ်းတွင်မူ မျဉ်းပြတ်ကိုဖြတ်၍ယာဉ်ကြောကူးပြောင်းနိုင်သည်။

(ခ) အန္တရာယ်ကင်းရှင်းလျှင် မျဉ်းပြတ်ကိုဖြတ်၍ရှေ့ယာဉ်ကိုကျော်တက်နိုင်သည်။

(ဂ) မျဉ်းပြတ်များကို ခွ၍မမောင်းရ။

(ဃ) မျဉ်းပြတ်များကိုခွ၍ လမ်းမလျှောက်ရ၊ ရပ်မနေရ၊ စက်ဘီးမစီးရ။

(က) ဤမျဉ်းကို ဖြတ်ကျော်၍မကွေ့ရ၊ "ဂ"ကွေ့မကွေ့ရ၊ ယာဉ်ကြောလည်းမကူးပြောင်းရ။

(ခ) ဤမျဉ်းကိုဖြတ်၍ ရှေ့ယာဉ်ကိုကျော်မတက်ရ။

(ဂ) ဤမျဉ်းကိုခွ၍ မမောင်းရ။

(ဃ) ဤမျဉ်းပေါ်တွင် လမ်းမလျှောက်ရ၊ ရပ်မနေရ၊ စက်ဘီးမစီးရ။

(က) မျဉ်းပြိုင်နှစ်ခုကို လုံးဝဖြတ်မကျော်ရ၊"ဂ"မကွေ့မကွေ့ရ၊ ခွမမောင်းရ။

(ခ) မျဉ်းပြိုင်နှစ်ကြောင်းနေရာတွင် ရှေ့မှယာဉ်ကိုလုံးဝကျော်မတက်ရ။

(ဂ) မျဉ်းပြိုင်နှစ်ကြောင်းနေရာတွင် ယာဉ်ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ။

(ဃ) မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင် လမ်းမလျှောက်ရ၊ ရပ်မနေရ၊ စက်ဘီးမစီးရ။

အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို တစ်ဆက်တည်းမျဉ်းနှင့် မျဉ်းပြတ်များဖြင့်ဆွဲထားခြင်း

(က) မျဉ်းပြတ်ရှိသောယာဉ်ကြောများဘက်မှ ယာဉ်သည် မျက်နှာချင်းဆိုင်လာသောဘက်မှ ယာဉ်အန္တရာယ်ကင်းရှင်းလျှင် အလယ်မျဉ်းပြိုင်နှစ်ကြောင်းကိုဖြတ်ကျော်၍ ကွေ့နိုင်သည်။ သို့ရာတွင် "ဂ"ကွေ့မကွေ့ရပါ။

(ခ) မျဉ်းပြတ်ရှိသောယာဉ်ကြောများဘက်မှ ယာဉ်သည် အလယ်မျဉ်းနှစ်ကြောင်းကို ဖြတ်၍ရှေ့ယာဉ်ကိုကျော်မတက်ရ၊ ခွမမောင်းရ။

(ဂ) တစ်ဆက်တည်းမျဉ်းရှိသော ယာဉ်ကြောများဘက်မှယာဉ်သည် တစ်ဆက်တည်းမျဉ်းကို လုံးဝ ဖြတ်မကျော်ရ၊

(ဃ) မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင် လမ်းမလျှောက်ရ၊ ရပ်မနေရ၊ စက်ဘီးမစီးရ။

ယာဉ်ကြောများကို သတ်မှတ်သည့်အလျားလိုက်မျဉ်းဖြူအမှတ်အသားများ

(က) မျဉ်းပြတ်များဖြင့် ခွဲခြားထားသောယာဉ်ကြောများတွင် ယာဉ်များသည်ယာဉ်ကြောတစ်ခုမှတစ်ခုသို့ ကူးပြောင်းနိုင်သည်။ ယာဉ်ကြောကူးပြောင်းရာတွင် အလိုက်သင့်အလျားသင့်တစ်ခုပြီးတစ်ခုကူးပြောင်းရမည်။ နောက်မှလိုက်လာသောယာဉ်ကိုအနှောက်အယှက်မဖြစ်စေရ၊ လမ်းဆုံလမ်းခွမရောက်မီတစ်ဆက်တည်းမျဉ်းနေရာတွင် ယာဉ်ကြောလုံးဝမကူးပြောင်းရပါ။

(ခ) မျဉ်းပြတ်နေရာတွင် ရှေ့ယာဉ်ကိုကျော်တက်နိုင်သည်။ တစ်ဆက်တည်းမျဉ်းနေရာတွင်မူ ကျော်မတက်ရပါ။

မှတ်ချက်။ ။မျဉ်းဝါဖြင့် သတ်မှတ်ထားသောယာဉ်ကြောသည်ဘတ်စ်ကားများအတွက်သာဖြစ်သည်။

(က) သာမန်အားဖြင့်လက်ယာဘက်ယာဉ်ကြောတွင်မောင်းနှင်ရပါမည်။ လက်ဝဲဘက်သို့ကွေ့လိုလျှင် မျဉ်းပြတ်နေရာများတွင်လက်ဝဲယာဉ်ကြောသို့ ကူးပြောင်းပြီးကွေ့ရမည်။

(ခ) ရှေ့ယာဉ်ကိုကျော်တက်လိုလျှင် မျဉ်းပြိုင်နေရာများတွင်သာကျော်တက်ရမည်။

(ဂ) အလယ်မျဉ်းပြတ်ရှိသော နေရာများတွင်သာ "ဂ"ကွေ့ကွေ့နိုင်သည်။

က.ည.န

Nanyeng International College ၏ပထမအကြိမ် ဒီပလိုမာအောင်လက်မှတ် ပေးအပ်ပွဲကျင်းပ

Nanyeng International College မှ Diploma In Human Resource Management နှင့် Diploma In Marketing ကျောင်းသူကျောင်းသားများအား Diploma ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို မေလ ၂၀ရက်၊ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ Rose Garden Hotel တွင်ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် Nanyeng International College (NIC) ၏ ဂုဏ်ထူးဆောင် နာယက Professor Dr. Daw Hla Myint မှ အမှာစကားပြောကြားပါသည်။ ယင်းနောက် Nanyeng International College (NIC) ၏ ကျောင်းအုပ်ကြီး Dr. Win Min Thein မှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် ကျောင်းအုပ်ကြီး Dr. Win Min Thein နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူ (၇၀)ဦးတို့အား Diploma အောင်လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် အမှတ် (၁၀၀)အပြည့်ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူလေးဦးအား ထူးချွန်ဆုများကို Professor Dr. Daw Hla Myint မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ကျောင်းသားကျောင်းသူများအား Diploma အောင်လက်မှတ်ပေးအပ်ခြင်းနှင့်ပတ်သက်၍ Nanyeng International College (NIC) ၏ ကျောင်းအုပ်ကြီး Dr. Win Min Thein မှ ရှင်းလင်းပြောကြားရာတွင် "ဒီနေ့ဟာဆိုလို့ရှိရင် Nanyeng International College (NIC) ရဲ့ Diploma In Human Resource Management ၊ Diploma In Marketing အစရှိတဲ့ ဒီပလိုမာပြီးမြောက်တဲ့သင်တန်းသား၊ သင်တန်းသူများကို ဒီပလိုမာပေးအပ်ခြင်းဖြစ်ပါတယ်။ HR ကို စိတ်ဝင်စားကြတဲ့သူတွေကလည်း Diploma In Human Resource Management ကို တက်ရောက်ခဲ့ကြသလို Marketing ကိုစိတ်ဝင်စားတဲ့သူတွေကလည်း Diploma In Marketing တက်ရောက်ခဲ့ကြပါတယ်။ ဒီလို ကျွန်တော်တို့ရဲ့ NIC ကို တက်ရောက်ကြတဲ့သူတွေက အများအားဖြင့် အလုပ်တစ်ဖက်နဲ့တက်ရောက်ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုတက်ရောက်ကြတဲ့သူတွေကို ဒီပလိုမာပေးတဲ့နေရာမှာ ထူးချွန်စွာနဲ့ အမှတ် ၁၀၀ ရရှိတဲ့ကျောင်းသား၊ ကျောင်းသူလေးဦးလည်းပါပါတယ်"ဟု Nanyeng International College ၏ Principal Dr. Win Min Thein က ပြောကြားပါသည်။

၎င်းကောလိပ်မှ ဒီပလိုမာရရှိသည့် မငုခတ္တာကျော်က အဆိုပါကောလိပ်သို့ တက်ရောက်ဖြစ်ခဲ့ပုံနှင့် ပတ်သက်၍ "ညီမက Marketing ဒီပလိုမာသင်တန်းတက်ခဲ့တယ်။ အဓိကကတော့ ညီမတို့လုပ်ငန်းခွင်အတွက် ဒီလိုတက်တာက ၁၀၀ရာခိုင်နှုန်းမှန်ပါတယ်။ အပြင်မှာလည်း လုပ်သက်ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် ဒီလိုဒီပလိုမာ ရတော့ ရာထူးတိုးဖို့လည်း အဆင်ပြေမှာဖြစ်ပါတယ်"ဟုဆိုသည်။

အဆိုပါ Nanyeng International College ကို ၂၀၁၂ ခုနှစ်မှာ Yangon City Training Center (YCTC) အမည်နဲ့စတင်တည်ထောင်ခဲ့တာဖြစ်ပြီး၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများဖြစ်တဲ့ MBA (Master of Business Adminstration) သင်တန်း၊ (IQN) Diploma သင်တန်းများ၊ Certificate သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ယနေ့အထိ ကျောင်းသားပေါင်း (၆၀၀၀)ကျော် မွေးထုတ်ပေးခဲ့ပြီး၊ စီးပွားရေးနယ်ပယ်များမှာ အောင်မြင်မှုအသီးသီးရရှိနေကြပြီဖြစ်ပါသည်။ ၂၀၁၇ အောက်တိုဘာလမှစပြီး Nanyeng International College အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ယခုလက်ရှိမှာတော့ Murdoch University, Australia မှ Executive Master in Leadership Strategy and Innovation, IQN Diploma သင်တန်းများဖြစ်တဲ့ Diploma in HRM, Diploma in Marketing, Diploma in Business English, Certified Strategic Manager သင်တန်းများ၊ Certificate သင်တန်းများဖြစ်တဲ့ Certificate in Leadership and Organizational Development, Certificate in Human Resource Managemnet, Professional Certificate in Marketing Management သင်တန်းများဖွင့်လှစ်သင်ကြားလျက်ရှိပါ သည်။

ထို့နောက် Diploma ရကျောင်းသားကျောင်းသူများကိုယ်စားအမှတ် (၁၀၀)ရရှိသော ကျောင်းသား ကိုညီညီထွန်းနှင့် ကျောင်းသူ မစိုးရတနာတို့မှ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြသည်။ ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးပြီး အခမ်းအနားကိုအောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

တင်မောင် -ပို့/ဆက်
အိမ်စည်၊ ပိုးဟေမာ

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ် TRANSCOM NEWS JOURNAL

စီမံခန့်ခွဲရေးအရာရှိ
ဦးနီအောင်

စာတည်းမှူးချုပ်
မောင်ကြင်နာ

အုပ်ချုပ်ရေးအရာရှိ
ထိန်လင်း

မျက်နှာဖုံးဒီဇိုင်း
ဝင်းထိုက်

စာမျက်နှာဒီဇိုင်း
နေလင်း
မြတ်ထူးဇော်
ဇင်ဘိုထွန်း

ကွန်ပျူတာ
နိုင်ယုသွယ်
မင်းခန့်ဇော်
အောင်ကောင်းဆက်
မေသဥ္ဇာငွေ

လက်ထောက်စာတည်း
တင်မောင်

သတင်းထောက်ချုပ်
ကျော်ကျော်လှိုင်

သတင်း (ရထား)
အောင်ဆန်းဦး

သတင်း (ဆက်သွယ်ရေး)
လှမျိုး

ငွေစာရင်းအရာရှိ
ကျော်သူရ

ကာတွန်းသရုပ်ဖော်
မောင်တင်ယု

သတင်းထောက်
အိမ်စည်
သဇင်ဖူး
ပိုးဟေမာ

ထုတ်ဝေသူ
ကျော်မြင့်
၀၀၄၉၆

ပုံနှိပ်
မင်းပြည့်စုံ
၀၀၁၀၃

ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာ များအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

တိုက်တည်နေရာ-၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်) ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၈၆၁၀၁၉၂၊ စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃၊
email- thetransportnews@gmail.com

ကြော်ငြာများထည့်သွင်းလိုပါက- ဖုန်း၊ ၀၁-၈၆၁၀၁၉၁၊ ၀၉-၄၂၁၀၁၃၆၆၇

"မိုးကြိုကာလရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေးပွဲ" ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်းပြေးဆွဲနေသော ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် "မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေးပွဲ"အခမ်းအနားကို မေလ (၂၄) ရက်၊ နံနက် (၁၀း၀၀)နာရီတွင် ထားဝယ်မြို့၊ ဆိပ်ကမ်းသာလမ်းရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးခန်းမတွင် ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးကျော်သူဝင်းမှ "မိုးကြိုကာလရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေးပွဲ"ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ မိုးကြိုကာလအန္တရာယ်ကင်းရှင်းစေရေး ရေကြောင်းဘက်ဆိုင်ရာသတိပေးညွှန်ကြားချက်များ၊ ရေကြောင်းအန္တရာယ်ကင်းရှင်းရေးလိုက်နာရမည့် အချက်အလက်များ၊ ခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစေရန် လိုက်နာရမည့်အချက်အလက်များနှင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေပါ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒေါ်ဝင်းစန္ဒာကြည်မှ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံတွင် ဒေသအလိုက်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များ၊ မြန်မာနိုင်ငံတွင် သဘာဝဘေးစီမံခန့်ခွဲမှုအတွက် ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများ၊ သဘာဝဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက်တည်မြဲအမိန့်ပါရေကြောင်းကဏ္ဍဆိုင်ရာ ဆောင်ရွက်ရန်အချက်များကို ဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ထားဝယ်ခရိုင်မှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ဦးရန်နိုင်မောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ရေယာဉ်ပိုင်ရှင်များ၊ ပွဲ့နင်း၊ စက်ဆရာများ၊ ရေယာဉ်ကိုယ်စားလှယ်များ၊ ရေယာဉ်ဝန်ထမ်းများ၊ စုစုပေါင်း (၇၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ တင်မောင်–ပို့/ဆက်

အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးများတွင် နိုင်ငံတကာအသိအမှတ်ပြု အဆင့်မြင့် X-Ray နည်းပညာစတင်အသုံးပြုနိုင်

Certified X-ray Machine Screener CBT Course (2016 to 2017) သင်တန်းဆင်းပွဲအခမ်းအနားကို မေလ (၁၀)ရက်နေ့ နံနက်ပိုင်းတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပညာသိပ္ပံ၊ သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ်၊ ဦးမင်းလွင်မှ တက်ရောက်သင်တန်းဆင်းအမှာစကားပြောကြားပါသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်မှ သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ဒီနေ့ဟာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် SGS (Switzerland) တို့ပူးပေါင်းပြီး Certified X-ray Machine Screener CBT Course 2016 2017 သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားဖြစ်ပြီး မြန်မာနိုင်ငံမှာ ပထမဆုံးအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့် သင်တန်းလဲဖြစ်ပြီး သင်တန်းရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် တာဝန်ထမ်းဆောင်နေတဲ့ X-ray Operator များကိုကျွမ်းကျင်မှုနှင့် အရည်အသွေးပြည့်ဝတဲ့ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ Certified Screener များအဖြစ် သင်ကြားမွေးထုတ်ပေးနိုင်ရန်ဖြစ်ပါတယ်။

ယနေ့အချိန်အခါတွင် ကမ္ဘာနိုင်ငံအသီးသီးရှိ လေဆိပ်များ၌ ပုံစံအမျိုးမျိုးဖြင့် အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်မှုများ၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ လက်နက်များ၊ လေယာဉ်ပေါ်တွင် သယ်ဆောင်လာနိုင်သော ကန့်သတ်တားမြစ်ထားသော ပစ္စည်းများနှင့်ပတ်သက်ပြီး စက္ကန့်အနည်းငယ်အတွင်း မှန်ကန်မြန်ဆန်စွာဖြင့် ပုံရိပ်ခွဲခြားနိုင်စွမ်းနှင့် ဆုံးဖြတ်နိုင်စွမ်းကို International အဖွဲ့အစည်းဖြစ်သော ICAO ၏ Annex 17 Standards များ၊ မိမိနိုင်ငံ၏ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးအစီအစဉ် (၃)ရပ်နှင့် အညီလုပ်ဆောင်နိုင်ရန် ယခုသင်တန်းအား ရည်ရွယ်ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါ အရည်အချင်းများရရှိနိုင်ရန် Computer Base Training (CBT) အား SGS Screener Simulator Software အသုံးပြုပြီး X-ray machine သုံးစွဲ သောလေဆိပ်များမှ X-ray Operator များအား ကျွမ်းကျင်မှုနှင့် အရည်အသွေးပြည့်ဝသူများဖြစ်လာစေရန် ရည်ရွယ်ပြီး ယခုလိုသင်တန်းများအားစဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။

သင်တန်းဖွင့်လှစ်ပို့ချမှု အစီအစဉ်အနေဖြင့်လည်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အသီးသီးမှ ကြိုတင်အရည်အချင်းဆန်းစစ်မှုရလဒ်အကောင်းဆုံးဝန်ထမ်း (၂၀)ဦးကို တစ်ကြိမ်လျှင် (၁၀) ဦးနှုန်းဖြင့် သင်တန်း (၂)ကြိမ်အား နိုင်ငံခြားသားနည်းပြဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး၊ ထိုသင်တန်းသား (၂၀)ဦးထဲမှ ရမှတ်အကောင်းဆုံး (၃)ဦးအား Instructor အနေဖြင့်လည်းကောင်း၊ ဒုတိယရမှတ်အကောင်းဆုံး (၄)ဦးအား Assistance Instructor အဖြစ် နိုင်ငံခြားနည်းပြဖြစ်သည့် Mr. Trevor Handen မှ ရွေးချယ်ကာ Train The Trainer အဖြစ် သင်တန်းတက်ရောက်စေပြီး ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချနိုင်ရေး ဆောင်ရွက်လျက်ရှိတယ်။

ထို့ပြင် နည်းပြများထဲမှ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းလုံခြုံစစ်ဆေးရေးဌာနခွဲမှ နည်းပြဦးစီးပြီး သင်တန်းများဆက်လက်ပို့ချခဲ့ရာ သင်တန်းသားများအဖြစ် DCA မှ (၃)ဦး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ (၁၆၄)ဦး၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ (၅၀)ဦး၊ MCS မှ (၃)ဦး စုစုပေါင်း သင်တန်းသား (၂၂၀)ဦးအား သင်တန်းပို့ချပေးနိုင်ခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတစ်ခုချင်း၏ နောက်ဆုံးနေ့တွင် ICAO Standard Examination များအတိုင်း Level (၆)ခုဖြစ်သော–

(1) Test Mixed threat 1 တွင် (Explosive Devices, Prohibited Items, Explosive, Grenades, Firearms, Knives, Dangerous Goods)

(2) Test Mixed threat 2 တွင် (Work Tools, Knives, Firearms)

(3) Test 1 တွင် (Explosive Devices, Explosive, Firearms)

(4) Test 2 တွင် (Firearms, Restriced Articles)

(5) Test 6 တွင် (Explosive, Ammunition)

(6) Mixed threat test 4 (Explosive devices, Restriced Articles, Dangerous Goods, Explosive, Grenades, Knives, Firearms)

တို့အား Computer Base Test Online System ဖြင့် စာမေးပွဲများလည်း ဖြေဆိုခဲ့ပြီးဖြစ်သည့်အတွက်ကြောင့် ယနေ့အခမ်းအနားဟာ သင်တန်းတက်ရောက်ပြီးကြောင်း အသိအမှတ်ပြုလက်မှတ်များအား ပေးအပ်သွားမှာဖြစ်တဲ့အပြင် ဆက်လက်ပြီး NCASP ပါ အရနစ်စဉ် Recurrent (or) Recertification သင်ခန်းစာများကို Online ဖြင့်ဖြေဆိုသွားရမှာဖြစ်ပါတယ်။ နောက်ဆုံးမှာကြားချင်တာကတော့ ယခုလို နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိနိုင်မည့်သင်တန်းသို့ တက်ရောက်ကြမည့်သင်တန်းသားများအနေဖြင့် ယခင်ကမရနိုင်ခဲ့တဲ့ အခွင့်အလမ်းကောင်းတစ်ရပ်ရရှိစေမှာဖြစ်ပြီး၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် မိမိအသက်မွေးဝမ်းကြောင်းလုပ်ငန်းအား အဆင့်အတန်းမြင့်စွာထမ်းဆောင်နိုင်မှာဖြစ်သလို နိုင်ငံတော်ရဲ့အဓိကဝင်ပေါက်ထွက်ပေါက်များ၏ လုံခြုံရေးအတွက် ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် နိုင်ငံ့သားကောင်းများအဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးကြပါလို့ တိုက်တွန်းပြောကြားခဲ့သည်။

ဦးရဲထွဋ်အောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

၎င်းနောက် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကျောင်းအုပ်ကြီးတို့မှ သင်တန်းဆင်းအောင်လက်မှတ်များအား အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲအပြီးတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်မှ

မေး။ X–ray Operator သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား သိပါရစေဆရာ။

ဖြေ။ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက် နိုင်ငံတကာရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အသုံးပြုလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် X-ray Machine များကိုကိုင်တွယ်အသုံးပြုရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် X-ray Operator များကို အရည်အသွေးပြည့်မီတဲ့နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ Certificated Screener များ သင်ကြားမွေးထုတ်ပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

မေး။ ကန့်သတ်တားမြစ်ကုန်ပစ္စည်းနှင့် မြို့ပြလုံခြုံရေးအစီအစဉ်အား ပြောကြားပေးပါ။

ဖြေ။ ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိလေဆိပ်များ၌၊ ပုံစံအမျိုးမျိုးဖြင့်အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ခြင်း၊ ပေါက်ကွဲစေတတ်သောပစ္စည်းများအပြင် အခြားအန္တရာယ်ရှိ ကိရိယာလက်နက်များ လေယာဉ်ပေါ်တွင် သယ်ဆောင်လာနိုင်သောကြောင့် အမျိုးသားလုံခြုံရေးအတွက် ကန့်သတ်ထားသောပစ္စည်းများနှင့်ပက်သတ်၍ စက္ကန့်ပိုင်းအတွင်း လျင်လျင်မြန်မြန်စစ်ဆေးနိုင်ရန်၊ ပုံရိပ်ခွဲခြားနိုင်မှုနှင့် ဆုံးဖြတ်နိုင်စွမ်းကို နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် ICAO ၏ Annex 17 စကန်များ၊ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးအစီအစဉ် ၃ရပ်နှင့်အညီ လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

မေး။ သင်တန်းသားရွေးချယ်စိစစ်မှု အပိုင်းကိုပြောကြားပေးပါ။

ဖြေ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အသီးသီးမှ ကြိုတင်အရည်အချင်းစစ်ဆေးမှုရလဒ်အကောင်းဆုံးဝန်ထမ်း (၂၀)ဦးကို တစ်ကြိမ်လျှင် ၁၀ဦးနှုန်းဖြင့်သင်ကြားခြင်းဖြစ်သည်။ ထိုသင်တန်းသား ၂၀ ဦးထဲမှ ရမှတ်အကောင်းဆုံး ၃ဦးကို နည်းပြများအနေဖြင့်လည်းကောင်း၊ ဒုတိယရမှတ်အကောင်းဆုံး ၄ဦးကို လက်ထောက်နည်းပြများအဖြစ်၊ နိုင်ငံခြားနည်းပြဆရာများကတိုက်ရိုက်ရွေးချယ်ကာ လက်ဆင့်ကမ်းပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး Online စနစ်သုံး (CBT Course) Computer Base Traning သင်တန်း ၂၄ ကြိမ်မှ သင်တန်းသားပေါင်း ၂၄၀ ကိုမွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးများတွင် အရည်အသွေးပြည့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ X-ray Operator များဖြင့်တာဝန်ထမ်းဆောင်နိုင်ပြီဖြစ်သည်။

ဓာတ်ပုံ–တင်မောင် (ပို့/ဆက်)
အိမ်စည်၊ သဇင်

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန Linux Foundation Course သင်တန်းဖွင့်လှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန Website/WebPortal များ Application Server များကိုင်တွယ်အသုံးပြုနိုင်စေရန်နှင့် ဒေတာစင်တာ ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဌာနများမှ CIO ၊ Assistant CIO နှင့် ကွန်ပြူတာဌာနမှဝန်ထမ်းများအတွက်ဖွင့်လှစ်သည့် Linux Foundation Course သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၂၁ရက်နေ့က နေပြည်တော်ရုံးအမှတ် (၂)တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

Linux Foundation သင်တန်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း (၂၉)ခုမှ သင်တန်းသား ၄၀ဦးတို့ တက်ရောက်လျှက်ရှိကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် နည်းပညာတက္ကသိုလ်တောင်ငူမှ သုတနည်းပညာဘာသာရပ်၊ နောက်ဆုံးနှစ်ကျောင်းသား ၅ဦးလည်း Intership အနေဖြင့် တက်ရောက်ကြောင်းလည်းသိရသည်။

သင်တန်းကာလမှာ မေလ ၂၁ရက်မှ ဇွန်လ ၁ရက်နေ့အထိ ၁၀ရက်ကြာဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲသို့ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဌေးနှင့် ဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး၊ ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဌေးက သင်တန်းအဖွင့်အမှာစကားပြောကြားခဲ့သည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသင်တန်းကျောင်းသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအား e-Government နှင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

လှမျိုး ဆ.သ.ရ

မြန်မာအမျိုးသားလေကြောင်း၏ "Green Season Travel Fair 2018" လာပြီ

မြန်မာအမျိုးသားလေကြောင်း၏ "Green Travel Fair 2018" ကို ရန်ကုန်မြို့ Myanmar Plaza တွင် ဇွန်လ ၉ရက် မနက် (၁၀)နာရီမှ ည (၇)အထိ ရောင်းချပေးသွားမှာဖြစ်ပြီး အဆိုပါ Green Season Travel Fair 2018 တွင် မြန်မာအမျိုးသားလေကြောင်းပြည်တွင်း၊ ပြည်ပလက်မှတ်များအား ၂၀%လျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“၂၀ ရာခိုင်နှုန်းဆိုတာမှာ MNA ပျံသန်းနေတဲ့ခရီးစဉ်အားလုံးပါပါတယ်။ ဒီလိုပေးထားတဲ့နေရာမှာ MNA မှာ Class (၃)မျိုးရှိပါတယ်။ ဥပမာအနိမ့်ဆုံး Class က ကုန်သွားပြီဆိုရင် အလယ် Class က ၂၀ရာခိုင်နှုန်းရမယ်။ အလယ်ကကုန်သွားပြီဆိုရင် အထက် Class မှာ ၂၀ ရာခိုင်နှုန်းပေးသွားပါမယ်”ဟု မြန်မာအမျိုးသားလေကြောင်းမှ စီးပွားရေးအရာရှိချုပ် (CCO) ဦးနိုင်စောလွင်ကပြောသည်။

ထိုသို့ ၂၀%လျှော့ဈေးဖြင့် ရောင်းချပေးရာတွင် ဇွန်လ ၉ရက်နေ့ မြန်မာပလာဇာတွင် ပြုလုပ်သည့်ပွဲအတွင်းသာမက လေယာဉ်လက်မှတ်များကို MNA Counter များအပြင် Authorized Agent များဖြစ်သော Flymya, Oway, Columbus, Nice Fare, Sunfar, Nice Style, Seven Diamond, Croton နှင့် Maing Fong Travels and Tours များ၏ Counter များတွင်လည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Travel Fair သို့ လာရောက်ရန် အဆင်မပြေသူများ၊ မြန်မာနိုင်ငံအနှံ့အပြားနှင့် ပြည်ပတွင်ရှိသူများလည်း အဆင်ပြေစေရန် ခရီးသွားပြည်သူများအတွက် ဇွန် ၉ ရက် နေ့တွင် မြန်မာအမျိုးသားလေကြောင်း ရုံးခွဲ/ လေဆိပ်ကောင်တာများ၊ ပြည်ပ ရှိ MNA ၏ Hong Kong/ Singapore/ Bangkok/ China Authorized General Sales Agent များတွင် မြန်မာအမျိုးသားလေကြောင်း ပြည်တွင်း၊ ပြည်ပ လက်မှတ်များကို ၂၀%လျှော့ ဈေးဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

MNA မှ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဇွန် ၉ ရက်နေ့တွင် ခရီးသွားပြည်သူများ၏ အားပေးမှုအခြေအနေနှင့် ခရီးသည်များမှ ထပ်မံအားပေးဝယ်ယူကြရန် တောင်းဆိုလာပါက ဇွန် ၁၁ရက်နေ့နှင့် ၁၂ ရက်နေ့များတွင်လည်း မြန်မာအမျိုးသားလေကြောင်းရုံးခွဲများတွင် ၂၀% လျှော့ဈေးဖြင့် ဆက်လက်ဝယ်ယူနိုင်ရန် စီစဉ်ပေးရန်ရှိကြောင်း သိရသည်။

၎င်းအပြင် နောက်ထပ်အစီအစဉ်တစ်ခုကတော့ MNA ၏ Green Season post ကို "Like & Share (Publicနှင့်)ပြုလုပ်ပြီး Screenshot ရိုက်ထားတာကို Comment Box မှာချန်ခဲ့ပါက ၎င်းတို့အနက်မှ ကံထူးသူနှစ်ယောက်ကို ရွေးချယ်ပြီး Air Ticket မဲဖောက်၍ ကံထူးသူနှစ်ဦးကို ဇွန် ၅ရက်နေ့မှာ ကြေငြာပေးမည်ဖြစ်ပြီး ဇွန် ၉ရက်နေ့မှာ Air Ticket ပေးအပ်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသားလေကြောင်း၏ Green Season Travel Fair 2018 အတွင်းတွင် လက်မှတ်ဝယ်ယူသူများအနေဖြင့် လက်မှတ်ဝယ်ယူရာတွင် ငွေသား (သို့) ဘဏ်ကတ်များအသုံးပြု၍ မြန်မာကျပ်ငွေ (သို့)အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူနိုင်မှာဖြစ်ပါသည်။

ရန်ကုန်မြို့ Myanmar Plaza တွင် ဇွန်လ ၉ရက်၌ပြုလုပ်သည့် အခမ်းအနားတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ Lucky Draw အစီအစဉ်များစွာလည်း ပါဝင်မည်ဖြစ်သည်။

တင်မောင် (ပို့/ဆက်)၊ အိမ်စည်

Check in counter သို့ အချိန်မီလာစေချင်

လေကြောင်းလိုင်း၏ နိစ္စဓူဝ ကြုံတွေ့နေကြတဲ့ အဖြစ်လေးထဲက တစ်ခုပါ။

ခရီးသည် check in counter ပိတ်ပြီးမှရောက်လာသည့် ခရီးသည်အတွက် လေယာဉ်ခရီးစဉ်ဖြင့်မလိုက်ပါနိုင်ခြင်းအပေါ် အမြင်လွဲ၊ အထင်လွဲဖြစ်ရသည့် အခြေအနေတစ်ရပ်ပေါ် ထင်ဟပ်ပေါ်လွင်အောင် ရေးခြင်းဖြစ်ပါသည်။

ရှေးဦးစွာ ယခု post အား လွတ်လပ်စွာထောက်ရှုဝေဖန်နိုင်ပါသည်ဟု လွတ်လပ်ပေါ့ပါးစွာပြောချင်ပါသည်။

* Flight တစ်ခု Departure Time: 06:45 ဆိုပါစို့။ ကျွန်တော်တို့ Passenger Service Staff များသည် 05:15 ကတည်းကစတင်ကာခရီးသည်များ check in ပြုလုပ်နိုင်ရန် အသင့်ဝန်ဆောင်မှုပေးပါသည်။ တစ်နည်းပြောရရင် Departure Time = 06:45၊ Check in Time = 05:15 ပေါ့။ ကျွန်တော်တို့အနေဖြင့် Individual Check in, Group Check in, Meet and Assit Check in (for VIP, CIP, etc.,), Check in for Disable Passenger အစရှိသည့် Procedure များအား ကောင်တာဖွင့်သည်နှင့်တစ်ပြိုင်နက် ဝန်ဆောင်မှုအမျိုးမျိုးကို ခရီးသည်အသီးသီးအား ပေးစွမ်းကြရပါသည်။ ယင်း check in counter သည် Departure time ၏ မိနစ် ၃၀အလိုတွင် ပိတ်ပါသည်။ တစ်နည်းပြောရရင် Check in Opening Time = 05:15, Check in Closing Time = 06:15, Departure Time = 06:45 ပေါ့။ Check in Counter ပိတ်ပြီးသည်နှင့် တစ်ပြိုင်နက် Boarding Procedure စတင်ပါသည်။ ဒါက Normal Procedure ပါ။

** Normal မဟုတ်သည့် Destination Weather မကောင်းပါက လေယာဉ်ဆင်းသက်ရန် မဖြစ်နိုင်သည့် အခြေအနေတွင် ရာသီဥတုကောင်းမွန်လာမည့် အခြေအနေထိ စောင့်ဆိုင်းရပါသည်။ Weather Improve ဖြစ်ရန် မည်မျှစောင့်ဆိုင်းရမည်မည်မျှကြာမြင့်မည်ကို အတိအကျမပြောနိုင်ပါ။ ခန့်မှန်းခြေသာ ရပါသည်။ (ခရီးသည်များအနေဖြင့် ထွက်ခွာမည့်အချိန်ကို အတိအကျသိချင်ပါသည်။ ခရီးသည်များတွင်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေးအဝဝနှင့် သွားလာနေကြရသည်ကို ကိုယ်ချင်းစာပါသည်။) ထိုသို့သော အခြေအနေမျိုးတွင် Flight Departure Delay ဖြစ်တတ်ပါသည်။ ခရီးသည်များအနေဖြင့် ရာသီဥတုဆိုးရွားသည်ဟု ဆိုရာတွင် မြူများဆိုင်းနေခြင်း၊ မိုးသည်းထန်စွာရွာနေခြင်းလောက်သာ ယူဆတတ်ကြပါသည်။ တချို့သောကွင်းများတွင် လေယာဉ်ချဉ်းကပ်ရာလမ်းကြောင်းတွင် လေတိုက်နှုန်းပြင်းနေခြင်း၊ လေပွေများတိုက်ခတ်နေခြင်း၊ တချို့တောင်ပေါ်ဒေသများတွင် တောမီးများလောင်ကျွမ်းကာ မီးခိုးများထူထပ်သိပ်သည်းနေခြင်း စသည့်အကြောင်းအရာများလည်း ပါဝင်ပါသည်။

*** Normal နှင့် Normal မဟုတ်သည့်ကိစ္စအပြင် Exceptional တစ်ခုရှိပါသေးသည်။ ခြွင်းချက်ဟုပြောရမည်ပင်။ အဲ့ဒါကတော့ ခြွင်းချက်နှင့် Protocol အားပြိုင်ရသည့် အခြေအနေလည်း ဖြစ်ပါသည်။ ခရီးသည် Check in time မမီသည့်ကိစ္စဖြစ်ပါသည်။ တော်တော်များများရေးပါမည်။ ဘက်စုံထောင့်စုံမှ မြင်သာရန်နှင့် သိသာထင်ရှားနားလည်သဘောပေါက်စေရန် ရည်ရွယ်ပါသည်။ Departure Time 06:45 ဆိုပါစို့။ ထို Flight အတွက် Check in Opening Time 05:15 မှ စပါသည်။ Check in Counter Closing Time သည် 06:15 ဖြစ်ပါသည်။ ခရီးသည်များအတွက် Ready to Check in Process ဖြစ်ရန်အတွက် Report- ing Time 04:45 ဖြစ်ပါသည်။
(စကားလမ်းကြုံပါ)

Check in closing time ပြီးမှရောက်လာသည့် ခရီးသည်အတွက် ရှေ့ကရေးခဲ့သလို Destination Weather စောင့်ဆိုင်းရသည့်အခြေအနေဖြင့်ကြုံလျှင် နောက်ကျသည့်တိုင်အောင် မိမိတို့အနေဖြင့် Late Check in လက်ခံပြီး ဝန်ဆောင်မှုပေးပါသည်။ ၎င်းအခြေအနေအား ခြွင်းချက်ဖြစ်စဉ်ဟုခေါ်ပါသည်။ ထို့အပြင်ခရီးသည်သည် ၎င်း၏ ကိုယ်ပိုင်ဆန္ဒအလျောက်ခရီးစဉ်တွင် မလိုက်နိုင်ခြင်းများလည်းရှိပါသည်။ ပုံမှန် Procedure တွင်တော့ ထိုသို့လက်ခံရန် ကျွန်တော်တို့ Passenger Service Staff များအတွက် အချိန် ၁၅ မိနစ်ထက် ယူရပါသည်။ သို့ပါသောကြောင့် အဆိုပါ Flight သည် Right Time ထွက်ခွာနိုင်ရန်ခက်ခဲနိုင်ပြီး နောင့်နေးကြံ့ကြာမှုအတွက် လေယာဉ်ပေါ်ရှိအချိန်မီရောက်ရှိနေသော ကျန်ခရီးသည်များအတွက်လည်း ဖြေရှင်းပြရန်ခက်ခဲလှပါသည်။ အချိန်မှီ လာရောက်ကြသောခရီးသည်များ၏ Complain များလည်းရခဲ့ဖူးပါသည်။ ထိုအခြေအနေတွင် နောက်ကျသည့်ခရီးသည်များသည် အထက်ကပြောပြခဲ့သည့် ခြွင်းချက်ဆိုသည့် အခြေအနေမျိုးနှင့်နှိုင်းယှဉ်ကာ Complain လုပ်တတ်ကြပါသည်။ အချို့ခရီးသည်များသည် Captain နှင့်ပင် ၎င်းတို့ကိုယ်တိုင်တွေ့၍ Request လုပ်နိုင်ရန်စီစဉ်ခိုင်းပါသည်။ ၎င်းအပြင်ထွက်ခွာမည့်လေယာဉ်၏ ခရီးသည်၊ ကုန်၊ ဆီအစရှိသည်တို့အတွက် Weight & Balance နှင့် Passenger & Cargo Manifest များကို Flight Crew များအား Final Report ပြနိုင်ရန်လုပ်ဆောင်နေကြရပါသည်။ Counter ပိတ်လိုက်သည်နှင့် အလုပ်ပြီးသွားသည်မဟုတ်ပါ။ ထိုအချိန်သည် Departure Time နှင့်နီးကပ်နေပြီး လွန်စွာမှအလုပ်ရှုပ်သော Rush Minutes အချိန်ဖြစ်ပါသည်။ ထို့ကြောင့်လည်း Departure Time ၏ မိနစ် ၃၀အလို Check in counter ပိတ်ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့အနေဖြင့် နောက်ကျသည့်ခရီးသည်အား Foreigner / Local မခွဲခြားပဲ ဝန်ဆောင်မှုပေးချင်သော်လည်း မိမိတို့၏လက်ထဲတွင် Lack of time for departure on time ဖြစ်နေသည့်အတွက် မည်သို့မျှ ဝန်ဆောင်မှုမပေးနိုင်သည့်အခြေအနေပေါ် နားလည်ပေးစေချင်ပါသည်။

**** ကျွန်တော်အခုပြောခဲ့တဲ့ Check in Counter ပိတ်ချိန်သည် Departure Time ၏မိနစ် ၃၀အလိုတွင် ပိတ်ပါသည်ဟူသောအချက်သည် Airticket ၏ Terms and Conditions တွင်လည်း ဖော်ပြထားပါသည်။ Service နှင့် Protocol အားရောထွေးကာ မှားတတ်ကြပါသည်။

***** Service Provider အား Servant အသွင်မြင်တတ်ကြကာ Complain များရှိတတ်ကြပါသည်။ ကျွန်တော်တို့မြို့ပြရဲ့ ယာဉ်လမ်းကြောင်းပိတ်ကာ ကြန့်ကြာမှုများရှိတတ်ပါသဖြင့် သွားလာရာတွင်ယခင် ယခင်ကထက်စောကာ အချိန်ပေးသွားလာကြဖို့လည်း အထူးပင်မေတ္တာရပ်ခံအပ်ပါသည်။ ခရီးသည်များအားလည်း နားလည်ပါသည်။

Your Faithful
JOHN

မတူကွဲပြားသောမြို့နှစ်မြို့သို့ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ခရီးသွားခြင်း

"လှည်း ဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း"

"ရွှေလသာ ဝါဝါဝင်း ဘုရားရေချိုးဆင်း"

"ရွှေဆည်းလည်းသံ တညံညံ ပုဂံအိမ်ခြေပေါင်း"

"မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းတို့၏ Joint Operation Flight ခရီးစဉ်အမှတ် UB-5455, 7Y-131 ဖြင့် ပုဂံညောင်ဦး-မန္တလေးနှင့် ဟဲဟိုးမြို့များသို့လိုက်ပါကြမည့် ခရီးသည်များကို လေကြောင်းလိုင်းကိုယ်စား လေယာဉ်မှူးကြီးနှင့် အတူလေယာဉ်ဝန်ထမ်းများမှ လှိုက်လှဲစွာကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ယခုခရီးစဉ်သည် အမြင့်ပေ (၁၈၀၀၀) မှ ပျံသန်းချိန် (၁း၁၅)နာရီကြာပျံသန်းရမှာဖြစ်ပါတယ်။ မိုဘိုင်းဖုန်းနှင့် အခြားလျှပ်စစ်ပစ္စည်းများသည် လေယာဉ်ဆက်သွယ်ရေးစနစ်ကို အနှောက်အယှက်ဖြစ်စေသည့်အတွက် အသုံးမပြုကြပါရန်နှင့် ပိတ်ထားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ လေကြောင်းလိုင်းခရီးစဉ်တစ်လျှောက်လုံးတွင် ဆေးလိပ်သောက်သုံးခြင်းမှရှောင်ကျဉ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။ လေယာဉ်ခရီးစဉ်တစ်လျှောက်လုံး ခရီးသည်များအဆင်ပြေချောမွေ့စေရန် လေယာဉ်မောင်/မယ်များမှ ကူညီပေးရန်အသင့်ရှိနေပါကြောင်း ပြောကြားလိုပါတယ်. . . . . ."

ကျွန်တော်တို့သွားလိုသောခရီးမှာ မြန်မာနိုင်ငံ၊မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင်တည်ရှိသော ပုဂံမြို့ဟောင်းနှင့် ယဉ်ကျေးမှုနယ်မြေသို့ပင်ဖြစ်သည်။ ပုဂံယဉ်ကျေးမှုနယ်မြေမှ ခရီးဆက်လိုသောဒေသမှာ မန္တလေးမြို့၏ ကီလိုမီတာ (၂၀၀)ခန့်တွင်တည်ရှိသော ရှမ်းပြည်နယ်မြောက်ပိုင်း၏ အကြီးဆုံးမြို့လည်းဖြစ်သည့် လားရှိုးမြို့သို့ပင်ဖြစ်သည်။ ပထမဦးဆုံးသွားလိုသောဒေသ၏ လေဆိပ်ဖြစ်သော ညောင်ဦးလေဆိပ်သို့ နံနက် (၈း၃၀)နာရီအချိန်တွင် Myanmar Sky Alliances လေကြောင်းလိုင်းဖြင့် ရောက်ရှိခဲ့သည်။ ညောင်ဦးလေဆိပ်သည် ပုဂံမြို့၏ ရှေးဟောင်းနေရာများနှင့် ပတ်ဝန်းကျင်ဒေသများသို့ လေကြောင်းခရီးဖြင့် ဝင်ထွက်သွားလာနိုင်သည့် အဓိကလေဆိပ်လည်းဖြစ်သည်။ ပုဂံညောင်ဦးလေဆိပ်ဟုလည်း အမည်တွင်သည်။

ပုဂံဟုဆိုလိုက်သည်နှင့် ပုဂံဆိုသောအမည်နာမသည် မြန်မာအမည်မဟုတ်ပေ။ ပျူအမည်သာဖြစ်ပေသည်။ ပုဂံသည် မြန်မာနိုင်ငံ၏ ခြောက်သွေ့ဇုန်တွင်တည်ရှိပြီး မိုးရွာသွန်းမှုနည်းပါးသောကြောင့် လယ်ယာများအတွက် ဆည်မြောင်းများပေါ်သာမှီခိုရသည်။ ခရစ်နှစ် (၁၁)ရာစုတွင် ပုဂံရှိမြန်မာတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်နေပြီဖြစ်ပေသည်။ ဗုဒ္ဓကို ကိုးကွယ်သလို ဗောဓိသတ္တကိုးကွယ်သည်။ ခရစ်နှစ် (၁၁)ရာစုက ပုဂံရှိ မြန်မာတို့သည် ဗုဒ္ဓသာသနာကို မဟာယာနဂိုဏ်းနှင့် ဟိနာယာနဂိုဏ်း (၂)မျိုးလုံးကိုးကွယ်သည်။ ပုဂံခေတ်အစောပိုင်းနှင့် အလယ်ပိုင်းတို့တွင် လူအများစုက စာဖတ်တတ်ခြင်းမရှိသေး၍ ဇာတ်တော်များ၊ တရားတော်များကို ဂူဘုရားများ၏ နံရံတွင် ပန်းချီရေးဆွဲသရုပ်ဖော်ခဲ့ကြသည်။ ပိဋကတ်သုံးပုံမှာ ထီးလိုမင်းလက်ထက်ကုန်ခါနီးမှ သီဟိုဠ်မှရသည်ဟု ကျောက်စာတွင်ရေးထိုးခဲ့သည်မှ မှတ်သားရသည်။ ပုဂံခေတ်မှာ ခရစ်နှစ် (၉)ရာစုမှ (၁၃)ရာစုအထိ နှစ်ပေါင်း (၄၀၀)ကျော်ရှိခဲ့သည်။ ပုဂံခေတ်ဦးကို စာပေအထောက်အထားရှိချိန်မှစ၍ ခရစ် (၁၁)ရာစုအထိ၊ ခေတ်လယ်ကို ခရစ် (၁၂)ရာစုအထိ၊ ခေတ်နှောင်းကို ခရစ် (၁၃)ရာစုအထိဟု အကြမ်းဖျဉ်းမှတ်သားခဲ့ရသည်။ ပုဂံခေတ်က သာသနာသို့ မြေယာလှူခြင်းများပြုလေ့ရှိသည်။ ထိုမြေယာများသည် မင်းထံသို့ အခွန်အခပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။ ထိုသို့အလှူပြုရာတွင် ရှင်ဘုရင်ကိုယ်တိုင်ရေစက်ချရန် လာရောက်ချီးမြှင့်လေ့ရှိသည်။ "လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း" ဟူသော စာစုအရ သာသနာထွန်းကားရာ ပုဂံရှိမြို့တော်ကြီးတွင် စေတီအဆူပေါင်း (၄)သန်းကျော်ရှိခဲ့သည်ဟု မှတ်သားရသည်။ "ရွှေလသာ ဝါဝါဝင်း ဘုရားရေချိုးဆင်း" ဟူသော စာစုအရ ရာသီဥတုဒဏ်ကြောင့် ကာလကြာမြင့်သောအခါ အနီးရှိဧရာဝတီမြစ်အတွင်းသို့ စေတီအဆူပေါင်း (၄)သိန်းကျော်နစ်မြုပ်ပျက်စီးခဲ့ရသည်ဟု မှတ်သားခဲ့ရသည်။ "ရွှေဆည်းလည်းသံ တညံညံ ပုဂံအိမ်ခြေပေါင်း" ဟူသော စာစုအရ ပုဂံမြို့တော်တွင် တချိန်က အိမ်ခြေပေါင်း (၄)သန်းကျော်ရှိခဲ့သည်ဟု မှတ်သားခဲ့ရသည်။

ယနေ့ခေတ်ပုဂံ- တိုးတက်လာသောခေတ်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာခြင်းကြောင့် ဒေသအသီးသီးတွင်ရှိကြသော ဘုရားဖူးများမှ အလွယ်တကူလာရောက်ဖူးမျှော်နိုင်ကြသည်။ ပုဂံသို့ရောက်ရှိသည်နှင့် တခြားသောဒေသများနှင့်မတူ ထူးခြားသောစိတ်ခံစားမှုကို ခံစားရသည်။ ရှေးဟောင်းစေတီပုထိုးများ၊ အညာဒေသ၏ အလှအပနှင့်အတူ လွန်စွာမှပဏာရလှသည်။ မြန်မာနိုင်ငံသားများသာမက နိုင်ငံတကာ၏ စိတ်ဝင်စားမှုခံရသောခရီးသွားမြို့တစ်မြို့လည်းဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို တစ်စုတစ်စည်းတည်း ရှေးမူမပျက် တစ်နေရာတည်းမှာမြင်တွေ့နိုင်သည်။ စေတီပုထိုးများတွင် နံရံဆေးရေးပန်းချီများ ရှေးခေတ်ယဉ်ကျေးမှုအနုပညာလက်ရာများကို ယနေ့တိုင်မြင်တွေ့နိုင်သည်။ ပုဂံခေတ်က ဗုဒ္ဓဘာသာသည် နေလိုလလို ထွန်းတောက်ခဲ့သည်မှာ ယနေ့မြင်တွေ့နေရသော နံရံဆေးရေးပန်းချီများ အနုပညာလက်ရာများက သက်သေခံလျက်ရှိသည်။ ပုဂံမြို့သစ်တွင် ဟိုတယ်ဇုန်များသတ်မှတ်ခြင်း၊ နိုင်ငံခြားသားခရီးသွားများအတွက် ခရီးသွားလုပ်ငန်းများအဆင့်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ပုဂံသည် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများ၏ နှလုံးသားကို ညှို့ယူဖမ်းစားနိုင်ယုံသာမက ကမ္ဘာအရပ်ရပ်မှ အမျိုးစုံသောလူသားများ၏ စိတ်နှလုံးများကိုလည်း ယနေ့ထိ ညှို့ယူဖမ်းစားနိုင်ဆဲဖြစ်သည်။

ထိုသို့အစဉ်အလာကြီးမားသော ယဉ်ကျေးမှုနယ်မြေဖြစ်သည့်ပုဂံမြို့မှတစ်ဆင့် ရှမ်းပြည်နယ်မြောက်ပိုင်းအကြီးဆုံးမြို့ဖြစ်သည့် လားရှိုးမြို့သို့ မြန်မာအမျိုးသားလေကြောင်းကိုစီးနင်းပြီး ခရီးဆက်ခဲ့သည်။ ဟဲဟိုးမြို့မှ လားရှိုးမြို့သို့ ပျံသန်းရာတစ်လျှောက်လုံးတွင် ရှုမျှော်မဆုံးနိုင်သော ရှမ်းရိုးမတောင်တန်းကြီးနှင့်အတူ သံလွင်မြစ်ကြီးကိုပါမြင်တွေ့ရသည်။ လားရှိုးမြို့တွင် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်နှင့် လားရှိုးသူနာပြုကျောင်းတို့ရှိသည်။ လားရှိုးမြို့သည် မြန်မာနှင့်တရုတ်အကြား အရေးကြီးသော နယ်စပ်ကုန်သွယ်ရေးမြို့လည်းဖြစ်ခဲ့သည်။ လားရှိုးမြို့သည် မေလနှင့်အောက်တိုဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းတတ်သည်။ ဒီဇင်ဘာမှ မတ်လအတွင်း တစ်နှစ်ပတ်လုံးယေဘုယျအားဖြင့် ပူနွေးနေပါသည်။

လားရှိုးမြို့တွင် အများဆုံးမြင်တွေ့ရသော ကုန်ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံမှ တိုက်ရိုက်တင်သွင်းသော ကုန်ပစ္စည်းများဖြစ်သည်။ ဒေသအစားအစာအများစုသည် တရုတ်အစားအစာများ၏ အငွေ့အသက်များ ပါဝင်စီးမျောနေသည်။ ဒေသထွက်အသီးအနှံနှင့် အစားအစာများမှာလည်း လတ်ဆတ်သန့်ရှင်းလွန်းလှသည်။ အစားအစာများမှာလည်း ခရီးသွားပြည်သူများကို အားကောင်းကောင်းနှင့် ဆွဲဆောင်နိုင်သည်။ ကုန်စည်စီးဆင်းမှုအကောင်းဆုံးမြို့လို့လည်း သတ်မှတ်နိုင်သည်။ လူမျိုးပေါင်းစုံယှဉ်တွဲနေထိုင်လျက်ပြီး ဘာသာအလိုက်ကိုးကွယ်ရာ ဘာသာရေးအဆောက်အအုံများကိုလည်း ဟန်ချက်ညီညီ မြင်တွေ့နိုင်သည်။ မြို့ကြီးတစ်မြို့၏ အင်္ဂါရပ်နှင့်အညီ ပြည့်စုံသည်။

မတူကွဲပြားသော မြို့နှစ်မြို့ သွားရောက်ခဲ့သူအဖို့ မတူညီသော ခံစားမှုရသများနှင့်အတူ အတွေ့အကြုံသစ်များကိုလည်း ရရှိခံစားရသည်။ သွားရောက်ရာမြို့များဆီသို့လည်း အန္တရာယ်ကင်းကင်းဖြင့် ဘေးကင်းလုံခြုံစွာပေးပို့ခဲ့သော မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် Myanmar Sky Alliances တို့၏ ကောင်းမွန်လှသော ဝန်ဆောင်မှုကိုလည်း ရရှိခံစားခဲ့ရသည်။ ဆက်လက်သွားရောက်မည့်မြို့များဆီသို့လည်း မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် Myanmar Sky Alliances လေကြောင်းလိုင်းတို့ကို ရွေးချယ်စီးနင်းရန် အသင့်ဖြစ်နေပါသည်။

Transcom

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
၆ - ၆ - ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

ကြိုတင်သတိပေးချက်များအတွက် အရေးပါလာမည့် မိုးလေဝသ ရေဒါများ

ကျော်လွင်ဦး (မိုး/ဇလ)

မန္တလေး ရေဒါပုံ



ကျောက်ဖြူ ရေဒါပုံ

မန္တလေး ရေဒါပုံ



ရန်ကုန် ရေဒါပုံ

ရေဒါ (၃)လုံး ပုံရိပ်များ စုပေါင်းထားပုံ



နိဒါန်း

ရာသီဥတုပြောင်းလဲလာမှုရဲ့ အကျိုးဆက်တွေကြောင့် သဘာဝဘေးဖြစ်ပေါ်မှုတွေ ပိုများလာကြပါတယ်။ သဘာဝဘေးလျော့ပါးရေးအတွက် ထိရောက်တဲ့မိုးလေဝသဆိုင်ရာကြိုတင်သတိပေးချက်ထုတ်ပြန်မှုတွေကလည်း အရေးပါတဲ့ အခန်းကဏ္ဍမှပါဝင်လျက်ရှိပါတယ်။ မိုးလေဝသဆိုင်ရာကြိုတင်သတိပေးချက်များ ထုတ်ပြန်ဖို့လေ့လာစောင့်ကြည့်ရတဲ့ ကိရိယာများစွာရှိတဲ့အနက်မိုးလေဝသ ရေဒါတွေကလည်းအရေးကြီးတဲ့အတွက် မိုးလေဝသရေဒါတွေရဲ့ အကျိုးကျေးဇူးများကိုလေ့လာတင်ပြလိုက်ပါတယ်။

ဘင်္ဂလားပင်လယ်အော် မုန်တိုင်းများ မြန်မာ့ကမ်းရိုးတန်း သို့ ချဉ်းကပ်လာချိန်မှစလို့ ရေဒါမြင်ကွင်းမှာတွေ့ရှိနိုင်ပြီးမုန်တိုင်းရွေ့လျားမှု အခြေအနေကိုသိရှိနိုင်......
အားသာချက်က မုန်တိုင်းအရွယ်အစား၊ ရွေ့လျားမှု၊ မိုးရွာသွန်းနိုင်မှုတွေကို (၁၅)မိနစ်(၁) ကြိမ်လောက်စောင့်ကြည့်နိုင်တာဖြစ်ပြီး......
အားနည်းချက်ကတော့ ကီလိုမီတာ (၃၅၀) ထက်ကျော်တဲ့ မိုးလေဝသ အခြေအနေများကိုတော့မြင်နိုင်စွမ်းမရှိတာပါ......

မိုးလေဝသရေဒါများ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ၁၉၇၉ ခုနှစ်မှစတင်၍ ကျောက်ဖြူမိုးလေဝသရေဒါကို စတင်တည်ဆောက်အသုံးပြုနိုင်ခဲ့ပါတယ်။ နှစ်ကာလများကြာမြင့်လာတဲ့အခါ ပြုပြင်ထိန်းသိမ်းမှုနဲ့ အစားထိုးပစ္စည်းများအခက်အခဲများကြောင့် ကျောက်ဖြူရေဒါကို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အသုံးချနိုင်မှုမရှိတော့ဘဲ ၂၀၀၆ခုနှစ်၊ ဧပြီလကုန်က ရခိုင်ကမ်းရိုးတန်း၊ ဂွမြို့အနီးကဖြတ်ကျော်ခဲ့ မာလာမုန်တိုင်းကြီး၊ ၂၀၀၈ခုနှစ်၊ မေလ(၂)ရက်နေ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ဖြတ်ကျော်ဝင်ရောက်ခဲ့တဲ့ နာဂစ်မုန်တိုင်းကြီးနဲ့ ၂၀၁၀ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက်က ရခိုင်ကမ်းရိုးတန်း၊ ကျောက်ဖြူမြို့အနီးကဖြတ်ကျော်ခဲ့တဲ့ ဂီရိမုန်တိုင်းကြီးတို့မြန်မာမြေကို အဖျက်စွမ်းအားများနဲ့ ဝင်ရောက်လာချိန်တွေမှာ မိုးလေဝသရေဒါများနဲ့ လေ့လာစောင့်ကြည့်ခွင့်မကြုံခဲ့ပါဘူး။

မိုးလေဝသရေဒါများက မုန်တိုင်းနဲ့ မိုးတိမ်တိုက်များရဲ့ ဖြစ်ပေါ်ပြောင်းလဲမှုတွေကို လျှပ်စစ်သံလိုက်လှိုင်းနည်းပညာနဲ့အသုံးပြုပြီး ရေဒါပုံရိပ်များအဖြစ်ပုံဖော်ရရှိပြီး မိုးတိမ်တိုက်ရဲ့ အထက်/အောက် အထူ/အပါး၊ မိုးရွာသွန်းနိုင်မှု၊ ဦးတည် ရွေ့လျားမှု၊ အင်အား အတိုး/အလျော့ တိုက်လေအခြေအနေနဲ့ လေတိုက်နှုန်းတို့ကို ရေဒါစခန်းမှ (၄၅၀)ကီလိုမီတာ ပတ်လည်ကို(၁၅)မိနစ်(၁)ကြိမ် ဖမ်းယူရရှိနိုင်ပါတယ်။ ဒီလိုစွမ်းဆောင်နိုင်မှုရှိတဲ့ မိုးလေဝသရေဒါများကို စတင်တပ်ဆင်နိုင်ဖို့အခွင့်အရေးကိုတော့ ၂၀၀၉ခုနှစ်၊ ဆောင်းရာသီကာလမှာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့ ဂျပန်မိုးလေဝသပညာရှင် Mr.Kunio Akatsu ဦးဆောင်တဲ့ လေ့လာရေးအဖွဲ့ရဲ့ နေပြည်တော်မိုးဇလကိုလာရောက်လေ့လာခဲ့တဲ့ ခရီးစဉ်ကအစပြုခဲ့တယ်လို့ဆိုရမှာဖြစ်ပါတယ်။ အဲ့ဒီနောက်မှာတော့ Grant Aid Project for Establishment of Disastrous Weather Monitoring System ဆိုပြီးမိုးလေဝသရေဒါ(၃)လုံးနဲ့ အလိုအလျောက်မိုးလေဝသတိုင်းတာတဲ့ ကိရိယာအစုံ(၃၀) တပ်ဆင်မယ့် စီမံချက်တစ်ခုစတင်ဖြစ်ခဲ့ပါတော့တယ်။

ပထမရေဒါကိုတော့ ကျောက်ဖြူမြို့ရဲ့တောင်ဖက်မင်းပြင်ကျေးရွာအနီးမှာ တပ်ဆင်ခဲ့ပြီး ၂၀၁၅ခုနှစ်၊အောက်တိုဘာလအတွင်းက စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒုတိယရေဒါကတော့ရန်ကုန်မြို့၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရုံးဝင်းအတွင်းမှာတပ်ဆင်ထားပြီး ၂၀၁၆ ခုနှစ်အောက်တိုဘာမှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တတိယမြောက်ရေဒါကတော့ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ကြေးနီကန်ရွာအနီးမှာ တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၁၈ခုနှစ်၊ ဖွန်လ(၈)ရက်နေ့မှာ လွှဲပြောင်းပွဲအခမ်းအနားကျင်းပသွားတော့မှာဖြစ်ပါတယ်။

မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးချက်များ

မြန်မာ့မိုးလေဝသအခြေအနေများမှာ မတ်လ၊ ဧပြီလ၊ မေလတွေမှာဖြစ်ပေါ်တတ်တဲ့ မိုးတိမ်တောင်များကြောင့်မိုးထစ်ချုန်းတာ၊ မိုးကြိုးပစ်တာ၊ လေပြင်းတိုက်ခတ်တဲ့ အခြေအနေတွေနေရာအနှံ့ဖြစ်ပေါ်တတ်ပြီး ပျက်စီးဆုံးရှုံးမှုများပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်အခါမဟုတ်မိုးရွာနိုင်မည့်သတိပေးချက်၊ မိုးကြီးမည့် သတိပေးချက်များထုတ်ပြန်ပေးပါတယ်။ ဧပြီလ၊ မေလ၊ အောက်တိုဘာ၊ နိုဝင်ဘာလတွေကမုန်တိုင်းဖြစ်ပေါ်တတ်တဲ့ ရာသီဖြစ်လို့ ကမ္ဘာလုံးဆိုင်ရာမိုးလေဝသ ခန့်မှန်းရေးမော်ဒယ်များ၊ မိုးဇလ WRF Model၊ (၁၀)မိနစ်(၁)ကြိမ် ရရှိနေတဲ့ဂျပန်မိုးလေဝသဂြိုလ်တု Himawari-8 တိမ်ပုံများ၊ မြေပြင် မိုးလေဝသတိုင်းထွာချက်များ၊ အထက်လေကြောင်းပြ မြေပုံများနဲ့ လာမယ့် (၃)ရက်မှ(၅)ရက်၊ (၇)ရက်၊ (၁၄)ရက်အထိခန့်မှန်းချက်အမျိုးမျိုးရရှိနေပါတယ်။ ရရှိလာတဲ့ ခန့်မှန်းချက်တွေကို နေ့စဉ်မွန်းတည့်(၁၂)နာရီ မိုးလေဝသခန့်မှန်းချက်၊ မွန်းလွဲ(၂)နာရီ အချိန်ခန့်မှန်းချက်၊ ညနေ(၄)နာရီခန့်မှန်းချက်နဲ့ ည(၇)နာရီ ခန့်မှန်းချက်များပုံမှန်ထုတ်ပြန်ပေးလျက်ရှိပြီး ထူးခြားမိုးလေဝသအခြေအနေများဖြစ်ပေါ်နိုင်မှု၊ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်မှုနဲ့ လေကြောင်းမိုးလေဝသသတိပေးချက်၊ အခြေအနေများကိုလည်း ထုတ်ပြန်ပေးလျက်ရှိပါတယ်။

မုန်တိုင်း သတင်း၊ သတိပေးချက်ထုတ်ပြန်မှု အပိုင်းမှာလည်း Himawari-8 တိမ်ပုံများနဲ့ ရေဒါပုံရိပ်များအသုံးပြုပြီး ထုတ်ပြန်ပေးနိုင်ပြီဖြစ်ပါတယ်။ အထူးသဖြင့် ဘင်္ဂလားပင်လယ်အော် မုန်တိုင်းများ မြန်မာ့ကမ်းရိုးတန်းသို့ ချဉ်းကပ်လာချိန်မှစလို့ ရေဒါမြင်ကွင်းမှာတွေ့ရှိနိုင်ပြီးမုန်တိုင်းရွေ့လျားမှု အခြေအနေကိုသိရှိနိုင်ပါတယ်။ ရေဒါတွေရဲ့ အားသာချက်က မုန်တိုင်းအရွယ်အစား၊ ရွေ့လျားမှု၊ မိုးရွာသွန်းနိုင်မှုတွေကို (၁၅)မိနစ်(၁)ကြိမ်လောက် စောင့်ကြည့်နိုင်တာဖြစ်ပြီး မုန်တိုင်းကုန်းတွင်းရောက်တဲ့အခါမှာလည်း အားလျော့သွားခြင်းရှိ မရှိ၊ မိုးသည်းထန်နိုင်မှုအခြေအနေများကို သိရှိနိုင်ပါတယ်။ အားနည်းချက်ကတော့ ကီလိုမီတာ(၃၅၀) ထက်ကျော်တဲ့မိုးလေဝသ အခြေအနေများကိုတော့မြင်နိုင်စွမ်းမရှိတာပါ။ Himawari-8 တိမ်ပုံများကတော့အမြင့်ကီလိုမီတာ(၃)သောင်းခြောက်ထောင်က အနီအောင်ရောင်ခြည်နဲ့ ရိုက်ထားတဲ့ ပုံရိပ်ကိုဘင်္ဂလားပင်လယ်အော်၊ မြန်မာနိုင်ငံနှင့် အနီးပတ်ဝန်းကျင်ဒေသများရဲ့ တိမ်ဖြစ်ထွန်းမှု၊ တိမ်ရွေ့လျားမှု၊ မိုးတိမ်တောင်များဖြစ်ပေါ်နေမှု၊ မြူထူဆိုင်းမှု၊ အထက်လေစီးကြောင်းများ ရွေ့လျားမှုတို့ကိုပုံဖော်ကြည့်ရှုနိုင်ပါတယ်။ ဆိုးရွားတဲ့မိုးလေဝသအခြေအနေများအတွက် သတ်မှတ်ထားတဲ့နည်းလမ်းများအတိုင်း ရှုထောင့်ပေါင်းစုံမှ တွက်ချက်ဆန်းစစ်ကြရပြီးအရေးပါတဲ့ သတိပေးချက်တွေ ထုတ်ပြန်ရပါတယ်။ မိုးလေဝသရေဒါ(၃)လုံး နဲ့အလိုအလျောက် မိုးလေဝသတိုင်းကိရိယာတွေနဲ့ကြောင့် ကြိုတင်သတိပေးချက်ထုတ်ပြန်မှုများမှ ခန့်မှန်းရေးမှုတွေကို များစွာအထောက်အကူဖြစ်စေပါတယ်။ ခေတ်မီ ကိရိယာတွေဖြစ်တဲ့အတွက် နည်းပညာတွေနဲ့ အမြဲရင်းနှီးကျွမ်းဝင်မှုရှိဖို့လည်း လိုအပ်နေမှာဖြစ်ပါတယ်။ ဒါ့အပြင်ခေတ်မီ ကိရိယာတွေရေရှည်တည့်တံ့စွာ အသုံးပြုနိုင်အောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဘဏ္ဍာရန်ပုံငွေများတင်ပြခွင့်ပြုချက်ရယူပြီး မဖြစ်မနေဆောင်ရွက်သွားဖို့လည်း လိုအပ်မယ်လို့လည်းတင်ပြခြင်းပါတယ်။

နိဂုံး

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှလည်း ခေတ်မီတိုင်းထွာရေး ကွန်ရက်စနစ်ပိုမို အားကောင်းလာစေဖို့၊ လူသားစွမ်းရည်အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့်စွမ်းဆောင်ရည်ပြည့်ဝတဲ့ ခန့်မှန်းရေး၊ တိုင်းထွာရေး၊ အင်ဂျင်နီယာနဲ့ စီမံခန့်ခွဲရေးအရာထမ်း၊ အမှုထမ်းများနဲ့အတူ သဘာဝဘေးများဖြစ်ပေါ်နိုင်တဲ့အခြေအနေများကို နေ့/ညမပြတ်စောင့်ကြည့် လေ့လာသွားပြီးမှန်ကန်မှုကြီးမားတဲ့ ကြိုတင်သတိပေးချက်များကို ထုတ်ပြန်လျက်အားကောင်းတဲ့ ကြိုတင်သတိပေးစနစ်မှာပါဝင်ကြိုးစားဆောင်ရွက်နေပါဦးမယ်လို့ တင်ပြလိုက်ပါတယ်။

ကရင်ပြည်နယ်မှ ကလေး ၁၀၀ကျော်ကို ခြေတု၊ လက်တုများ ထောက်ပံ့မည်

ကရင်ပြည်နယ်၊ တောင်ကလေးရွာတွင် ဧပြီလတတိယပတ်မှ မတ်လ ၂၇ရက်အထိ ကလေး ၁၀၄ဦးကို ခြေတု၊ လက်တုနှင့် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း၊ ထို့အပြင် ဘားအံ ခြေတုလက်တုနှင့် ပြန်လည်ထူထောင်ရေးလုပ်သောဌာနတွင် ၂၀၁၇ခုနှစ်အတွင်း ခြေတုလက်တု ၅၀၀တပ်ဆင်နိုင်ခဲ့ကြောင်း၊ စတင်ထူထောင်သည့် ၂၀၁၇ ခုနှစ်မှ လက်ရှိအထိ ခြေတုလက်တုလာရောက်တပ်ဆင်သူများအနက် ထက်ဝက်ခန့်မှာ တိုက်ပွဲကြောင့် ခြေလက်ဆုံးရှုံးရသူများဖြစ်ကြောင်း၊ တောင်ကလေး၊ ခြေတုလက်တုနှင့် ပြန်လည်ထူထောင်ရေးဌာနမှ သိရသည်။

ယင်းထောက်ပံ့မှုကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) က ကလေးသူငယ်များ ဦးစားပေးဆောင်ရွက်သည့် Child Programme အနေနှင့် ခြေတုလက်တုတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါဌာနတွင်ခြေတုလက်တုနှင့် အထောက်အကူပြုကိရိယာတပ်ဆင်ပြီးပါကလေ့ကျင့်ခန်းပြုလုပ်ရန် တစ်ပတ်ကြာနေထိုင်ရကြောင်း၊ ယင်းအပြင်နယ်လှည့်ခြေတုပြုပြင်ရေးဝန်ဆောင်မှုကိုလည်း တစ်လလျှင် ၂ကြိမ်ကျဆောင်ရွက်ပေးခဲ့ရာ လူဦးရေ ၁၀၀၀ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ခြေလက်ပြတ်သူများ ပိုလီယိုကဲ့သို့ ခြေလက်သိမ်သူများ၊ မွေးရာပါခြေလက်တိုသူများကို ခြေတုလက်တုများအားပြုကိရိယာနှင့် အထောက်အကူပြုကိရိယာများကို တပ်ဆင်ခြင်း၊ လေ့ကျင့်ခန်းများပြုလုပ်ပေးချိန်ကာလအတွင်း နေထိုင်စားသောက်ရေးစီစဉ်ပေးခြင်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း ယင်းဌာနမှ သိရသည်။

လှိုင်းဘွဲ့မြို့နယ်မှ အသက် ၁၈ နှစ်အရွယ် သားဖြစ်သူအတွက် ခြေတုလာလုပ်သူ မိခင်တစ်ဦးမှ “ကလေးက မွေးရာပါဘယ်ခြေထောက်တိုနေတာခု ဒီမှာခြေတုလာလုပ်တာ၊ ဆရာဝန်တွေက ဗီတာမင်ချို့တဲ့တာလို့ပြောတယ်။ ကျွန်မတို့တောသူတောင်သားအနေနဲ့တော့ သိပ်လက်မခံဘူး၊ ပုံမှန်စားတာပဲ သူ့ကံပါလို့ဒီလိုဖြစ်တာလို့ပဲ ယုံကြည်တယ်”ဟု ပြောသည်။

အဆိုပါကလေးသူငယ်အစီအစဉ်တွင် အသက် ၁၆နှစ်အောက်ကလေးများကို ရည်ရွယ်ထားပြီး မွန်၊ ကရင်၊ တနင်္သာရီတို့မှ ကလေးများကို အခမဲ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ဘားအံမြို့နယ်၊ ခြေတုလက်တုနှင့် ပြန်လည်ထူထောင်ရေးဌာနမှ သိရသည်။

ပိုးအိမ်

ခရီးသည်များအဆင်ပြေစေရန် Myanmar Sky Alliances မှ ရာသီအလိုက်ခရီးစဉ်များ ပြေးဆွဲပေးမည်

မြန်မာအမျိုးသားလေကြောင်းနှင့် မန်းရတနာပုံ လေကြောင်းတို့နှစ်ဖက်အကျိုးတူပူးပေါင်း၍ "မြန်မာအမျိုးသားလေကြောင်းလိုင်းများအဖွဲ့"အမည်ဖြင့်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းတို့မှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းနှင့် မန်းရတနာပုံလေကြောင်းတို့နှစ်ဖက်အကျိုးတူပူးပေါင်း၍ "မြန်မာအမျိုးသားလေကြောင်းလိုင်းများအဖွဲ့"ခရီးစဉ်များအပြင် မေလ ၁၀ ရက်မှ စတင်ပြေးဆွဲပေးနေခြင်းဖြစ်သည်။ အဆိုပါမြန်မာအမျိုးသားလေကြောင်းလိုင်းများအဖွဲ့အမည်ဖြင့် ပျံသန်းပြေးဆွဲပေးနေသည့်မြို့များမှာ ရန်ကုန်၊ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ မြစ်ကြီးနား၊ စစ်တွေ၊ ထားဝယ်၊ လားရှိုး၊ တာချီလိတ်၊ မုံရွာ၊ ဟုမ္မလင်း၊ ခန္တီးနှင့် ကလေးမြို့များသို့ နှစ်ဖက်အကျိုးတူပူးပေါင်းပြီး ပျံသန်းပြေးဆွဲပေးနေခြင်းဖြစ်သည်။

"အချုပ်ကတော့ မိုးရာသီကာလနှင့် ပွင့်လင်းရာသီကာလဆိုပြီး နှစ်ပိုင်းခွဲချုပ်ထားတာပါ။ နှစ်ဖက်ညှိနှိုင်းနေပါပြီ။ ပွင့်လင်းရာသီကာလမှာ ခရီးသည်တွေအဆင်ပြေအောင်အချိန်က အစညှိနှိုင်းနေပါတယ်။ နှစ်လိုင်းပေါင်းတဲ့အတွက်ကတော့ ခရီးသည်တွေအတွက် အချိန်ကအစပိုပြီး အဆင်ပြေသွားပါတယ်။ ခရီးသည်တွေအနေနဲ့လည်း ကျွန်တော်တို့ Joint Operation လုပ်ထားတဲ့မန်းရတနာပုံနဲ့ မြန်မာအမျိုးသားလေကြောင်းရဲ့ Myanmar Sky Alliance ကိုစီးကြပါလို့ပြောချင်ပါတယ်"ဟု မန်းရတနာပုံလေကြောင်းမှ အထွေထွေမန်နေဂျာ ဦးဝင်းကိုကိုကပြောသည်။

မြန်မာအမျိုးသားလေကြောင်းမှ စီးပွားရေးအရာရှိချုပ် (CCO) ဦးနိုင်စောလွင်ကလည်း "ကျွန်တော်တို့ လာမယ့်ပွင့်လင်းရာသီအတွက် ဘာတွေလုပ်မယ်ဆိုတာကိုနှစ်ဖက်ညှိနေကြပါတယ်။ စက်တင်ဘာလအထိတော့ Schedule တင်ထားပြီးသား၊ နောက်ထပ်အောက်တိုဘာလကစပြီး မတ်၊ ဧပြီလကုန်လောက်အထိကို နောက်ထပ် ထပ်တင်ပါမယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် Myanmar Sky Alliance ခရီးစဉ်အဖြစ် ပြေးဆွဲရာ၌ မြန်မာအမျိုးသားလေကြောင်းမှ ATR-72 လေယာဉ် (၂)စီး၊ မန်းရတနာပုံလေကြောင်းမှ ATR-72 လေယာဉ် (၂)စီး စုစုပေါင်း (၄)စီးဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်ပြီး ယင်းကဲ့သို့ လေကြောင်းလိုင်းများအချင်းချင်းပူးပေါင်းခြင်းအားဖြင့် ခရီးသွားပြည်သူများအတွက်ရွေးချယ်ရာ ခရီးစဉ်အချိန်များနှင့် ခရီးစဉ်အရေအတွက်များ ပိုမိုများပြားလာစေရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ချက်ဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းကို ၁၉၄၈ ခုနှစ်တွင် နိုင်ငံတော်ပိုင်လေကြောင်း "Union of Burma Airway"အဖြစ် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာအမျိုးသားလေကြောင်းအမည်ပြောင်း၍ ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များကိုပျံသန်းပြေးဆွဲပြီးဖြစ်သည်။ လက်ရှိ မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်း (၂၈)မြို့အားပျံသန်းလျက်ရှိပြီး၊ ပြည်တွင်းခရီးစဉ်အများဆုံး ပျံသန်းသည့်လေကြောင်းဖြစ်ပါသည်။ ထို့အပြင် ပြည်ပခရီးစဉ်များဖြစ်သော စင်္ကာပူမြို့၊ ဟောင်ကောင်မြို့၊ ဘန်ကောက်မြို့၊ ချင်းမိုင်မြို့နှင့် ဖူးခက်မြို့များသို့ ပျံသန်းပြေးဆွဲပေးနေပြီး ထပ်မံတိုးချဲ့ပြေးဆွဲပေးရန် အစီအစဉ်များကိုလည်း ရေးဆွဲလျက်ရှိပါသည်။ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ခရီးသွားပြည်သူများ ခရီးစဉ်တစ်လျှောက်အဆင်ပြေချောမွေ့စေရန် လေယာဉ်လက်မှတ်ဝယ်ယူသည့်အချိန်မှစ၍ ခရီးစဉ်ပြီးဆုံးသည့်အချိန်အထိ ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် အစဉ်အမြဲကြိုးစားလျက်ရှိပါသည်။

မန်းရတနာပုံ လေကြောင်းကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ပုဂ္ဂလိကပိုင်လေကြောင်းလိုင်း အဖြစ်စတင်တည်ထောင်ခဲ့ပြီး၊ မြန်မာနိုင်ငံတွင် မန္တလေးမြို့အခြေစိုက်လေကြောင်းအဖြစ် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် စတင်ပျံသန်းပြေးဆွဲခဲ့ပါသည်။ မန်းရတနာပုံလေကြောင်းသည် လက်ရှိတွင် ပြည်တွင်း (၁၄)မြို့သို့ပျံသန်းလျက်ရှိပြီး နောင်အချိန်တွင် ခရီးစဉ်များထပ်မံတိုးချဲ့ပျံသန်းရန် စီစဉ်ထားရှိပါသည်။

သတင်းအဖွဲ့

ပြုံးပြပြီး- မင်္ဂလာပါ နှုတ်ဆက်ကြ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၏ လမ်းညွှန်ချက်မှာကြားမှုဖြင့် မြန်မာ့မီးရထားမှအရာထမ်း၊ အမှုထမ်းဝန်ထမ်းများခရီးသည်များ၊ ကုန်စည်ပို့ဆောင်သူများ နှင့်ဆက်ဆံရာတွင်ခံယူရမည့် စိတ်သဘောထား၊ လိုက်နာကျင့်သုံးရမည့်ဝတ္တရားများပါဝင်သည့် ပြုံးပြနှုတ်ဆက်(မင်္ဂလာပါ) ပထမအဆင့်အနေဖြင့်မန္တလေး၊ ရန်ကုန်မြို့များတွင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြန်မာ့မီးရထားဝန်ထမ်းဖြစ်လျှင် အထွေထွေနည်းဥပဒေအမှတ်(၁၈၃)၊ ယေဘုယျကျင့်ဝတ်များဖြစ်သည့် ဖျတ်လတ်တက်ကြွစွာရှိနေခြင်း၊ ယဉ်ကျေးသိမ့်မွေ့ခြင်းနှင့် ကူညီရိုင်းပင်းလိုသည့် စိတ်ဓာတ်ထားရှိခြင်းတို့သည့် မီးရထားဝန်ထမ်းတိုင်း ပြည်သူများအားလျှောက် ကန်သင့်မြတ်သောအခွင့်အလမ်းများကိုအခါ မလပ်ရရှိစေရန်ဆောင်ရွက်ပေးရမည့် အပြင်တိကျမှန်ကန်သောသတင်းအချက်များကိုလည်းပြန်ကြားပေးရန် ဂရုပြုရမည့်ဆိုသည့်ကျင့်ဝတ်များကိုသိရှိရမည်ဖြစ်သည်။

ပြည်သူများတွင်လည်း ဝန်ဆောင်မှုပေးသောပြည်သူနှင့်ဝန်ဆောင်မှုရယူသူဟူ၍နှစ်မျိုးရှိပြီး၊ ဝန်ဆောင်မှုပေးသူနှင့် ရယူသူတို့၏သဟဇာတဖြစ်မှုအပေါ်မူတည်ပြီးဝန်ဆောင်မှုအရည်အသွေးရရှိကြောင်း၊ ဝန်ဆောင်မှုအရည်အသွေးကိုဝန်ဆောင်မှုရယူသူ၏ကျေနပ်မှုဖြင့်တိုင်းတာသည်။

မြန်မာ့မီးရထားမှလည်း၊ လုံခြုံစိတ်ချရမှု၊ မြန်မာ့မီးရထားအပေါ်ယုံကြည်မှု၊ အဆင်ပြေမှုနှင့်သက်သောင့်သက်သာဖြစ်မှု၊ ဈေးနှုန်းသင့်လျော်မှု၊ ဝန်ထမ်းများ၏အမူအကျင့်နှင့် တာဝန်သိမှု(ခရီးအစမှခရီးအဆုံးအထိဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်ကျေနပ်မှုဖြစ်အောင်သယ်ယူပို့ဆောင်ပေးခြင်း)စသည်ဝန်ဆောင်မှုအရည်အသွေးရှိရမည်ဖြစ်သည်။

ဝန်ဆောင်မှုအရည်အသွေးမှာလည်း အဓိကအချက် (၂)ချက်ရှိကြောင်း ပထမအချက်ကထိတွေ့ကိုင်တွယ်၍ရသောရုပ်ဝတ္ထုပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှု၊ ဒုတိယအချက်ကထိတွေ့ကိုင်တွယ်၍မရသော(တစ်နည်းအားဖြင့်)ဝန်ဆောင်မှုပေးသူများ၏အမူအကျင့်(စိတ်ပိုင်း၊ရုပ်ပိုင်း)နှင့် တာဝန်ကျေပွန်မှုတို့ ရှိရမည်ဖြစ်သည်။

အထက်ပါအချက်များသည်လွန်ခဲ့သည် နှစ်၁၀၀ကျော်မှပြဋ္ဌာန်းထားသည့်အထွေထွေနည်းဥပဒေများထဲမှဖြစ်ပြီး၊ ရက် ၁၀၀စီမံချက်မှပထမအဆင့်အနေပြုံးပြပါ၊ (မင်္ဂလာပါ)နှုတ်ဆက်ကြဟုဝန်ထမ်းများအားမှာကြားခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ပေးခြင်းနှင့်စာမေးပွဲပြင်ပ(အရည်အချင်းစစ်ခြင်း)များပြုလုပ်ကြောင်း မြန်မာ့မီးရထားမှသိရသည်။

ကျော်ကျော်

Myanmarsat 2 ဆိုင်ရာသိကောင်းစရာ

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ အင်ဂျင်နီယာချုပ် ဦးဝင်းအောင်အား Satellite Payload IRU Agreement for Myanmar Sat-2 ဂြိုလ်တုထရန်စပွန်ဒါများနှင့်ပတ်သက်၍ ဇွန်လ ၁ရက်၊ စာချုပ်ချုပ်ဆိုသည့်နေ့၌ သိရှိလိုသည်များ မေးမြန်းရာတွင် အင်ဂျင်နီယာချုပ် ဦးဝင်းအောင်က ပြန်လည်ရှင်းလင်းပြောကြားခဲ့ရာ

Myanmarsat 2 ၏ဆက်သွယ်ရေးဆိုင်ရာ စွမ်းဆောင်ပေးနိုင်သည်များ

Myanmarsat 2 ၏ C band အတွက်မြန်မာနိုင်ငံကို satellite မှ ထိုးချထုတ်လွှင့်ပေးသော Beam သည် ယခင်အသုံးပြုသော Myanmarsat 1 ဂြိုလ်တုနှင့် အခြားသာမန်ဂြိုလ်တုများကဲ့သို့ satellite မှ ထိုးချထုတ်လွှင့်ပေးသော Beam မျိုးနှင့် မတူပါ။ စွမ်းဆောင်ရည်ကောင်းသော C band Spot Beam ဖြစ်ပါသည်။ Myanmarsat 1 ဂြိုလ်တုထက် (၁၀)ဆ ပို၍ကောင်းမွန်ပါသည်။ ထို့ကြောင့် ဖမ်းယူမှုအားပိုကောင်း၍ ပိုမိုသေးငယ်သော စလောင်းအရွယ်အစား အသုံးပြုလာနိုင်ပြီး Field Strength (ဖမ်းယူမှုအား)ပိုကောင်း၍ Bit Rate (Speed) ပိုရ၍ ပိုသုံးနိုင်သည်။

Myanmarsat 2 ၏ Ku band သည်လည်း Stee- rable Spot Beam ဖြစ်ပြီး Myanmarsat 1 ၏ စွမ်းဆောင်ရည်ထက် (၇)ဆသာပါသည်။ မုတ်သုံရာသီဥတုရှိသော မြန်မာနိုင်ငံအတွက် သင့်တော်ပြီး DTH စလောင်း အသုံးပြု မြန်မာနိုင်ငံသားများအတွက် မိုးရွာစဉ်ကြည့် ရှုနေသော ရုပ်မြင်သံကြားအစီအစဉ်ပုံထစ်ခြင်းပြတ် တောက်ခြင်းများ မဖြစ်နိုင်တော့ပါ။

Myanmarsat 2 ၏ C band နှင့် Ku band Beam နှစ်ခုလုံးသည် မြန်မာနိုင်ငံတစ်ခုလုံးကို လွှင့်အားကောင်းကောင်းဖြင့် လွှမ်းခြုံထားနိုင်သည်။ (Coverage Foot Print ကောင်းသည်။) ထို့ကြောင့် နေရာဒေသမရွေး တစ်နိုင်ငံလုံးသာမက ကမ်းရိုးတန်းသွားသင်္ဘောများအထိပါ အသုံးပြုနိုင်သည်။

ပုဂ္ဂလိက ဆက်သွယ်ရေးလုပ်ငန်းစဉ်များအနက် ဖုန်းနှင့် အင်တာနက်ပိုင်းဆိုင်ရာ စွမ်းအားမြင့် ဆောင်ရွက်နိုင်သည်များ

အထက်ဖော်ပြပါအတိုင်း ပုဂ္ဂလိကဆက်သွယ်ရေးလုပ်ငန်းများလည်း အသုံးပြုနိုင်သည်။

Myanmarsat 2 ၏ပေးနိုင်မည့် MHz အလိုက် အသုံးဝင်ပုံများ

Myanmarsat 2 တွင် C band အတွက် 72 MHz ပမာဏရှိသော ထရန်စပွန်ဒါ (၆)ခုပါဝင်၍ C band စုစုပေါင်း ပမာဏ 432 MHz နှင့် Ku band အတွက် 72

» စာ - ၁၀

Samsung ၏ Galaxy A6+ စမတ်ဖုန်းသစ်အား မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

Samsung Myanmar မှ အဆင်မြင့်ကင်မရာနှင့်အတူ စတိုင်ကျလှပသောဒီဇိုင်းနှင့် ပေါင်းစပ်ဖန်တီးထားသော စမတ်ဖုန်းသစ် Galaxy A6+ အားမြန်မာနိုင်ငံတွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း မေလ ၂၂ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။ စွမ်းဆောင်ရည်မြင့် ရှေ့နောက်ကင်မရာ၊ အရည်အသွေးမြင့် ဆန်းသစ်လှပသောဒီဇိုင်းနှင့် Samsung ၏ ကိုယ်ပိုင်ထူးခြားချက်ဘောင်မဲ့မျက်နှာပြင်တို့အား ထည့်သွင်းဖန်တီးထားသည့် Galaxy A6+ အားအနက်ရောင်၊ ရွှေရောင်နှင့် အပြာရောင်အရောင်သုံးမျိုးဖြင့် ဈေးကွက်အတွင်း ရရှိနိုင်မည်ဖြစ်သည်။

"Samsung အနေနဲ့ သုံးစွဲသူတွေရဲ့လိုအပ်ချက်တွေကို အကောင်းဆုံးစမတ်ဖုန်းအတွေ့အကြုံတွေကတစ်ဆင့် ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အစဉ်အမြဲရည်ရွယ်ထားတာဖြစ်ပါတယ်"ဟု Samsung Myanmar ၏ IT and Mobile ကိုဇာနည်ဝင်းထက်မှ ပြောကြားခဲ့သည်။ "Galaxy A6+ မှာသုံးစွဲသူတွေရဲ့အမှတ်တရအခိုက်အတန့်လေးတွေကို မှတ်တမ်းတင်ရိုက်ကူးပြီး ကိုယ်ပိုင်ခံစားချက်တွေကို အများနဲ့မတူ တမူထူးခြားတဲ့ ပုံစံနဲ့မျှဝေပေးနိုင် စွမ်းဆောင်ရည်မြင့်ကင်မရာနဲ့ နေ့စဉ်ဘဝမှာ အဆင်ပြေလွယ်ကူစေဖို့အတွက် Samsung ရဲ့ အစဉ်အဆက်မပြတ် အသုံးပြုလာတဲ့စမတ်ဖုန်းနည်းပညာတွေနဲ့အတူ ပေါင်းစပ်ဖန်တီးပေးထားပါတယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။

Galaxy A6+ Dual ကင်မရာသည် Live Focus mode အားအသုံးပြု၍ အရေးပါသောဓာတ်ပုံများနှင့် အမှတ်တရအခိုက်အတန့်များအား သုံးစွဲသူများအနေဖြင့် ဓာတ်ပုံမရိုက်ခင်ဖြစ်စေ၊ ရိုက်ကူးပြီးဖြစ်စေ depth of field နှင့် bokeh effect တို့အား ချိန်ညှိပြီး ထပ်မံတိုးမြှင့်ရိုက်ယူနိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် ရိုက်ကူးပြီးသောဓာတ်ပုံများအား အသည်းပုံ၊ ကြယ်ပုံနှင့် အခြားသောပုံစံများစွာ ပါဝင်သည့်ထူးခြားသော နောက်ခံမှုန်ဝါးသည့်ဒီဇိုင်းများဖြင့် ပိုမိုဆန်းပြားလှပစေရန် ပြင်ဆင်ဖန်တီးနိုင်မည်ဖြစ်သည်။

အဆိုပါ စမတ်ဖုန်းသစ်စတင်မိတ်ဆက်ခြင်းနှင့်အတူ Samsung Myanmar သည်တယ်လီနောမြန်မာနှင့် ပူးပေါင်း၍ Galaxy A6+ ဝယ်ယူသုံးစွဲသူများအား လစဉ်ဖုန်းငွေဖြည့်ကဒ် ၃,၀၀၀ ကျပ်ဖြည့်သွင်းလျှင် အင်တာနက်လက်ဆောင် 500MB အားလည်းကောင်း၊ ၅,၀၀၀ ကျပ်ဖြည့်လျှင် 1GB အားလည်းကောင်း၊ ၁၀,၀၀၀ ကျပ်ဖြည့်လျှင် 2GB အားလည်းကောင်း ၁၂လ ဆက်တိုက်ရရှိမည်ဖြစ်ပြီး အထက်ပါအင်တာနက်လက်ဆောင်များအား တစ်လလျှင် တစ်မျိုးသာ ရွေးချယ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် Samsung Galaxy A6+ အား အနက်ရောင်၊ ရွှေရောင်နှင့် အပြာရောင်အစရှိသဖြင့် အရောင်သုံးမျိုးရွေးချယ်နိုင်မည်ဖြစ်ပြီး ဈေးနှုန်းအားဖြင့် မြန်မာကျပ်ငွေ ၄၉၉,၀၀၀ ကျပ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

ပြည်သူ့ဆေးရုံကြီးများတွင် နှလုံးအထူးကြပ်မတ်ကုသယူနစ်များ ဖွင့်လှစ်နိုင်ရန်စီစဉ်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ဆေးရုံကြီးများတွင် နှလုံးအထူးကြပ်မတ်ကုသယူနစ်များ ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း၊ ထိုပြင်တိုင်းဒေသကြီးနှင့် ပြည်နယ်ဆေးရုံများတွင် နှလုံးသွေးကြောပိတ်သူများကိုဆက်လက်ကုသပေးရာတွင် အဆင်ပြေစေရန်၊ NR စက်များတပ်ဆင်ပေးနိုင်ရန် ညှိနှိုင်းပေးမည်ဖြစ်ကြောင်းနှင့် စက်များဆေးပစ္စည်းကိရိယာများ ဝယ်ယူနိုင်ရေးအတွက် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝယ်ယူဖြန့်ဖြူးရေး) ပါမကွ၊ ဌာနမှူးများအထူးကု ဆရာဝန်ကြီးများနှင့်ညှိနှိုင်း၍ တပ်ဆင်ပေးမည်ဟု သိရသည်။

နှလုံးသွေးကြောကျဉ်းရောဂါဆိုသည်မှာ နှလုံးသွေးလွှတ်ကြောနံရံများတွင် အဆီများစုပုံလာရာမှသွေးကြောနံရံများထူလာပြီး သွေးစီးလမ်းကြောင်းကျဉ်းသွားခြင်း(သို့) လုံးဝပိတ်သွားခြင်းတို့ကိုဆိုလိုခြင်းဖြစ်ကြောင်း၊ နှလုံးသွေးကြောကျဉ်းနေပါက နှလုံးကြွက်သားရှင်သန်မှုအတွက် လိုအပ်သောသွေးများနှင့်အောက်ဆီဂျင် ပမာဏလုံလောက်စွာမရရှိတော့သဖြင့် ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးပေါင်ကျခြင်း၊ သတိလစ်ခြင်းနှင့် ရုတ်တရက်နှလုံးရပ်သွားခြင်းတို့ဖြစ်လာနိုင်ကြောင်းနှင့် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်စေသော အဓိကအကြောင်းရင်းများမှာ သွေးတိုးရောဂါရှိခြင်း၊ သွေးတွင်းအဆီဓာတ်များခြင်း၊ ဆီးချိုရောဂါရှိခြင်း၊ အဝလွန်ခြင်းဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းနှင့် စိတ်ဖိစီးမှုများခြင်းတို့ကြောင့်ဖြစ်၍ နှလုံးသွေးကြောကျဉ်းရောဂါသည် ကမ္ဘာပေါ်တွင်အများဆုံးသေကျေသော ရောဂါဖြစ်ပြီးတစ်နှစ်လျှင်လူ ၁၇ဒသမ ၂သန်းခန့်သေဆုံးမှုရှိနေကြောင်းသိရသည်။

၂၀၁၄ ခုနှစ်မတ်မှ ၂၀၁၆ခုနှစ်ဖွန်အတွင်းက စင်ကာပူနိုင်ငံ Tan Tock Seng Hospital၊ Temasek Foun dation၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးရောဂါကုဌာန၌ ရုတ်တရက်နှလုံးသွေးကြောပိတ်လူနာများကို အရေးပေါ်နှလုံးသွေးကြောချဲ့သည့်နည်းပညာဖြင့် ၂၄နာရီကုသမှုပေးခဲ့ကြောင်းနှင့် ယင်းစီမံချက်တွင် နှလုံးအထူးကုဆရာဝန်များ၊ နှလုံးဆေးကုသဆောင်တွင် တာဝန်ထမ်းဆောင်နေသည့် သူနာပြုများ၊ ဓာတ်မှန်ကျွမ်းကျင်များကို နည်းပညာဆိုင်ရာသင်တန်းများပေးခဲ့ပြီး ရုတ်တရက်နှလုံးသွေးကြောပိတ်လူနာများကို အရေးပေါ်နှလုံး သွေးကြောချဲ့နည်းပညာဖြင့် လူနာများကို အရေးပေါ်နှလုံးသွေးကြောချဲ့နည်းပညာဖြင့် လူနာပေါင်း ၂၀၀ကျော်ကို ကုန်ကျစရိတ်သက်သာစွာဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုပေးခဲ့ကြောင်းသိရသည်။

ပိုးအိမ်

မိုရီဆာကီဝင်း မြန်မာပြည်ခရီးစဉ်ကို ဂျပန်နိုင်ငံမှ ရုပ်သံလိုင်းတွင် ပြသရန် မှတ်တမ်းရုပ်ရှင်ကူး

မြန်မာနိုင်ငံဖွားသရုပ်ဆောင်တေးသံရှင်မိုရီဆာကီဝင်း၏ မြန်မာနိုင်ငံခရီးစဉ်တွင် ဂျပန်နိုင်ငံမှရုပ်သံလိုင်းတစ်ခုက မှတ်တမ်းရုပ်ရှင်လိုက်ပါရိုက်ကူးခဲ့ကြောင်းသိရသည်။ မိုရီဆာကီဝင်းသည် Fujifilm က Myanmar ၏ Brand Ambassador အဖြစ်လက်တွဲဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံလာရောက်ခဲ့သည် ခရီးစဉ်၌ အဆိုပါ ရုပ်သံရိုက်ကူးရေးအဖွဲ့ လိုက်ပါလာခဲ့ပြီး ယင်းခရီးစဉ်တွင် မိုရီဆာကီဝင်း၏ လှုပ်ရှားမှုများအား လိုက်ပါမှတ်တမ်းတင်ခဲ့ကြောင်းသိရသည်။

"ကျွန်တော်ရဲ့ လှုပ်ရှားမှုတွေလုပ်ဆောင်မှုတွေနဲ့ နေ့စဉ်ဘဝဖြတ်သန်းမှုတွေကို ဂျပန်ရုပ်သံလိုင်းကမှတ်တမ်းလာရောက်ရိုက်ကူးတာ။ ဂျပန်မှာကတည်းက လိုက်ပါရိုက်ကူးနေတာပါ။ မြန်မာနိုင်ငံခရီးစဉ်ရှိတယ်ဆိုတဲ့အတွက် သူတို့လည်းလိုက်ပါလာတယ်။ ကျွန်တော်နဲ့ Fujifilm နဲ့စာချုပ်ချုပ်ဆိုပြီး၊ တခြားအနုပညာလှုပ်ရှားမှုတွေကိုလည်း သူတို့လိုက်ပါရိုက်ကူးတယ်။ ပြီးတော့ကျွန်တော်ပြသချင်တဲ့ မြန်မာနိုင်ငံကအလှအပတွေ၊ အစားအသောက်တွေနဲ့ နေထိုင်သွားလာမှုတွေကိုလည်း ကျွန်တော်နဲ့အတူလိုက်ပါရိုက်ကူးတယ်။ ဒီအစီအစဉ်ကိုဂျပန်နိုင်ငံမှာထုတ်လွှင့်မှာဖြစ်တော့ ဝမ်းသာဂုဏ်ယူမိတယ်။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ မြန်မာနိုင်ငံအကြောင်းတွေကို မိတ်ဆက်ခွင့်ရတဲ့အတွက် တကယ်ကိုဝမ်းသာဂုဏ်ယူရတယ်။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဆက်ပြီးကြိုးစားနေမှာဖြစ်လို့ ပရိသတ်တွေကကျွန်တော်ကို မေ့မသွားဘဲအမြဲပဲ စောင့်ကြည့်အားပေးဖို့ပြောချင်တယ်" ဟု သရုပ်ဆောင်တေးသံရှင် မိုရီဆာကီဝင်းကပြောသည်။

မိုရီဆာကီဝင်းသည် မြန်မာနိုင်ငံသားမိဘနှစ်ဦးမှမွေးဖွားကာအသက် ၁၀နှစ်အရွယ်တွင် ဂျပန်နိုင်ငံသို့မိဘများနှင့် အတူပြောင်းရွှေ့နေထိုင်ခဲ့သူဖြစ်သည်။ အသက် ၁၄နှစ်အတွင်း အနုပညာဖျော်ဖြေတင်ဆက်မှု လုပ်ငန်းနယ်ပယ်သို့ရောက်ရှိခဲ့ပြီး ၂၀၁၈ တွင် Prize Boy Band အဖွဲ့သို့စတင်ဝင်ရောက်ခဲ့သည်။ ၂၀၁၂တွင် sherry ဇာတ်ကားဖြင့်ပွဲထုတ်ခံခဲ့ရသည်။ ဟောလီဝုဒ်ဒါရိုက်တာစတီဗင်စပီးဗက်ရိုက်ကူးသည် Ready player one တွင်ပါဝင်သရုပ်ဆောင်ခဲ့သည်။ ဂျပန်မြန်မာချစ်ကြည်ရေးအဖြစ် ရိုက်ကူးသည် "ဇာတိမြေ" ရုပ်ရှင်ဇာတ်ကားတွင်လည်း သရုပ်ဆောင်အောင်ရဲလင်း၊ ဝတ်မှုန်ရွှေရည်တို့နှင့် အတူပါဝင်သရုပ်ဆောင်ခဲ့သည်။

သဇင်

» စာ- ၉ မှ

MHz ပမာဏရှိသော ထရန်စပွန်ဒါ(၆)ခုပါဝင်၍ Ku band စုစုပေါင်း ပမာဏ 432 MHz၊ Band ၂ခုပေါင်းအားလုံး စုစုပေါင်း 864 MHz Myanmarsat 2 တွင် သုံးနိုင်မည်။

Myanmarsat 2 ၏တည်နေရာ၊ သက်တမ်းပြည့်ပါက မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ချိတ်ဆက်ဆောင်ရွက်ရန်လျာထားချက်များအနေဖြင့်

Myanmarsat 2 ၏ တည်နေရာမှာ ယခု Myanmarsat 1 a (C band အတွက်)တည်နေရာဖြစ်သော 62 Degrees East နေရာတွင် အစားထိုးမည်ဖြစ်သည်။ သက်တမ်း (၁၅)နှစ်ဖြစ်၍ သက်တမ်းမကုန်မီနည်းပညာများ တိုးတက်လာသည့်အပေါ်မူတည်၍ Intelsat နှင့် One Web Co. တို့တီထွင်ဆောင်ရွက်နေသည့် LEO and GEO Combination နည်းပညာအရ ဆက်လက်ဆောင်ရွက်သွားရန် လျာထားခဲ့သည်။ နိုင်ငံပိုင် ဂြိုလ်တုလွှတ်မည်ဟု ကြေငြာထားပါသည်။ ၎င်းကို ယခုမည်သို့မှတ်ချက်ပြုနိုင်ပါမည်နည်း။

နိုင်ငံပိုင်ဂြိုလ်တုကိုလည်း လွှတ်ပါမည်။ ယခုလာမည့်နှစ်တွင် စတင်ရန်လျာထားပါသည်။ ၅နှစ်အတွင်း ၅၀ကီလိုဂရမ် အလေးချိန်ရှိ Earth Observation Micro Satellite (၂)လုံး လွှတ်တင်ရန်လျာထားပါကြောင်း၊

Myanmarsat 2 အသုံးပြုမည့် IS 39 Satellite

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ မြန်မာဂြိုလ်တုစနစ်စီမံကိန်းကို ၂၀၁၉ခုနှစ်၊ ဖွန်လတွင် Myanmarsat 2 ကို စတင်၍ ဝန်ဆောင်မှုပေးတော့မည်ဖြစ်သည်။

အဆိုပါ Myanmarsat 2 ၏ အကြောင်းကိုပြည်သူများသိရှိလေ့လာနိုင်ရန်အတွက် တင်ပြအပ်ပါသည်။ Myanmarsat 2 အမည်ခံနိုင်ရန် မူလလွှတ်တင်သော ဂြိုလ်တုပိုင်ရှင်ဖြစ်သော Intelsat Satellite Operator နှင့် သဘောတူညီချက်ရရှိပြီးဖြစ်သည်။

အကြောင်းမှာ ၂၀၁၉ ခုနှစ်၊ မတ်လအတွင်း Intelsat မှ လွှတ်တင်မည့် IS 39 Satellite တွင်မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၅၅.၇သန်းကို ထည့်ဝင်သွားမည်ဖြစ်ပြီး ထို့အတွက် မိမိတို့ပိုင်ဆိုင်အသုံးပြုနိုင်မည့် ဂြိုလ်တုထရန်စပွန်ဒါ ၁၂ခုကို ဂြိုလ်တုသက်တမ်းကုန်သည်အထိ ငှားရမ်းခပေးစရာမလိုတော့ဘဲ မိမိတို့ကိုယ်တိုင်စီမံ၍ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

ဂြိုလ်တုသက်တမ်းသည် ၁၅နှစ်ဖြစ်ပါသည်။ ဒီထက် ၁ နှစ်၊ ၂နှစ်ထိလည်း ပိုနိုင်ပါသည်။ C-band Transponder (၆)ခုနဲ့ Ku-band Transponder (၆)ခုစီဖြစ်ပါသည်။ ထရန်စပွန်ဒါ (၁)ခုလျှင် ဂြိုလ်တုချန်နယ် 72 MHz (Mega Hertz) ရှိသည်။ ထို့ကြောင့် C- band 432 MHz နှင့် Ku-band 432 MHz စုစုပေါင်း 864 MHz ဖြစ်သည်။

IS 39 ဂြိုလ်တုကို Space System/Loral ဟုခေါ်ဆိုသော ကမ္ဘာတွင် ဂြိုလ်တုအများဆုံး လွှတ်တင်ခဲ့သော အမေရိကန်ကုမ္ပဏီမှ တည်ဆောက်ခဲ့သည်။ ဌာနချုပ်သည် ကယ်လီဖိုးနီးယားတွင် တည်ရှိပြီး တည်ဆောက်သည့်အမျိုးအစားမှာ SSL-1300 Platform အမျိုးအစား (Series) အပေါ်အခြေခံ၍ တည်ဆောက်ထားသော အမျိုးအစားဖြစ်သည်။

ဂြိုလ်တုကို ဒုံးပျံဖြင့်လွှတ်တင်ပေးမည့်ကုမ္ပဏီမှာ Arianspace ဖြစ်ပြီး ဌာနချုပ်မှာ ပြင်သစ်နိုင်ငံ Paris မြို့အနီး Evry တွင်အခြေစိုက်သည်။

အထက်ပါအချက်များကြောင့် နောက်ဆုံးပေါ်နည်းပညာများအသုံးပြုထားသော High Power ရှိသော Broadband Networking, Video Distribution များကို Africa, Europa, the Middle East, and Asia နိုင်ငံများတွင် ဝန်ဆောင်မှုပေးမည့်ဂြိုလ်တုဖြစ်ကြောင်း ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်အား အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ လှမျိုး ဆ.သ.ရ

ပို့ဆောင်ဆက်သွယ် TRANSCOM NEWS JOURNAL www.transcomjournal.com သတင်းဂျာနယ်

မွန်ပြည်နယ်ရှိ ဒုတိယကမ္ဘာစစ်လက်ကျန်ပစ္စည်းများ စူးစမ်းလေ့လာရေးနှင့်ပတ်သက်၍ အထောက်အထားပြနိုင်သည့် ကုမ္ပဏီအား အကြိုလေ့လာခွင့်ပြုထား

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ မိန်ဗလာတောင်၌ မွန်ပြည်နယ်အစိုးရ အဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသည့် ဒုတိယကမ္ဘာစစ်လက်ကျန်ပစ္စည်းများ ပဏာမရွေးချယ်စူးစမ်းလေ့လာရေးနှင့်ပက်သက်၍ အထောက်အထားခိုင်ခိုင်မာမာပြနိုင်သည့် ကုမ္ပဏီအား အကြိုဆန်းစစ်လေ့လာဆောင်ရွက်ခွင့်ပေးထားကြောင်း၊ အဆိုပါမိန်ဗလာတောင်၌ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်ဌာနချုပ် တည်ရှိခဲ့ကြောင်း၊ စစ်အပြီး ဂျပန်များဆုတ်ခွာစဉ် ရွှေ၊ ငွေနှင့် အဖိုးတန်လက်ဝတ်ရတနာများ လက်နက်ခဲယမ်းများ၊ မြှုပ်နှံသွားခဲ့သည့်ရာဇဝင်ရှိခဲ့ကြောင်းနှင့် ယခင်ကလည်း လာရောက်တူးဖော်မှုများလည်း ရှိခဲ့ကြောင်းသိရသည်။

"နှစ်ပေါင်း(၇၀) ကျော်သွားပြီဆိုတော့ ဒီနေရာမှာတကယ်ပဲရတနာသိုက်ရှိသလား။ ကိုယ့်ရဲ့နယ်မြေဒေသ၊ ကိုယ့်နိုင်ငံထဲမှာရှိသလား၊ မရှိဘူးလားမသိရဘူးဆိုတာကို သိသင့်တဲ့အတွက်ကြောင့် အထောက်အထားပြနိုင်တဲ့ ကုမ္ပဏီတစ်ခုကို အကြိုဆန်းစစ်လေ့လာ ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီကိစ္စကိုလည်း ပြည်ထောင်စုအစိုးရကို အကြောင်းကြားထားတယ်၊ လက်ရှိမှာ အကြိုဆန်းစစ်လေ့လာဆောင်ရွက်ခွင့်ကို သုံးလပဲပေးထားပါတယ်၊ သုံးလပြည့်လို့ ခိုင်လုံတဲ့အထောက်အထားတစ်စုံတစ်ရာမရရင် လုပ်ငန်းရပ်ဆိုင်းရပါမယ်၊ မြေပြင်ကိုနဂိုမူလအတိုင်းဖြစ်အောင်ပြန်လုပ်ရပါမယ်၊ သစ်ပင်တွေ ပြန်စိုက်သွားရပါမယ်။ ခိုင်လုံတဲ့အထောက်အထားတွေ ရဖို့အတွက်ယန္တရားတွေအသုံးပြုပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်၊ အကြိုစမ်းစစ်လေ့လာ ဆောင်ရွက်ခွင့်ပြီးတဲ့နေ့မှာ ဒီကိစ္စတစ်ခုလုံးကို အားလုံးချပြသွားမှာပါ" ဟု မွန်ပြည်နယ်ဝန်ကြီးချုပ်မှ ဆိုသည်။

ဒုတိယကမ္ဘာစစ် လက်ကျန်ပစ္စည်းများနှင့်ပက်သက်ပြီး Royal Eagle Myanmar Development Gro-up Co, Ltd မှ စမ်းသပ်ရှာဖွေခွင့်ပြုပါရန် ပြည်နယ်အစိုးရထံသို့တင်ပြထားကြောင်း အစိုးရအနေဖြင့်အကြိုဆန်းစစ်လေ့လာမှု ဆောင်ရွက်ခွင့်ပေးထားကြောင်း သိရသည်။ ပိုးအိမ်

ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ခံမြန်မာကလေးငယ် ၉၀၀၀ ကျော်ရှိ

ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ခံရသည့် မြန်မာကလေးငယ် ၉၀၀၀ ကျော်ရှိကြောင်း ထိုင်းရှေ့နေများ ကောင်စီမှ နိုင်ငံမဲ့ကလေးငယ်များအရေး ဆောင်ရွက်နေသူများက ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံရှေ့နေများ ကောင်စီနိုင်ငံမဲ့ရေးရာဌာနမှ ထိုင်းနိုင်ငံရှေ့နေနှင့် ကလေးငယ်များ အခွင့်အရေးလှုပ်ရှားနေသူ နိုင်စူလဖုံးကောင်းကျန်းတစ်ကခိုးကိုးရာမဲ့ ကလေးငယ်များအတွက် ၎င်း၏ဖခင်က ဆောက်လုပ်လှူဒါန်းသော ဂေဟာလွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့ရှိ မိဘမဲ့နှင့်ခိုးကိုးရာမဲ့ မြန်မာကလေးငယ်များ နေထိုင်ရာ (SAW) ဆေးဖောင်ဒေးရှင်း၏ ဂေဟာအတွက် လိုအပ်သည့် အဆောက်အအုံကို ထိုင်းဘတ်ငွေ ၁၁ သိန်း အကုန်အကျခံကာ ရှေ့နေ၏ ဖခင် Mr. Rejen Kongchantuk နှင့် မိသားစုဝင်များက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ရရှိထားတဲ့ စာရင်းတွေအရ ထိုင်းနိုင်ငံအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် မွေးဖွားပြီးနောက် စွန့်ပစ်ခံရတဲ့ မြန်မာကလေးငယ်အရေအတွက် ၉၀၀၀ ကျော်ရှိတယ်" ဟု ၎င်းကပြောသည်။

ထိုင်းနိုင်ငံ မဲဆောက်မြို့၌ အမျိုးသမီးနှင့် ကလေးငယ်များအရေး ဆောင်ရွက်နေသည့် (SAW) ဖောင်ဒေးရှင်းစောင့်ရှောက်ရေး ဂေဟာတွင် စွန့်ပစ်ခံမြန်မာကလေးငယ် ၁၀၀ ခန့်ခိုလှုံကာ ပညာသင်ကြားလျက်ရှိကြောင်း၊ မဲဆောက်မြို့တွင် နှစ် ၃၀ ကျော်နေထိုင်သူတစ်ချို့က ပြောသည်။ ထိုင်းနိုင်ငံအတွင်း စွန့်ပစ်ခံရသည့် မြန်မာကလေးငယ်အများဆုံးရှိသည့် ခရိုင်များမှာ ချင်းမိုင်၊ ချင်းရိုင်နှင့် တာ့ခ်ရိုင်များဖြစ်ပြီး တာ့ခ်ရိုင်အတွင်း အစွန့်ပစ်ခံမြန်မာကလေးငယ် ၁၀၀ ကျော်ရှိကြောင်းနှင့် မဲဆောက်မြို့တွင် စွန့်ပစ်ခံမြန်မာကလေးငယ်များအား မယ်တော်ဆေးခန်းနှင့် (SAW) ဖောင်ဒေးရှင်းတွင် စောင့်ရှောက်ထားပြီး ကလေးငယ်အများစုမှာ မဲဆောက်အပါအဝင် ထိုင်းနိုင်ငံရှိ ကျောင်းအချို့တွင် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ T.Z

အသည်းရောင်အသားဝါ (စီ)ပိုး လူနာများအား မြစ်ကြီးနားနှင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတို့တွင် ကုသမှုလုပ်ငန်းများတိုးချဲ့လုပ်ဆောင်မည်

ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနတို့ ပူးပေါင်းပြီး၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ နိုင်ငံပိုင်ဆေးရုံကြီး (၇) ရုံတို့မှ အသည်းရောင် အသားဝါ (စီ)ပိုး ကူးစက်ခံထားရသူလူနာများကို အခမဲ့ကုသမှုပေးလျှက်ရှိပြီး အဆိုပါ (၇) ရုံအပြင် မြစ်ကြီးနားနှင့် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတို့မှာပါ ကုသမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားန်ကြီးဌာနမှသိရသည်။ အမျိုးသားအသည်းရောင် အသားဝါရောဂါကာကွယ် ထိန်းချုပ်ရေးစီမံချက်၏ နိုင်ငံပိုင်ဆေးရုံကြီး(၇)ရုံ၌ အသည်းရောင်အသားဝါ (စီ)ပိုးလူနာများအား ကုသမှုပေးခြင်းလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ (Review meeting on National Hepatitis Control Program) ဖွင့်ပွဲအခမ်းအနားအား မေလ ၃၀ရက်က နေပြည်တော်ရှိ Hotel Max တွင် ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကားပြောကြားရာတွင် ထိုသို့ ထည့်သွင်းပြောကြားခြင်းဖြစ်သည်။ ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပြောကြားရာတွင် နိုင်ငံပိုင်ဆေးရုံကြီး (၇) ရုံတို့မှ အသည်းရောင် အသားဝါ (စီ) ပိုးကူးစက်ခံထားရသူလူနာများကို (၂၀၁၇) ခုနှစ်၊ ဖွန်လလယ်ခန့်မှစ၍ Pilot Program အဖြစ် အခမဲ့ကုသမှုပေးခဲ့ပါကြောင်း၊(၂၀၁၈) ခုနှစ်၊ ဧပြီလကုန်အတွင်း အသည်းရောင်အသားဝါ (စီ)ပိုး လူနာဦးရေစုစုပေါင်း(2,099)ဦးကို ကုသပေးနိုင်ခဲ့ပြီး၊ (1,730)ဦး ကုသမှုကာလပြည့်မြောက်ခဲ့ပြီဖြစ်ကာ (၇၂၄) ဦး အသည်းရောင်အသားဝါ(စီ)ပိုး လုံးဝပျောက်ကင်းခဲ့ပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ကုသပျောက်ကင်းခြင်းသည် လူနာရော၊ မိသားစုဝင်များကိုပါ ကာကွယ်ပေးတာဖြစ်ကြောင်း၊ ယခင်က ဆေးကုသစရိတ်များစွာ ကုန်ကျခဲ့သည့် အသည်းရောင်အသားဝါ(စီ) ပိုးကုသမှုသည် ယခုအခါ ကာလတိုနဲ့ ကုန်ကျစရိတ်သက်သာစွာ ကုသနိုင်လာသည်မှာ သတင်းကောင်းဖြစ်ကြောင်း၊ အသည်းရောင်အသားဝါရောဂါသည် Global Public Hea-lth Burden အနေနဲ့ရှိနေပြီး၊ အသည်းရောင်အသားဝါရောဂါ(ဘီ)ပိုး ကာကွယ်ရေးအတွက် မွေးကင်းစကလေးငယ်များကို (ဘီ) ပိုးကာကွယ်ဆေးထိုးနှံခြင်းနဲ့ အသက်တစ်နှစ်အောက်ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ (ဘီ) ပိုးကာကွယ်ဆေး ထည့်သွင်းထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုသမှုပေးရာမှာ အသုံးပြုတဲ့ ဆေးတွေထဲက Daclatasvir ဆေးကို အမေရိကန်နိုင်ငံအခြေစိုက် AmeriCares ကုမ္ပဏီက CHAIအဖွဲ့မှတဆင့် လှူဒါန်းပေးခဲ့တာဖြစ်ပြီးလို့ ကျန်ဆေးတစ်မျိုး Sofosbuvir နဲ့ စမ်းသပ်မှုပစ္စည်းတွေကို (၂၀၁၆-၂၀၁၇) ခုနှစ်၊ ဘဏ္ဍာရေးနှစ် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရန်ပုံငွေမှ ကျပ်ငွေ (၄) ဘီလီယံခန့် အသုံးပြုပြီး ဝယ်ယူပေးခဲ့ကြောင်း၊ (၂၀၁၇-၂၀၁၈) ခုနှစ် အတွက်လည်းအသည်းရောင်အသားဝါရောဂါ (စီ)ပိုး ကုသဖို့ ဆေးဝါးများ ထပ်မံဝယ်ယူထားပြီး သက်ဆိုင်ရာ ကုသမှုဌာနများကို ဖြန့်ဖြူးနိုင်ဖို့ ဆောင်ရွက်နေကြောင်း၊ လက်ရှိဆေးရုံကြီး (၇) ရုံအပြင် မြစ်ကြီးနားနဲ့ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတို့မှာပါ ကုသမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံပိုင်အထူးကုဆေးရုံကြီးများနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနမှပါမောက္ခ၊ ဌာနမှူး၊ အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ စီမံချက်ဝင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဖိတ်ကြားထားသော တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း (၇၀) ဦးခန့် တက်ရောက်ခဲ့ကြပြီး ဆန်းစစ်ဆွေးနွေးပွဲကို မေလ(၃၀) ရက်မှ (၃၁) ရက်အထိ ကျင်းပခဲ့ကြသည်။ အိမ်စည်

သောတပြည့်စုံ စီမံချက်ဖြင့် မွေးရာပါနားမကြား ကလေး (၈၃) ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့

ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်း၏ သောတပြည့်စုံစီမံချက်ဖြင့် မွေးရာပါနားမကြားသော ကလေး(၈၂)ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြောင်း ဝိတိုရိယဆေးရုံ၌ ကျင်းပသော ကလေးငယ်များအတွက် အလှူငွေပေးအပ်ပွဲနှင့် ခွဲစိတ်ပြီးစီး ကလေးငယ်များအတွက် အလှူငွေပေးအပ်ပွဲနှင့် ခွဲစိတ်ပြီးစီးကလေးငယ်အချို့အား အလှူရှင်များနှင့် တွေ့ဆုံပွဲမှသိရသည်။

မွေးရာပါနားမကြားသော ကလေးငယ် (၈၁) ဦးမြောက်နှင့် (၈၂) ဦးမြောက်တို့ကို ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်း၏ သောတပြည့်စုံစီမံချက်ဖြင့် အတွင်းနားအာရုံကြော နှီးဆွစက်ကို ခွဲစိတ်တပ်ဆင်ပြီးဖြစ်ရာ အောင်အောင်မြင်မြင် နားကြားသွားပြီးဖြစ်ကြောင်း သိရသည်။

ကလေးငယ်လူနာ (မွေးရာပါနားမကြားသော) တွေကတော့ အများကြီးရှိကြောင်း၊ မြန်မာပြည်မှာလူဦးရေနှင့် ကလေးမွေးနှုန်းတွက်မည်ဆိုလျှင် ၁၆၀၀၀ လောက်ရှိနိုင်ကြောင်း၊ အကုန်လုံးကို တစ်ပြိုင်နက်မလုပ်နိုင်ကြောင်း၊ ကလေးကိုခွဲပြီးတာနှင့် နားကြားကြောင်း၊ နားကြားပေမယ့် ကိစ္စမပြီးသေးကြောင်း စကားပြောတတ်အောင်သင်ရကြောင်း၊ သုံးလေးနှစ်ကြာကြောင်း၊ ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီ စောင့်ရှောက်မှုဖောင်ဒေးရှင်းမှ သောတပြည့်စုံစီမံချက်ဥက္ကဋ္ဌပါမောက္ခဒေါက်တာ ဦးစိုးတင်က ပြောကြားသည်။

မွေးရာပါနားမကြားပြီး မခွဲစိတ်ရသေးဘဲ စောင့်ဆိုင်းနေသည့် ကလေးငယ်များစွာ ကျန်ရှိနေသည့်အတွက် ကလေးငယ်များအတွက် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဝိတိုရိယဆေးရုံကြီး၊ အမှတ် (၆၈) တော်ဝင်လမ်း၊ ၉ မိုင်မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၉၆၆၆၁၄၁ ၊ ၀၉-၈၈၃၆၆၆၁၄၁-၁၄၄ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကျော်ကျော်

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်မှ လက်နက်ကိုင် ပဋိပက္ခဒဏ်ခံရသူ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကိစ္စရပ်များ လာရောက်ဆွေးနွေး

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Ga-mba သည် မေ ၂၇ ရက်မှ (၂၉)ရက်အတွင်း ရန်ကုန်နှင့် နေပြည်တော်သို့ လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဤခရီးစဉ်၏ အဓိကရည်ရွယ်ချက်တွင် တပ်မတော်၊ ကုလသမဂ္ဂနှင့် နိုင်ငံတော်အစိုးရတို့အကြား ရေးထိုးထားသည့် ပူးတွဲလုပ်ငန်းဆောင်ရွက်မှုစီမံချက်(Joint Action Plan) မှအချက်အလက်များ ပြည့်တင်းစွာဖော်ဆောင်နိုင်ရေး၊ ကလေးစစ်သားစုဆောင်းခြင်းများ တားဆီးရပ်တန့်ရေး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များအပါအဝင် မြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးရှိ ပဋိပက္ခဖြစ်ပွားနေသည့် နေရာများတွင် ပြတ်သားတိကျသည့် ဘက်မလိုက်သော လေ့လာစောင့်ကြည့်ရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန်၊ သက်ဆိုင်ရာဒေသများသို့ သွားရောက်ခွင့်ပြုခြင်း၊ ပြန်လည်တင်သွင်းထားသည့် ကလေးသူငယ်ဥပဒေမူကြမ်းအား အတည်ပြုပြဌာန်းနိုင်ခြင်း၊ အပြစ်အခတ်ရပ်စဲရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအား အဓိကအကြောင်းအရာများအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံမှာ တွေ့ကြုံနေရတဲ့ ပဋိပက္ခတွေနဲ့ ပက်သက်ပြီးကလေးသူငယ်နဲ့ လက်နက်ကိုင်ဆိုင်ရာမှာ ပါဝင်နေတဲ့အဖွဲ့တွေနဲ့ အတူ ကျွန်မတို့အနေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ အဆင်သင့်ပါ" ဟု Ms. Gambaက ပြောသည်။

၎င်း၏ မြန်မာနိုင်ငံခရီးစဉ်၌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။ အိမ်စည်

အနန္တ(အကန့်အသတ်မဲ့)အကြောင်းသိရသမျှ

အနန္တ (ananda 4G+ကိုမေလ ၂၅ရက်ကတရားဝင်စတင်မိတ်ဆက်ခြင်းနှင့်အတူ အနန္တ (အကန့်အသတ်မဲ့)အကြောင်းကို ဖော်ပြပေးလိုက်ပါသည်။

လစဉ်ကြေး ၃၅၀၀၀ကျပ်ပေးသွင်းပြီး ဒေတာများကို Download, Upload အကန့်အသတ်မရှိ အသုံးပြုနိုင်မည့် Sim Base ဝန်ဆောင်မှုတစ်ခုဖြစ်ကြောင်း၊ လှိုင်းနှုန်းစဉ် 2600 Mhz အသုံးပြုခွင့်ရရှိပြီး Amara Communication ၏ထုတ်ကုန်ဖြစ်ပြီး Ice Group of Companies ၏ကုမ္ပဏီခွဲဖြစ်ကြောင်းသိရသည်။

အနန္တ (ananda 4G+)တွင် (mifi) သွားလေရာယူဆောင်သွားနိုင်သည့်စက်လေးနှင့် (Router) အိမ်သုံးလုပ်ငန်းသုံးစက်ကြီးနှစ်မျိုးရှိကြောင်း၊ အိတ်ဆောင်(mifi) စက်သည့် Device (၁၀)လုံးအထိအသုံးပြုနိုင်ကြောင်း၊ အိမ်သုံး၊ လုပ်ငန်းသုံး (Router) သည် Device (၃၀)လုံးအထိအသုံးပြုနိုင်ကြောင်း၊ (mifi) စက်တွင်အားသွင်းသုံးရသည့်စက်ဖြစ်ပြီး တစ်ကြိမ်အားသွင်းထားလျှင် ၆နာရီမှ၈နာရီအကြာအသုံးပြုနိုင်ကြောင်း (Router) စက်သည် အိမ်သုံးမီးနှင့်တပ်ပြီး အသုံးပြုနိုင်သည်။

စတင်အသုံးပြုမှုအဖြစ် ဆင်းကတ်တွဲလျှက်ပါဝင်သည့် Routerနှင့် mifi စက်များသည် စက်ဖိုးပေးစရာမလိုကြောင်း mifi စက်၊ ဆင်းကတ်နှင့်တစ်လစာအင်တာနက်အသုံးပြုခွင့်အပါအဝင်ကျပ် ၃၅,၀၀၀ဖြစ်ပြီး၊ Router စက်ဆင်းကတ်နှင့် နှစ်လစာအင်တာနက်အသုံးပြုခွင့်အပါအဝင်ကျပ် ၆၅,၀၀၀ ဖြစ်ကြောင်း၊ သတ်မှတ်ချိန်ပြည့်ပြီးလျှင်၊ တစ်လကို ၃၅,၀၀၀ကျပ်နှင့်ဖြစ်ဖြစ်၊ တစ်ခြားပက်ကေ့များကိုထပ်မံရွေးချယ်နိုင်ကြောင်း ဆင်းကတ်ကို 2600Mhz ထောက်ပံ့ပေးနိုင်သည့် ဟန်းဆက်များတွင်လည်းထည့်သွင်းအသုံးပြုနိုင်သည်။

စတင်မိတ်ဆက်သည့်နေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အများအပြားတွင်အသုံးပြုနိုင်ကြောင်း၊ လိုင်းမိ၊ မမိသိချင်လျှင် မိမိဖုန်းဖြင့် Myananda ဆော့စ်ဝဲကိုဒေါင်းလုပ်လုပ်ပြီး စစ်ဆေးနိုင်ကြောင်း၊ အက်ပလီကေးရှင်းမှသုံးစွဲသူ ID မှတ်ပုံတင်ခြင်း၊ ဆင်းကတ်မှတ်ပုံတင်ခြင်းငွေဖြည့်သွင်းခြင်းလုပ်ဆောင်နိုင်ကြောင်း၊ APP ကိုဖွင့်ပြီး အခြားဆိုသည့်နေရာမှမြေပုံ အဲဒီမှကွန်ရက်ကိုနှိပ်ပြီးမီးစိမ်းနေလျှင် လိုင်းမိကြောင်း မကြာခင်ရန်ကုန်တိုင်းနေရာအပြည့်နှင့် မန္တလေးမှာရရှိရန်ဆောင်ရွက်နေကြောင်း ananda ကုမ္ပဏီမှသိရသည်။

ကျော်ကျော်

CB Bank နှင့်တယ်လီနော

၂၀၁၈ ခုနှစ်အတွက် မြန်မာ့ငွေကြေးစီမံခန့်ခွဲမှုအကောင်းဆုံးစီမံချက်အဖြစ် The Banker's Choice Award ကို CB Bank နှင့် တယ်လီနော မြန်မာတို့အား The Asian Banker အဖွဲ့အစည်းက ပြီးခဲ့သည့်ရက်သတ္တပတ်က ဘေဂျင်းမြို့တွင်ကျင်းပခဲ့သည့်အခမ်းအနားတွင် တရားဝင်လွှဲပြောင်းချီးမြှင့်ပေးအပ်ခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဒစ်ဂျစ်တယ်ဖြစ်ပေါ်ပြောင်းလဲရေးဖြစ်စဉ်ကို မြန်မာလူထုရဲ့နေထိုင်မှုဘဝအတွက် အကျိုးရှိရှိပေါင်းစပ်ထည့်သွင်းလာနိုင်ပြီဆိုတာကို အခုလိုဩဇာတိက္ကမကြီးမားတဲ့ဆုကိုဆွတ်ခူးနိုင်ခြင်းက သိသိသာသာပြသနိုင်ခဲ့တာပဲဖြစ်ကြောင်း၊ တယ်လီနောအနေနဲ့မြန်မာအ

MYTEL မှ ဈေးကွက်အတွင်း စတင်ဝင်ရောက်

မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ဆက်သွယ်ရေးအော်ပရေတာ Mytel သည် မြန်မာပြည်မှမိုဘိုင်းသုံးစွဲသူများအား ဝန်ဆောင်မှုအမျိုးမျိုးနှင့်လူမှုအကျိုးပြုအစီအစဉ်များကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးအတိုင်းအတာဖြင့် လုပ်ဆောင်ကာလူနေမှုဘဝများကို မြှင့်တင်သွားမည်ဖြစ်ကြောင်းမေလ ၂၀ရက်နေ့ထုတ်ပြန်ချက်အရသိရသည်။

မြန်မာ့ခေတ်အမီဆုံးအော်ပရေတာအဖြစ် ရပ်တည်သွားမည့် Mytel သည် Fiber နည်းပညာကိုအသုံးပြုထားသောကြောင့် သုံးစွဲသူများကိုထိရောက်မြန်ဆန်သောအင်တာနက်နှင့် ကောင်းမွန်သောလိုင်းဆွဲအားကို ပေးစွမ်းမည်ဖြစ်ကြောင်း Fiber နည်းပညာသည် မြန်မာပြည်၏ ကွန်ရက်သိပ်သည်းဆအား လူ ၁သန်းလျှင် ၁၅၀၀ကီလိုမီတာအထိ မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ကြည်လင်ပြတ်သားသောအသံနှင့် ဒေတာသုံးစွဲမှုအတွေ့အကြုံကောင်းဖန်တီးပေးနိုင်သော နောက်ဆုံးပေါ် VOLTE နည်းပညာကို Mytel မှမြန်မာ့ဆက်သွယ်ရေးဈေးကွက်သို့ ပထမဦးဆုံး ယူဆောင်လာပေးမည်ဖြစ်ကြောင်း နောက်ဆုံးပေါ်ခေတ်မီဆန်းသစ်သောနည်းပညာများကို နားလည်ပိုင်ဆိုင်ထားသည့် Mytel သည်သုံးစွဲသူများ၏လိုအပ်ချက်ကို အကောင်းဆုံးဖြည့်ဆည်းပေးပြီး အလုပ်ခွင်မှာသာမက လူနေမှုဘဝမှာပါ အဆင်ပြေချောမွေ့လွယ်ကူစေမည့်အရည်အသွေးမြင့်သောဝန်ဆောင်မှုများကို ပေးအပ်သွားမည်ဖြစ်သည်။

"ဆက်သွယ်ရေးလုပ်ငန်းက မြန်မာနိုင်ငံအတွက်အရမ်းအရေးကြီးပါတယ်။ ဒီဈေးကွက်မှာအထူးလိုအပ်နေတဲ့နေရာလွတ်တွေကိုလည်း ဖြည့်ရင်း တစ်နိုင်ငံလုံးအတွက် 4Gကွန်ရက်နဲ့ အကောင်းဆုံးဒေတာဝန်ဆောင်မှုတွေကိုပေးအပ်သွားဖို့ ရည်ရွယ်ထားပါတယ်။ Mytel ဟာမြန်နှုန်းမြင့် 4Gအင်တာနက်ကိုအသင့်တော်ဆုံးဈေးနှုန်းနဲ့ အကောင်းဆုံးအသုံးပြုနိုင်အောင် လုပ်ဆောင်ပေးသွားမယ့် ပထမဦးဆုံးတစ်ခုတည်းသော အော်ပရေတာဖြစ်ပါတယ်" Mytel ၏ Chief External Relations Officer ဖြစ်သူ ဦးဇော်မင်းဦးမှ ပြောသည်။

Mytel သည်မြန်မာနိုင်ငံအတွက် အကောင်းဆုံးသော အင်တာနက်သုံးစွဲမှုအတွေ့အကြုံကိုယူဆောင်လာပေးမည့်အပြင် အင်တာနက်နည်းပညာနှင့်ပညာရေးကဏ္ဍကို ချိတ်ဆက်ကာပိုမိုအဆင်မြင့်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး "နောင်အနာဂတ်မှာ ထွန်းတောက်ဖို့ပညာရေးမှာမြှုပ်နှံစို့" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မြန်မာ့ပညာရေးမဏ္ဍိုင်ကြီးကို ဒစ်ဂျစ်တယ်လမ်းကြောင်း

ပေါ်သို့ဆွဲတင်ပေးသွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကောင်းမွန်ခိုင်မာသော အစီအစဉ်များထောက်ပံ့ပေးပြီး နိုင်ငံ၏လူငယ်မျိုးဆက်သစ်တွေကို နောက်ဆုံးပေါ်တီထွင်မှုနှင့် နည်းပညာဆိုင်ရာအသိပညာများကိုရရှိစေမှာဖြစ်ပြီး နိုင်ငံတကာအဆင့်ထိခေါ်ဆောင်သွားမည်ဖြစ်သည်။ စတုတ္ထမြောက်အော်ပရေတာ Mytel သည်မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံမှ ကုမ္ပဏီများ

MPT ၏ လုပ်ငန်းခွင့်လေ့လာရေးနှင့် သင်ကြားရေးအစီအစဉ်တွင် နည်းပညာတက္ကသိုလ်မျ

MPT ကမေလနှင့်ဖွန်လအတွင်း နည်းပညာတက္ကသိုလ်များမှနောက်ဆုံးနှစ်ကျောင်းသား/သူ ၈၀၀ကျော်ကို MPT ရုံးများနှင့်လုပ်ငန်းခွင်များတွင်သင်တန်းသားများအဖြစ် လက်ခံလိုက်ပြီဖြစ်ကြောင်း မေလ ၂၉ရက်တွင် MPT ကသတင်းထုတ်ပြန်ထားကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ မျိုးဆက်သစ်အင်ဂျင်နီယာများအတွက်၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုတိုးတက်စေရန်၊ ပံ့ပိုးဆောင်ရွက်ထားသည့် နှစ်လတာလုပ်ငန်းခွင့်လေ့လာရေးနှင့် သင်ကြားရေးအစီအစဉ်အရ ဦးဆောင်ဆက်သွယ်ရေးလုပ်ငန်းတွင်သင်တန်းသားများအဖြစ်၊ လေ့လာချိန်ရရှိမည်ဖြစ်သည့်အပြင် ဘွဲ့ရပြီးနောက်တွင်လည်း၊ အလားအလာရှိသောအလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေနိုင်ကြောင်းသိရမည်ဖြစ်သည်။

MPT ၏ယခုဆောင်ရွက်မှုက ဆက်သွယ်ရေးအော်ပရေတာများထဲတွင် ယခုနှစ်အတွက်လုပ်ငန်းခွင်သင်တန်းအနေဖြင့် အခွင့်အလမ်းအများဆုံးကမ်းလှမ်းခဲ့သည့်အကြီးမားဆုံးလုပ်ငန်းခွင့်လေ့လာရေးနှင့် သင်ကြားရေးအစီအစဉ်ဖြစ်ပြီး၊ နည်းပညာတက္ကသိုလ်ကျောင်းသား/သူများအနေဖြင့် လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့် နည်းပညာကဏ္ဍတွင်တစ်ခုအပါအဝင်ဖြစ်သည့် တယ်လီကွန်း၊ ဆက်သွယ်ရေးလုပ်ငန်းများ၏နည်းပညာနှင့်စီမံခန့်ခွဲမှုအကြောင်းအရာများကို MPT တွင်စူးစမ်းရှာဖွေခွင့်ရရှိမည့်အပြင်၊ ကမ္ဘာ့အဆင့်

မီ 3G၊ 4GLTE+ ကွန်ရက်များ၏ဆက်သွယ်မှုများအကြောင်း၊ လုပ်ငန်းခွင်ဆက်ဆံရေးနှင့် ပတ်သက်သည့်သင်တန်းများ၊ အင်တာနက်ပရိုတိုကောလ်၊ ကွန်ရက်ထုတ်လွှင့်မှုနည်းပညာကွန်ရက်ထိန်းသိမ်းမှုစသည့် ခေါင်းစဉ်များနှင့်အခြားသင်တန်းခေါင်းစဉ်များကို လေ့လာသင်ယူခွင့်ရရှိမည်ဖြစ်သည်။

ဆက်လက်၍ MPT-KSGM လုပ်ငန်းလည်ပတ်မှုဌာန၊ ဒုတိယအရာရှိချုပ်ဖြစ်သူ ဦးနိုင်ကိုကိုကနိုင်ငံရဲ့အနာဂတ်လူငယ်တွေ၊ ပညာရေးဖွံ့ဖြိုးတိုး

မြန်မာတို့ The Banker's Choice Award ဆွတ်ခူး

လျင်မြန်ဆုံးတိုးတက်နေတဲ့ဆက်သွယ်ရေးကွန်ရက်တစ်ခုအဖြစ် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးမှာ ဆက်သွယ်ရေးဝန်ဆောင်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့်ပေးအပ်နေကြောင်း၊ ဒါကြောင့် နေ့စဉ်စီမံကိုင်တွယ်နေရတဲ့ငွေပမာဏနဲ့ ငွေကြေးလုပ်ငန်းဆောင်တာတွေဟာ အင်မတန်များပြားပါတယ်။ CB Bank နဲ့အတူ ကျွန်တော်တို့တည်ထောင်အသုံးပြုနေတဲ့ ငွေကြေးစီမံခန့်ခွဲမှုပုံစံက လူ့အရင်းအမြစ်အပေါ် မှီခိုရမှုနည်းပါးပြီး၊ ငွေရေးကြေးရေးလုပ်ငန်းဆောင်တာအများစုကို လူအစားထိုးစနစ်နဲ့ လည်ပတ်ခြင်းဖြစ်တဲ့အတွက် တယ်လီနောရဲ့လုပ်ငန်းတွေ ရေရှည်တည်တံ့ပြီး ပိုမိုကြီးမားတိုးတက်လာဖို့အတွက်အလွန်ကိုအရေးပါကြောင်း ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြုပြီး ကျွန်တော်တို့ရဲ့ လုပ်ငန်းဆောင်တာတွေ အနာဂတ်မှာပိုမိုတိုးတက်လာဖို့ကိုလည်းမျှော်လင့်ထားကြောင်း တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann ကပြောကြားသည်။

“ဒစ်ဂျစ်တယ်လမ်းစဉ်ကိုသွားခြင်းဟာ ဘဏ်ဝန်ဆောင်မှုနဲ့ ဝေးကွာနေတဲ့သန်းပေါင်းများစွာသော ပြည်သူအားလုံးပါဝင်နိုင်မယ့်ငွေရေးကြေးရေးကဏ္ဍတစ်ခုဖြစ်ပေါ်ဖို့အတွက် အရမ်းကိုအရေးကြီးတဲ့အထောက်အကူတစ်ရပ်ဖြစ်ပြီး၊ တယ်လီနောနှင့်အတူတူ ပူးပေါင်းလုပ်ဆောင်ရတဲ့အတွက် CB Bank ရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ ပြည်သူလူထုတစ်ရပ်လုံးပါဝင်နိုင်တဲ့ ငွေရေးကြေးရေးကဏ္ဍတစ်ခုဖြစ်ထွန်းလာဖို့နဲ့ နိုင်ငံတစ်ဝန်းစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်များစွာအထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊ ဒါကြောင့် တယ်လီနောအတွက် ငွေကြေးစီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်အောင်ပြောင်းလဲရာမှာ ဒစ်ဂျစ်တယ်နည်းပညာနဲ့ဝန်ဆောင်မှုပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နောက်ပြီးဒီပူးပေါင်းဆောင်ရွက်မှုကို The Asian Banker အဖွဲ့အစည်းက အသိအမှတ်ပြုတဲ့အတွက်လည်းဝမ်းသာကြောင်း CB Bank ၏အမှုဆောင်အရာရှိချုပ် ဦးကျော်လင်းက ပြောကြားသည်။

နိုင်ငံတဝန်း တယ်လီနော၏ ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းဆောင်တာများကိုစီမံခန့်ခွဲရန်အတွက် လွန်ခဲ့သည့်လေးနှစ်ကျော်ကတည်းက မိတ်ဖက်များအဖြစ်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ CB Bank ကိုယ်၏ ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းမှုအပေါ် အာရုံစိုက်မှုနှင့် နည်းပညာအတွက် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် အခြေခံကာ တယ်လီနောကရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အီလက်ထရောနစ်စနစ်သုံး ငွေကြေးစီမံခန့်ခွဲမှုစနစ်သည် ယခင်အသုံးပြုနေသော ငွေသားဖြင့်ပေးချေမှုစနစ်ကို ဒစ်ဂျစ်တယ်နည်းပညာသုံးပေးချေမှုစနစ်အဖြစ် ပြုပြင်ပြောင်းလဲလိုက်ခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ပေးနေသောဝန်ဆောင်မှုများကို CB Bank ကငင်း၏ Platform ပေါ်တွင်ပေါင်းစပ်လိုက်ခြင်းဖြင့် တယ်လီနောနှင့် ၎င်းထံဝန်ဆောင်မှု/ကုန်ပစ္စည်းပေးသွင်းသူ၊ ကိုယ်စားလှယ်များနှင့် သုံးစွဲသူများအကြားငွေပေးချေမှုများကို ပိုမိုလျင်မြန်လွယ်ကူစေကြောင်းသိရသည်။

ကျော်ကျော်

အူရီဒူးမြန်မာမှ မန္တလေးတိုင်းဒေသကြီးတွင် ပညာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် သိန်း ၂၅၀၀ကျော် လှူဒါန်း

အူရီဒူးမြန်မာမှ နိုင်ငံတစ်ဝှမ်းတွင်ကူညီလှူဒါန်းရန် ရည်ရွယ်ထားသည့် ကျပ် (၁)ဘီလျံထဲမှ ငွေကျပ်သိန်း ၂၅၀၀ကျော်ကို မန္တလေးတိုင်းဒေသကြီးရှိ လူထု၏ပညာရေးတိုးတက်ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးနိုင်ရန်အတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။ အူရီဒူးမှ လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်ဖြစ်သည့် “မိနစ်များများပြောလေ အူရီဒူးကများများလှူပေးလေ”ဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် လူငယ်ဂေဟာများမှ ကလေးငယ်များအားကူညီပံ့ပိုးလှူဒါန်းပွဲအခမ်းအနားကို မန္တလေးမြို့ တောင်စလင်းကျောင်းတိုက်၊ မဟာအောင်မြေဓမ္မဗိမ္မာန်၌ မေလ ၂၀ရက်ကကျင်းပပြုလုပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးမှ အစိုးရအရာရှိကြီးများ၊ ဖောင်တော်ဦးပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျောင်းတိုက်ဆရာတော် အရှင်ဘဒ္ဒန္တနာယက၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကိုယ်စားပြုကြွရောက်သည့် သံဃာတော်များ၊ အူရီဒူးမိသားစုနှင့် ဒေသနေလူထုများ အခမ်းအနားသို့တက်ရောက်ခဲ့ကြသည်။

ထူးခြားကောင်းမွန်သည့် “မိနစ်များများပြောလေ အူရီဒူးကများများလှူပေးလေ”လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်ဖြင့် အူရီဒူးမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်းစီအတွက် လက်ပ်တော့များ၊ ပရင်တာများ၊ Scanner များ၊ အူရီဒူးအင်တာနက်ချိတ်ဆက်မှုပါဝင်သည့် မိုဒန်းများကိုကွန်ပျူတာခန်းမ ဖွင့်လှစ်နိုင်ရန်အတွက် လှူဒါန်းခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျောင်းသားပေါင်း ၁၂,၀၀၀ကျော်သည် ပိုမိုကောင်းမွန်သည့် သင်ယူမှုပတ်ဝန်းကျင်ကောင်းရရှိမည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သူ Mr.Vikram Sinha က“ကျွန်တော်တို့အနေဖြင့် အူရီဒူးသုံးစွဲသူတွေအနေနဲ့ အခုလိုလူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်မှာ ပူးပေါင်းပါဝင်ပေးကြတဲ့အတွက် အထူးဂုဏ်ယူရယူလို၊ အူရီဒူးဆင်းကတ်ကိုအသုံးပြုကြတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်မှာ သုံးစွဲသူတွေရဲ့ တိုက်တွန်းအားပေးမှုနှင့်ပါဝင်မှုကြောင့် အူရီဒူးအနေနဲ့ ဒေသနေလူထု၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကျပ်သိန်း ၂၅၀၀ကျော်ပံ့ပိုးပေးနိုင်တာကြောင့် အခုဆိုရင်ကျောင်းသားကျောင်းသူကလေးငယ်တွေဟာ ပိုမိုကောင်းမွန်တဲ့ သင်ယူမှုဝန်းကျင်ကောင်းရှိလာတော့မှာဖြစ်တဲ့အတွက် ပညာကိုပိုပြီးကောင်းမွန်စွာအာရုံစိုက်လေ့လာနိုင်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အူရီဒူးအနေဖြင့် ပိုမိုကောင်းမွန်သည့်သင်ယူမှုဝန်းကျင်ကောင်းကို ယူဆောင်ပေးရုံမျှမက၊ ဒီဂျစ်တယ်သင်ယူမှုပုံစံရရှိရန်အတွက် ထူးခြားကောင်းမွန်တဲ့ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်တွေက မန္တလေးမှာသာမက တစ်နိုင်ငံလုံးမှာရှိတဲ့လူထုရဲ့ဘဝတွေပိုမိုပြည့်စုံကောင်းမွန်ဖို့အတွက် သိသာထင်ရှားတဲ့အပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ပါတယ်”ဟုပြောကြားခဲ့သည်။

အူရီဒူးသည် ဒေသဆိုင်ရာအစိုးရအဖွဲ့မှ ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည်နှင့်အညီ ပညာရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလိုအပ်နေသည် စဉ့်ကိုင်မြို့နယ်ရှိ မာန္တာရာမဥယျာဉ်လေး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြင်းခြံမြို့နယ်ရှိ ဒူလဗိုလ်ရေလည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တံတားဦးမြို့နယ်ရှိ သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရတနာမိုးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပညာပါရမီရွှေကျောင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ပုသိမ်ကြီးမြို့နယ်ရှိ ကျောင်းမကြီးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ စဉ့်ကူးမြို့နယ်ရှိ မြသိန်းတန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မဟာအောင်မြေမြို့နယ်ရှိ ဇေယျဝတီဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကောင်းမြတ်ရတနာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့ကိုပံ့ပိုးလှူဒါန်းခဲ့ကြောင်းသိရသည်။

ကျော်ကျော်

…ားမှကျောင်းသား/ကျောင်းသူ ၈၀၀ကျော်ပါဝင်

တက်လာစေဖို့အစွမ်းကုန်ကူညီသွားမည့်အပြင် MPT အနေဖြင့် ယခုလိုနည်းပညာတက္ကသိုလ်ကျောင်းသား/ကျောင်းသူများ၏ ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက်၊ ဆက်သွယ်ရေးနည်းပညာနယ်မှ ဆောင်ရွက်ပေးနိုင်သည့်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်းပြောကြားခဲ့သည်။

လှမျိုး–ဆ.သ.ရ

ပူးပေါင်းပြီးတည်ထောင်ထားသည့် အော်ပရေတာတစ်ခုဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးဈေးကွက်ဆိုင်ရာအသိအမြင်များကို မြန်မာကုမ္ပဏီများဘက်မှတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုကဲ့သို့နှစ်နိုင်ငံပူးပေါင်း လုပ်ဆောင်ရာတွင် ကြီးမားသောအင်အားတစ်ရပ်ဖြစ်ကြောင်းသိရှိရသည်။

ကျော်ကျော်

MPT က နိုင်ငံတကာ ဖုန်းခေါ်ဆိုမှု ပက်ကေ့ချ်ဖြင့် ပြည်ပနိုင်ငံ၁၂နိုင်ငံ ဖုန်းခေါ်ဆိုနိုင်ပြီ

အမည်	နှုန်းထား (ကုန်သွယ်ခွန်ပါဝင်ပြီး)	သတ်မှတ်ချက်များ	အသုံးပြုနိုင်သည့်နိုင်ငံများ	ဝယ်ယူရန်	သက်တမ်း
All in One IDD Promo Pack	၄၉၉ ကျပ်	တစ်မိနစ်လျှင် ၅၀ ကျပ်	ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်္ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊	*2050#	ရက် ၃၀
			ဂျပန်၊ ဩစတြေးလျ၊ ဟောင်ကောင်၊ အမေရိကန်၊ ကနေဒါ	*106#	

မြန်မာ့ပထမဆုံးနှင့် ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သည့် MPT ကပြန်လည်ဆန်းသစ်ထားသည့် နိုင်ငံတကာဖုန်းခေါ်ဆိုမှုပက်ကေ့ချ်ဖြင့် ပြည်ပနိုင်ငံ(၁၂)နိုင်ငံဖြစ်သည့်ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်္ကာပူ၊ ဘင်္ဂလားဒေ့ချ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ ဟောင်ကောင်စသည့်အာရှနိုင်ငံများ အပါအဝင်မြောက်အမေရိကရှိ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံများသို့နိုင်ငံတကာဖုန်းခေါ်ဆိုမှုပက်ကေ့ချ်အသစ်ဖြင့် ဈေးနှုန်းသက်သာစွာ ဖုန်းခေါ်ဆိုနိုင်တော့မည်ဖြစ်သည်ကို MPT ၏မေလ ၂၈ရက်နေ့တွင်ထုတ်ပြန်ကြေငြာချက်အရသိရသည်။

ယခုအသစ်ပြောင်းလဲလိုက်သည့်နှုန်းထားသစ်သည်၊ မူလနှုန်းထားထက် ၅၀ ရာခိုင်နှုန်းလျှော့ကျသွားကာ၊ အဆိုပါ ၁၂နိုင်ငံနှင့်ဆက်သွယ်မည်ဆိုပါက တစ်မိနစ်လျှင်ဖုန်းခေါ်ဆိုခ ၅၀ကျပ်သာကျသင့်မည်တော့မည်ဖြစ်သည်။ ပြည်ပရှိမိသားစုဝင်များနှင့်ပိုမိုအချိန်ပေး ဆက်သွယ်နိုင်တော့မည်ဖြစ်သည်။ MPT ၏နိုင်ငံတကာဖုန်းခေါ်ဆိုမှုပက်ကေ့ချ်ကို ၄၉၉ကျပ်ဖြင့်ဝယ်ယူနိုင်မည်ဖြစ်ပြီး အဆိုပါ IDD ပက်ကေ့ချ်သည်ရက်ပေါင်း ၃၀သက်တမ်းရှိပြီး MPT ၏ GSM နှင့် WCDMA အသုံးပြုသူများ အားလုံးအသုံးပြုနိုင်မည်ဖြစ်သည်။

MPT ၏ IDD ပက်ကေ့ချ်ကိုအသုံးပြုလိုပါက *2050#(သို့)*106# သို့ဖုန်းခေါ်ဆိုခြင်း(သို့)Android နှင့် ios အသုံးပြုသူများအနေဖြင့်ပြန်လည်ဆန်းသစ်ထားသည့် MPT4U အက်ပလီကေးရှင်းမှတစ်ဆင့်လည်း ဝယ်ယူအသုံးပြုနိုင်မည့်အပြင် MPT ၏တရားဝင် Facebook စာမျက်နှာ facebook .com/mptofficialpageမှတစ်ဆင့်မေးမြန်းနိုင်ကြောင်းသိရသည်။

လှမျိုး–သဇင်

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) မှ USAP-CMA National Briefing ကျင်းပ

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) မှ ပြုလုပ်သည့် USAP-CMA National Briefing အခမ်းအနားကို ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီမှ တာဝန်ရှိသူများ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဌာနမှူးများ တာဝန်ရှိသူများတက် ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးကျော်မျိုးမှ အဖွင့်အမှာစကားပြောကြားပါသည်။ ၎င်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက မိတ်ဆက်စကားများ ပြောကြားသည်။ ယင်းနောက် ICSO USAP-CMA Team Leader အဖွဲ့ ခေါင်းဆောင် Mr.Karen Zadoyen မှ စစ်ဆေးမည့် လုပ်ငန်းစဉ်အစီအမံများအား ရှင်းလင်းပြောကြားပါသည်။ ၎င်းနောက် အစည်းအဝေးသို့တက်ရောက် လာသူများမှသိလိုသည်များအား ပြန်လည်မေးမြန်းကြရာ ၎င်းမှ ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယခုလာရောက်စစ်ဆေးသည့်အဖွဲ့မှာ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation Organization ICAO) မှာ လာရောက်စစ်ဆေးခြင်းဖြစ်သည်။ ICAO အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား စစ်ဆေးရာတွင် Safety နှင့် Security ဟူ၍ နှစ်မျိုးရှိပြီး ယခုလာရောက်စစ်ဆေးခြင်း မှာ Security Audit အဖြစ်လာရောက်ခြင်းဖြစ်သည်။ အဆိုပါ USAP Audit သည် မြန်မာနိုင်ငံသို့ ၂၀၀၄ ခုနှစ်တွင် တစ်ကြိမ် ၂၀၀၉ ခုနှစ်တွင် တစ်ကြိမ် လာရောက်စစ်ဆေးပြီး ဖြစ်သည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ်လာရောက်စစ်ဆေးရာတွင် USAP (Universal Security Audit Program) ဟုခေါ်ပြီး ၂၀၀၄ ခုနှစ်တွင် First Circle ၂၀၀၉ ခုနှစ်တွင် Second Circle အဖြစ် လာရောက်ခဲ့ခြင်းဖြစ်သည်။ ယခုလာရောက် စစ်ဆေးရာတွင် CMA (Continuous Monitoring Activities) ပါ ပါဝင်လာပြီး USAP-CMA အဖြစ် စစ်ဆေး သွားမည်ဖြစ်သည်။ ထိုသို့ USAP-CMA အဖြစ်စစ်ဆေး ခြင်းဖြစ်သည့်အတွက် Online Framework အခြေခံမည်ဖြစ်ပြီး စစ်ဆေးမည့်ကာလမှာ မေလ ၂၈ ရက်မှ ဇွန် ၈ ရက်ခန့် ကြာမည်ဖြစ်သည်။

USAP-CMA တွင် စာရွက်စာတမ်းများ စစ်ဆေးခြင်း လေဆိပ် လေယာဉ်ဝန်ထမ်းများနှင့် ၎င်းတို့၏အသုံးအဆောင်အစားအသောက်များ၊ ကုန်စည်ပို့ဆောင်ရေး၊ လေဆိပ်လုံခြုံရေး၊ အမျိုးသားမြို့ပြလုံခြုံရေးအစီအစဉ်များ၊ မြန်မာနိုင်ငံအနေဖြင့် လေကြောင်းဆိုင်ရာ ဥပဒေများ၊ သင်တန်းပေးမှုများ၊ Control Program များ စသည်ဖြင့် စစ်ဆေးသွားမည်ဖြစ်သည်။

"အခုဒီတစ်ကြိမ်စစ်တာက CMA ပါလာတဲ့အတွက်ကြောင့် Omline Framework အခြေခံသွားတယ်။ တွေ့ရှိချက် တွေကို ချက်ခြင်းလက်ငင်းဖြေရှင်းဆောင်ရွက်လို့ရတာ တွေကို ချက်ခြင်းဖြေရှင်းရမယ်။ အချိန်ယူပြီး ဖြေရှင်းလို့ရတဲ့ကိစ္စတွေကို အွန်လိုင်းပေါ်မှာ ဖြေရှင်းပေးသွားမယ်။ ICAO ကလည်း အွန်လိုင်းကနေ ပြန်လည်မှတ်ချက်ပြုမယ် ဒါကို USAP-CMA လို့ခေါ်တယ်" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က ပြောသည်။

ICAO တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံ ပါဝင်ပြီး ၎င်းအဖွဲ့မှ စစ်ဆေးမှုများလုပ်ဆောင်ရာတွင် လေဆိပ်များ၊ လေယာဉ်များ၊ လေကြောင်းနှင့် ခရီးသွားဧည့်သည်များနှင့် ၎င်းတို့ပစ္စည်းများ၊ လေယာဉ်ပေါ်တင်သည့် အစားအသောက်များ စသည်တို့သာမက လေယာဉ်မောင်းနှင်သည့် လေယာဉ်မှူး အပါအဝင် လေယာဉ်အဖွဲ့သားအားလုံးနှင့် ၎င်းတို့၏ ပစ္စည်းများကိုပါ စစ်ဆေးခြင်း သက်ဆိုင်ရာနိုင်ငံ၏ လေကြောင်းလုံခြုံရေးဆိုင်ရာ ဥပဒေများ၊ ICAO မှ ပြဌာန်းချက်များ၊ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးအစီအစဉ်များ၊ Training Program များ၊ လေဆိပ်လုံခြုံရေးအစီအစဉ်များ နိုင်ငံတော်မှပြဌာန်းထားသည့် ဥပဒေများ၊ လုံခြုံရေးဆိုင်ရာအစီအစဉ်များ စသည်တို့အား အချိန်ယူစစ်ဆေးခြင်းဖြစ်သည်။

ယင်းသို့ USAP Audit စစ်ဆေးမှုခံယူနိုင်သည့်အတွက်ကြောင့် ရရှိမည့်အကျိုးကျေးဇူးနှင့်ပတ်သက်၍ ဦးရဲထွဋ်အောင် မှ "အခုလို စစ်ဆေးမှုခံယူတဲ့အတွက်ဘာကောင်းသွားလဲဆိုတော့ သူတို့စစ်တာပြီးသွားလို့ ပြီးရင်၊ ရလာဒ် Result ကျေနပ်တယ်ဆိုရင်ကို ICAO ရဲ့ တရားဝင်ဝက်ဆိုဒ်မှာ ကြေငြာပေးတာဆိုတော့ အဖွဲ့ဝင်နိုင်ငံတိုင်းက လေကြောင်းအာဏာပိုင်တွေသိနိုင်မယ်။ နိုင်ငံတကာ လေကြောင်းလိုင်းနဲ့ လေဆိပ်တွေလဲသိနိုင်အောင် အဓိကကတော့ မြန်မာနိုင်ငံကို တိုက်ရိုက်ပြေးဆွဲနေတဲ့ နိုင်ငံတကာ လေဆိပ်နဲ့ ခရီးသွားလေကြောင်းလိုင်းတွေ၊ လေကြောင်းခရီးသွားတွေရဲ့ ယုံကြည်ကိုးစားမှုပိုပြီးရသွားမယ်။ ဒီအတွက်လည်း ကြိုတင်ပြင်ဆင်မှုတွေလုပ်ထားတော့ ယုံယုံကြည်ကြည်နဲ့အစစ်ခံနိုင်ပါတယ်" ဟု၎င်းက ပြောသည်။

ICAO အနေဖြင့် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံကိုဇုန် (၆) ဇုန်ခွဲကစစ်ဆေးခြင်းဖြစ်ပြီး ထိုသို့စစ်ဆေးခြင်းမှာ အကြမ်းအားဖြင့် ၆ နှစ် ၇ နှစ် ခန့်ကြာမြင့်မှ တစ်ကြိမ်စစ်ဆေးခဲ့နိုင်ကြောင်းသိရသည်။

ဓါတ်ပုံ-တင်မောင်-ပို့/ဆက်သတင်း-အိမ်စည်/သဇင်ဖူး

မြန်မာ-ထိုင်း အိုင်တီနှင့် ဒီဂျစ်တယ်စီးပွားရေးပြပွဲနှင့် ဖွင့်ပွဲအခမ်းအနား ရန်ကုန်မြို့တွင် ကျင်းပ

မြန်မာ-ထိုင်းနှစ်နိုင်ငံ စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် Software, IT & Digital Economy နှင့် သက်ဆိုင်သည့်နည်းပညာပြပွဲကို မေလ ၂၄ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ Pullman Yangon Centerpoint ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး တက်ရောက်ပြီး၊ ပြခန်းများအား လိုက်လံကြည့်ရှုရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံတာဝန်ရှိသူပုဂ္ဂိုလ်များနှင့် အတူအမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဆက်သွယ်ရေးကဏ္ဍတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး၊ ယင်းကဏ္ဍမှတဆင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး e-Government လုပ်ငန်းစဉ်နှင့် သတင်းအချက်အလက်နည်းပညာများ တိုးတက်အောင်လုပ်ဆောင်မှုများဖြင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေပြီး၊ ပုဂ္ဂလိကစက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရေးအတွက် အစိုးရအနေဖြင့် မူဝါဒ ၁၂ ရပ်ချမှတ်ထုတ်ပြန်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ငွေကြေးဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံအဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဒီဂျစ်တယ်နည်းပညာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို အားပေးကာ နေရာအနှံ့တွင် Digital economy ဖြင့်လုပ်ဆောင်လျက်ရှိကြောင်း၊ နှစ်နိုင်ငံပြည်သူများ စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် တွေ့ဆုံမှုများမှ အကြံဉာဏ်များပေးခြင်းဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံပြည်သူများအကျိုးအမြတ်များရရှိစေမှာဖြစ်ပြီး၊ ယခုဆွေးနွေးပွဲကတစ်ဆင့် ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင်လည်း ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် ကျေးလက်နှင့်မြို့ပြ၊ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ-ထိုင်းဆော့ဝဲလ်၊ အိုင်တီနှင့် ဒီဂျစ်တယ်ပြပွဲသို့ ထိုင်းကုမ္ပဏီ ၁၆ခုလာရောက်ပြီး Stock Share ဝင် ကုမ္ပဏီ ၃ခုပါ လာရောက်ပြသကြောင်း၊ လာရောက်ပြသသော ကုမ္ပဏီအများစုမှာ ဒီဂျစ်တယ်တီဗွီ၊ ဒီဂျစ်တယ်မဂ္ဂဇင်း၊ ဒီဂျစ်တယ်ဂျာနယ်၊ Payment Card၊ ငွေကြေးပိုင်းဆိုင်ရာဆော့ဝဲလ်ကုမ္ပဏီများနှင့် နည်းပညာဖြင့် စီးပွားရေးဆော့ဝဲလ်ကုမ္ပဏီများလာရောက်ပြသခဲ့ကြောင်း သိရသည်။ ပြပွဲကို မေ ၂၄နှင့်၂၅ ရက်တို့တွင် ကျင်းပခဲ့ပြီး၊ ယခုထိုင်းစီးပွားရေးသံရုံးလက်ထက်တွင် အိုင်တီပြပွဲကို ပထမဆုံးပြသခြင်းဖြစ်သည်ကို သိရသည်။

မြန်မာ-ထိုင်းဆော့ဝဲလ်၊ အိုင်တီနှင့် ဒီဂျစ်တယ်ပြပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး၊ ထိုင်းစီးပွားရေးသံမှူး၊ မစ္စတာပကိုင်နေး၊ မြန်မာနိုင်ငံကွန်ပြူတာပညာရှင်များအသင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ပြည်တွင်းကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

လှမျိုး ဆ.သ.ရ

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရေကြောင်းမှူးကြီးများနှင့်တွေ့ဆုံ

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မေလ ၂၆ရက်၊ နံနက်ပိုင်းက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အစည်းအဝေးခန်းမတွင် ရေကြောင်းပြမှူးကြီးများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်၊ အထွေထွေမန်နေဂျာ ဦးသက်ထွန်းနှင့် ရေကြောင်းပြမှူးကြီးများ တက်ရောက်ကြသည်။

ရေကြောင်းပြလုပ်ငန်းသည် လွန်စွာပင်ပန်းဆင်းရဲပြီး အန္တရာယ်ကြီးမားကာ နိုင်ငံခြားက ဝင်လာတဲ့သင်္ဘောကြီးတွေကို ထိန်းကြောင်းပို့ဆောင်ရတာ တာဝန်အလွန်ကြီးမားပါကြောင်း၊ နားလည်စာနာပါကြောင်း၊ အသိအမှတ်ပြုပါကြောင်း၊ တပ်မတော်ရေမှ ဒုတိယဗိုလ်မှူးကြီး၊ ဗိုလ်မှူးအဆင့်နဲ့ ကျွန်တော်တို့ဝန်ကြီးဌာနကို ပြောင်းရွှေ့လာပြီး လိုအပ်တဲ့အင်အားတွေဖြည့်ပေးတာမို့ လေးစားပါကြောင်း၊ ပြင်ပလုပ်ငန်းကုမ္ပဏီတွေမှာ အလုပ်လုပ်ရင် လစာပိုရမှာသေချာပေမယ့် နိုင်ငံတော့်ဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြလို့ ကျေးဇူးတင်ပါကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က သောင်တူးသင်္ဘော၏ လုပ်ငန်းဆောင်ရွက်နေသည်များနှင့် ရန်ကုန်ဆိပ်ကမ်းမှ ၆၄ကီလိုမီတာအကွာ ပင်လယ်ဝရှိ ပင်လယ်ပြင်အခြေစိုက်ရေကြောင်းပြစခန်း (Fixed Pilot Station) တည်ဆောက်ပြီးစီးမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ရေကြောင်းပြမှူးကြီး ဦးလတ်ထွန်းက ရေကြောင်းပြမှူးကြီးများ၏ နေ့စဉ်လုပ်ငန်းခွင်ဆောင်ရွက်မှုများနှင့် ရေကြောင်းပြမှူးကြီး ဦးတင်မောင်လွင်မှ ရန်ကုန်မြစ်အတွင်း ပြည်ပမှသင်္ဘောကြီးများ ဆိပ်ကမ်းအသီးသီးသို့ဝင်ထွက်၊ ဆိုက်ကပ်၊ ထွက်ခွာမှု၊ ရန်ကုန်မြစ်၏ ရေစီးဆင်းမှုသဘာဝ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ လိုအပ်ချက်များအား ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်အသီးသီးအပေါ် ပြည်ထောင်စုဝန်ကြီးမှ ဖြည့်ဆည်းပေးရမည့်လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး တွေ့ဆုံပွဲကို နေ့လည်ပိုင်းတွင်ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

တင်မောင် (ပို့/ဆက်)၊ T.Z



ပင်လယ်ပြင်အခြေစိုက်ရေကြောင်းပြစခန်း (Offstore Fixed Pilot Station) တည်ဆောက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ထုတ်ကုန်၊ သွင်းကုန်များအား အဓိကသယ်ယူပို့ဆောင်ပေးနေသည်မှာ ကုန်သွယ်ရေကြောင်းကဏ္ဍဖြစ်သည်။ ကုန်သေတ္တာတင်၊ အထွေထွေကုန်တင်၊ လောင်စာဆီတင်ဆောင်ထားသည့် ပင်လယ်ကူးသင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာရာတွင် ရန်ကုန်ဆိပ်ကမ်းမှ ၆၄ ကီလိုမီတာအကွာရှိ ပင်လယ်ဝမှ ဝင်၊ ထွက်ကြရသည်။

အဆိုပါ ပင်လယ်ဝတွင် ရေကြောင်းပြသင်္ဘော (Pilot Vessel) ၂ စီးအား ရေကြောင်းပြစခန်းအဖြစ် အလှည့်ကျကျောက်ချအခြေစိုက်ထားရှိသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်ကြသည့် ပင်လယ်ကူးသင်္ဘောကြီးများအား အန္တရာယ်ကင်းရှင်းစွာဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ထိန်းကျောင်းပေးသူများမှာ ရေကြောင်းပြမှူးကြီးများ ဖြစ်ကြသည်။ နေ့ ည အချိန်နာရီမရွေး ဦးဆောင်သယ်ပို့ပေးနိုင်ရန် ရေကြောင်းပြသင်္ဘောပေါ်တွင် ရေကြောင်းနှင့် စက်ပိုင်းဆိုင်ရာအရာထမ်း၊ အမှုထမ်းများလည်း တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်၊ ထွက်သွားလာမှု ပိုမိုများပြားလာသည်နှင့်အမျှ တာဝန်ကျဝန်ထမ်းများဖို့ ပိုများပြားလာပြီး နေရာလုံလောက်မှု လိုအပ်ချက်ရှိလာသည်။ ရာသီဥတုဆိုးဝါးချိန်များတွင် ရေကြောင်းပြသင်္ဘောအား ဘေးလုံခြုံရာသို့ ရွှေ့ပြောင်းခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်ကြီးမြင့်လာခြင်း၊ ဝန်ထမ်းများအတွက် လုံခြုံစိတ်ချရသည့် ပင်လယ်ပြင်အခြေစိုက်ရေကြောင်းပြအဆောက်အအုံ (Offshore Fixed Pilot Station) သံကူကွန်ကရစ် ၃ ထပ်ဆောက်လုပ်ရခြင်းဖြစ်

» စာ - ၂၀



ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် ရွာသာကြီးရှိ မြန်မာ့မီးရထားပိုင်မြေတွင် တည်ဆောက်လျှက်ရှိသည့် ကုန်းတွင်းဆိပ်လုပ်ငန်းများ သွားရောက် ကြည့်ရှု

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရွာသာကြီးရှိ မြန်မာ့မီးရထားပိုင်မြေတွင် BOT စနစ်ဖြင့် တည်ဆောက်လျှက်ရှိသည့် ကုန်းတွင်းဆိပ်(DRY-POART) လုပ်ငန်းများကို မေလ ၂၆ ရက် ညနေ ၄နာရီတွင် သွားရောက်ကြည့်ရှုခဲ့သည်။

KM Terminal & Logistics Limited ကုမ္ပဏီ ရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများများနှင့် စပ်လျဉ်း ရှင်းလင်းတင်ပြရာ၊ ဝန်ကြီးက လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ အချိန်မီပြီးစီးရေးအတွက် လမ်းညွှန်မှာကြားပြီး၊ ဆောက်လုပ်ပြီးစီးနေသော အဆောက်အဦများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် RESOURCE GROUP LOGISTICS Co.Ltd ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကုမ္ပဏီ၏ တာဝန်ရှိသူများက လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှ လုပ်ငန်းပြီးစီးမှုအနေအထား၊ တည်ဆောက်စဉ် အိမ်မြေယာဖယ်ရှားမှုများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများနှင့် စပ်လျဉ်းရှင်းလင်းရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့အောင်ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ကုန်းတွင်းဆိပ်သည် မြန်မာ့မီးရထားပိုင်မြေပေါ်တွင် BOT စနစ်ဖြင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက တည်ဆောက်ခဲ့ပြီး ယခုနှစ်အောက်တိုဘာလတွင် ပြီးစီးမည်ဖြစ်ပြီး (Dry-Poart)နှစ်ခုသည် ဧက ၄၀ စီရှိကြောင်း လုပ်ငန်းများပြီးစီးပါက သီလဝါ-ရွာသာကြီး-မြစ်ငယ်တို့အကြား ကုန်သေတ္တာရထားများ ပြေးဆွဲမည်ဖြစ်သည်။

ရွာသာကြီးကုန်းတွင်းဆိပ်နှစ်ခုကို သက်ဆိုင်ရာကုမ္ပဏီများက ကန်ဒေါ်လာ သန်း ၅၀ကျော် ကုန်ကျခံ တည်ဆောက်နေပြီး၊ လုပ်ငန်းများ ၅၀ရာခိုင်နှုန်းပြီးစီးနေပြီး၊ အားလုံးပြီးစီးသွားလျှင် တစ်ရက်ကို ကွန်တိန်နာအလုံး ၃၀၀၀ခန့် ကိုင်တွယ်နိုင်ပြီး၊ ကွန်တိန်နာအလုံးနှစ်သိန်းကျော် သိုလှောင်နိုင်ကြောင်း၊ ရန်ကုန်-သီလဝါကြား ယာဉ်ကြောကျပ်တည်းမှုလျှော့ချနိုင်ပြီး၊ ကုန်စည်သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်သက်သာနိုင်ကြောင်း သိရှိရသည်။

ကျော်ကျော်

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာနိုင်ငံကွန်ပျူတာအသင်း နှစ် ၂၀ပြည့် အခမ်းအနားသို့ တက်ရောက်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းများ၏ နှစ် (၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို မေလ ၂၈ ရက်၊ နံနက် ၉ နာရီတွင် လှိုင်မြို့နယ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MICT Park) ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးသာဦး၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းများမှ ဥက္ကဋ္ဌများ၊ ပါမောက္ခ ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအပါအဝင် ဖိတ်ကြားထားသည့် ပြည်နယ်နှင့်တိုင်းများမှ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

နှစ် (၂၀) ပြည့် အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌဦးခွန်ဦးက အဖွင့်အမှာစကားပြောကြားပြီး၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးသာဦးနှင့် အသင်းတာဝန်ရှိသူများကို နှစ် (၂၀) ပြည့် အထိမ်းအမှတ်၊ အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဦးသန့်စင်မောင်က အမှာစကားပြောကြားရာတွင် ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍသည် တိုင်းပြည်၏ အဓိကမဏ္ဍိုင်ဖြစ်ပြီး ICT မဖွံ့ဖြိုးလျှင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးမှုမရှိဘဲ နောက်ကျကျန်နေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင်အရေးပါသည့် ICT Industrial ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာ ဝါသနာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများရှိ ICT နှင့်ပတ်သက်သည့် အသင်းအဖွဲ့များအနေဖြင့် ICT ကဏ္ဍဖွံ့ဖြိုးရေးအတွက်၊ တတ်စွမ်းသမျှ အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းပြည်အနေဖြင့် Mobile Industyမှာ နောက်ကျ ကျန်ရစ်မှုမရှိဘဲ နှစ် (၂၀)အတွင်း အောင်မြင်မှုအတန်အသင့်ရရှိခဲ့ကြောင်း၊ ဆက်လက်ပြီး ကွန်ပျူတာအသင်းချုပ်အပါအဝင် အသင်းအဖွဲ့အစည်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ IT ပညာရှင်များအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန်နှင့် မျက်ခြေမပြတ် ICT ကဏ္ဍကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နာယက ဦးသိန်းဦး၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဦးတင်ဝင်းအောင်၊ ကွန်ပျူတာတက္ကသိုလ်ပါမောက္ခ (ငြိမ်း) Dr.ကျော်သိန်း၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များ နာယက ဦးသောင်းတင်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦး၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းစုငြိမ်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးတင်အောင်ခိုင်နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးတို့က နှစ် (၂၀) ပြည့်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရှိရသည်။

ကျော်ကျော်၊ လှမျိုး

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို မေလ (၂၆)ရက်၊ နံနက် (၈:၀၀) နာရီတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမြတ်လွင်၊ တက္ကသိုလ်ကောင်စီဝင်များ၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ သဟာယအဖွဲ့ဝင်များ၊ ဆရာ/ဆရာမများ၊ ဘွဲ့ရကျောင်းသား/ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်မှ ထူးချွန်ကျောင်းသား/သူများအား ဆုချီးမြှင့်ခဲ့ရာ ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာပညာ ဘာသာရပ် (NA) မှ ကျောင်းသူ မရည်မေဖူးပိုင်အား တော်ဝင်ရေယာဉ်ဗိသုကာအသင်း (အင်္ဂလန်) (RINA Myanmar Shipyard Award) ၏ ရွှေတံဆိပ်ဆုနှင့် ကျပ်တစ်သိန်းအားလည်းကောင်း၊ Hutchsion Port Holding (Hong Kong) ၏ Best Port and Habour Engineer Studnet Prize (HPH) ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ အား ဆိပ်ကမ်းအင်ဂျင်နီယာပညာဘာသာရပ် (PH) မှကျောင်းသူ မယမင်းမြတ်မွန်အားလည်းကောင်း၊ Maersk Line Shipping Co., Ltd ၏ Best Marine Electrical System & Electronics Engineering Student Prize (ကျပ်တစ်သိန်း)အားရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်ဘာသာရပ်မှ ကျောင်းသား မောင်ရဲတင့်လွင်အားလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး သက်ဆိုင်ရာကုမ္ပဏီများအလိုက် ဆုများဖြစ်သည့် ဂျပန်နိုင်ငံ Wealth Ocean International Co., Ltd ၏ Best Marine Engineer Student Prize (ရွှေနာရီဆု)ဆုအား ရေကြောင်းအင်ဂျင်နီယာပညာဘာသာရပ် (ME) မှ ကျောင်းသား မောင်ဇော်နိုင်ထွန်းအားလည်းကောင်း၊ ဂျပန်နိုင်ငံ Furuno Electronic Co., Ltd ၏ Best Nautical Science Student Prize (ဂုဏ်ပြုဆု)အား ရေကြောင်း သိပ္ပံဘာသာရပ်မှ ကျောင်းသား မောင်အေးထူးအောင်အားလည်းကောင်း၊ Starhigh-Asia Pacific Pte., Ltd ၏ Best River & Costal Engineer Student Prize ဆုအဖြစ်ကျပ်ငွေ (၅သိန်း)အား မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘာသာရပ်မှ ကျောင်းသူ မပန်းအိဖြူနှင့် Brillant Marine Training Center ၏ Best Marine Mechanical Engineer Student Prize (ကျပ်သုံးသိန်း) အား ရေကြောင်းစက်မှုအင်ဂျင်နီယာဘာသာရပ်မှ ကျောင်းသား မောင်အောင်ဖေမျိုးအားလည်းကောင်း တာဝန်ရှိသူများမှ ဆုအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်နှင့် ပညာရေးပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Brillant Marine Training Center (BMTC) မှ တည်ဆောက်ထားရှိသည့် ရေကြောင်းဘက်ဆိုင်ရာ သင်တန်းများဖြစ်သည့် Anchor & Windlass Operation သင်တန်း၊ GMDSS သင်တန်း၊ ECDIS သင်တန်းခန်းမနှင့် PSC & RB သင်တန်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါမောက္ခချုပ်မှ ရေယာဉ်တည်ဆောက်မှုပညာဘွဲ့ (၄၀)ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ (၅၇)ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ (၃၃)ဦး၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ (၃)ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်ပညာဘွဲ့ (၂၃)ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘွဲ့ (၂၄)ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ (၁၀၆)ဦး၊ ရေကြောင်းသိပ္ပံဘွဲ့ (၉)ဦး၊ ဘွဲ့လွန်ဒီပလိုမာ (၁၄၂)ဦးနှင့် မဟာအင်ဂျင်နီယာဘွဲ့ (၈)ဦး စုစုပေါင်း (၄၄၅)ဦးတို့အား သက်ဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ မဟာအင်ဂျင်နီယာဘွဲ့များအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဘာသာရပ်အလိုက် ပညာရည်ချွန် ပထမဆုနှင့် Maersk Line Shipping Company ၏ Best Marine Electrical System & Electronics Engi- neering Student Prize ရရှိသည့် ရေကြောင်းလျှပ်စစ် နှင့် အီလက်ထရောနစ်ဘာသာရပ်မှ ကျောင်းသား ရဲတင့်လွင်က "ကျွန်တော်က EE1 ကျောင်းသားပါ။ ဒီလိုဆုတွေရတယ်ဆိုတာ နှစ်တိုင်းတော့ စာကိုပုံမှန်လုပ်တယ်။ ဒါ့အပြင် စာပဲမဟုတ်ဘဲ စာနဲ့ပတ်သက်တဲ့ လက်တွေ့ပိုင်းတွေမှာလည်း ကြိုးစားဖြစ်တယ်။ ကျွန်တော်ဖြစ်ချင်တာက အင်ဂျင်နီယာပါ။ ခရီးသွားရတာလည်း ဝါသနာပါတယ်ဆိုတော့ သင်္ဘောအင်ဂျင်နီယာဖြစ်ချင်တယ်။ အဲ့ဒါကြောင့် ဒီကျောင်းကို ရွေးပြီးတက်ဖြစ်ခဲ့တာပါ။ ဒီကျောင်းကိုတက်နေတဲ့သူတွေ၊ ဒီကျောင်းကိုရွေးချယ်ပြီး တက်ကြမယ့်သူတွေကိုပြောချင်တာကတော့ ကျောင်းစာတစ်ခုပဲလုပ်လို့မရဘူး။ ကျောင်းစာနဲ့ဆက်နွယ်နေတဲ့ လက်တွေ့ပိုင်းကိုလည်း သေချာလုပ်ရပါမယ်။ နောက်ပြီး အင်္ဂလိပ်စာလည်း သေချာလုပ်သင့်ပါတယ်လို့ပြောချင်ပါတယ်။ ဒါမှကိုယ့်အရည်အသွေးက အမြဲတိုးတက်နေမှာပါ"ဟုပြောသည်။

ဘာသာရပ်အလိုက်ပညာရည်ချွန်ဆုတွင် ပထမရရှိသည့် Deploma In Shipping Management မှ မခိုင်ဇာဇာထွန်းကလည်း "ဒီ ဒီပလိုမာကရရှိမယ့် အတွေ့အကြုံတွေ၊ ဗဟုသုတတွေကလည်း လုပ်ငန်းနဲ့ဆက်စပ်မှုရှိတယ်။ ကျွန်မကရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှာ ဦးစီးအရာရှိဖြစ်ပါတယ်။ ရထားတဲ့ဘွဲ့ကတော့ သင်္ဘောနဲ့ဘွဲ့ရထားတာပါ။ ဒီကိုလာတက်ဖြစ်တာက ဒီပလိုမာကရရှိမယ့် အတွေ့အကြုံဗဟုသုတတွေကလုပ်ငန်းနဲ့ ဆက်စပ်မှုရှိတော့ ဆက်ပြီးလေ့လာချင်လို့တက်ဖြစ်သွားတာပါ။ ဒီလိုမျိုးဖွင့်ပေးတဲ့အတွက်လည်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကို ကျေးဇူးတင်ပါတယ်။ ဒီလိုမျိုး လုပ်ငန်းနဲ့ဆက်နွယ်နေတဲ့ဘာသာရပ်တွေကို ဆက်ပြီးလေ့လာခွင့်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်"ဟုပြောသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားအား စတင်ကျင်းပနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်အထိ (၁၂)ကြိမ်မြောက် တစ်ဆက်တစ်စပ်တည်း ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ရေကြောင်းဘက်ဆိုင်ရာဘွဲ့နှင့် ဒီပလိုမာဘွဲ့ရကျောင်းသားကျောင်းသူ စုစုပေါင်း (၄၈၆၀)ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

သတင်း- အိမ်စည် ဓာတ်ပုံ-တင်မောင်(ပို့/ဆက်)

ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှုရှိစေရန် အထောက်အပံ့ဖြစ်စေမည့် Myanmar Sat-2 သဘောတူညီချက်လက်မှတ်ရေးထိုး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် Intelsat Global Sales and Marketing Ltd တို့၏ Satellite Payload IRU Agreement for Myanmar Sat-2 လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဇွန်လ ၁ရက်နေ့၊ နံနက် ၉နာရီက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန- ရုံးအမှတ်(၂) နေပြည်တော်တွင်ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဦးသန့်စင်မောင်မှ ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်မှုမရှိစေရန် မြန်မာတစ်နိုင်ငံလုံး ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှုရှိစေရန် Myanmar Sat 2 မှ အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်းတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ Intelsat Global Sales and Marketing Ltd မှ Regional Vice President (Asia Pacific) ဖြစ်သူ Mr. Terence Antony Bleakley မှ မြန်မာနိုင်ငံဂြိုလ်တုစနစ်တွင် Broadband Communication အနေဖြင့် Myanmar Sat 2 Satellite အသုံးပြုခြင်းဖြင့် ပိုမိုမြန်ဆန်ကောင်းမွန်သောဝန်ဆောင်မှုများရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းနှင့် Intelsat Global Sales and Marketing Ltd မှ Mr. Terence Antony Bleakley တို့က Satellite Payload IRU Agreement for Myanmar Sat 2 စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

ဂျင်မီ၊ လှမျိုး

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ၊ သံအမတ်ကြီး၊ H.E. Mr. Emilio De Miguel Calabia အားလက်ခံတွေ့ဆုံ



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မေ (၃၁)ရက် နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ၊ သံအမတ်ကြီး၊ H.E. Mr. Emilio De Miguel Calabia အား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများ၊ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများအား ရှင်းလင်းပြောကြားပြီး အနာဂတ်တွင် နှစ်နိုင်ငံပူးပေါင်း၍ ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအပေါ် ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

MOTC

အနန္တ 4G⁺ အင်တာနက်ဝန်ဆောင်မှု စတင်မိတ်ဆက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပေါင်း ၂၅မြို့နယ်တွင် အနန္တ 4G⁺အင်တာနက်ဝန်ဆောင်မှုမိတ်ဆက်ပွဲကို မေ ၂၅ရက်၊ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte ဟိုတယ်တွင်ကျင်းပခဲ့သည်။

အဆိုပါ 4G⁺ မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုမိတ်ဆက်ပွဲသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသာဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် အနန္တမိုဘိုင်းဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး၊ နှုတ်ခွန်းဆက်စကားများပြောကြားကာ ဖဲကြိုးဖြတ်၍ အခမ်းအနားဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

တချိန်သောကာလက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို နိုင်ငံတော် အစိုးရကသာလုပ်ကိုင်တဲ့လုပ်ငန်းအဖြစ်တည်ရှိခဲ့ပြီး၊ ၂၀၁၁ အောက်တိုဘာလ (၈)ရက်နေ့က ပြည်ထောင်စုလွှတ်တော် ဥပဒေမှတ်(၃၁)ဖြင့် ဆက်သွယ်ရေးဥပဒေအတည်ပြုပြဌာန်းပြီး၊ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့ရာ ဆက်သွယ်ရေးဥပဒေထွက်ရှိပြီးနောက်ပိုင်း ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့ရာတွင် ပြည်တွင်း/ ပြည်ပလုပ်ငန်းရှင်များအားဖိတ်ခေါ်ပြီး၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့ရာ ယခုအခါ ပြည်တွင်းကုမ္ပဏီ ၁၀၀နှင့် ပြည်ပ ကုမ္ပဏီ ၄၆ခု စုစုပေါင်း ၁၄၆ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပြီး၊ ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုများနှင့်အတူ ပြည်သူလူထုအနေဖြင့် နိုင်ငံတကာအဆင့်ရှိတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုများကို ရွေးချယ်သုံးစွဲလာနိုင်ပြီဖြစ်သည့်အပြင်၊ ပြည်သူကိုအကောင်းဆုံးဝန်ဆောင်မှုတွေ ပေးလာနိုင်တာတွေ့ရတယ်။ ယခုအခါအနန္တကတော့ ၃၀.၁.၂၀၁၆ က 2600Mhz လှိုင်းနှုန်းစဉ်လေလံကို ကုမ္ပဏီ ၈ခုနှင့်အပြိုင်ယှဉ်ပြိုင်ခဲ့ရာ၊ အနိုင်ရရှိခဲ့တဲ့အတွက် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှာ 4G⁺ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း၊ လုပ်ကိုင်ဖို့လိုင်စင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသာဦးက ရှင်းလင်းပြောကြားခဲ့သည်။

အနန္တကိုစတင်သုံးစွဲရန်အတွက် ကျပ် ၃၅,၀၀၀ကျသင့်မည်ဖြစ်ပြီး mifiစက်တစ်ခု 4G⁺ အနန္တဆင်းမ်ကတ်တစ်ကတ်နှင့် ဒေတာများကိုတစ်လတာအကန့်အသတ်မရှိအသုံးပြုခွင့်ရရှိမည်ဖြစ်ကြောင်း၊ နောက်လများတွင်လစဉ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း၊ သုံးစွဲသူများသည် mifi စက်နှင့် အနန္တ အင်တာနက်လိုင်းကို၊ မိမိသွားလိုရာသို့သယ်ဆောင်သွားပြီး၊ သူငယ်ချင်းမိတ်ဆွေများမိသားစုများနှင့်အတူ အကန့်အသတ်မရှိသော အင်တာနက်ကို မျှဝေ သုံးစွဲနိုင်မည်ဖြစ်ကြောင်းသိရသည်။ အနန္တ၏ 4G⁺ ဝန်ဆောင်မှုကို ပထမအဆင့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ၂၅မြို့နယ်တွင် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး၊ ဒုတိယအဆင့်ကို မန္တလေးတွင်ဆောင်ရွက်ပေးမည်ဖြစ်သည်၊ အခြားမြို့များတွင်လည်း တစ်ဆင့်ခြင်းဆောင်ရွက်ပေးမည်ဖြစ်သည်ကိုသိရ သည်။

အနန္တ၏ အင်တာနက်ဝန်ဆောင်မှုအသစ်ကို ရန်ကုန်မြို့တွင် စတင်နိုင်ခဲ့သည့်အတွက် နည်းပညာကဏ္ဍနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဒေတာ အပိုကန့်ကျမှုများကိုစိုးရိမ်စရာမလိုတော့ဘဲ ဒေါင်းလုတ်ရယူ၍ မိမိနှစ်သက်ရာ အကြောင်းအရာမျိုးစုံအတွက် အင်တာနက်ဒေတာကို အကန့်အသတ်မရှိ ရယူသုံးစွဲနိုင်မည်ကို သိရသည်။

ဂျင်မီ၊ လှမျိုး

ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်းအပိုင်း (ဂ) ရထားသင်တန်းဌာနခွဲ

ဒုလက်ထောက်ကြီးကြပ်ရေးမှူး(ဘတစ/လမသ)သင်တန်း

ရည်ရွယ်ချက်-

ဒု-လက်ထောက်ကြီးကြပ်ရေးမှူး(ဘတစ/လမသ) သင်တန်းသားများအတွက် သတ်မှတ်ထားသောပညာရပ်များနှင့် ပြုပြင်ပြောင်းလဲထားသောနှုန်းထား၊ စည်းကမ်းများကို တတ်မြောက်စေရန်ရည်ရွယ်ထားသည်။

ရရှိမည့်အရည်အချင်း-

နည်းဥပဒေများ၊ ပို့ဆောင်ရေးလက်စွဲနည်းဥပဒေများနှင့် လူစီးဘက်ဆိုင်ရာနည်းဥပဒေ၊ ကုန်ဘက်ဆိုင်ရာနည်းဥပဒေများကို ကျွမ်းကျင်တတ်မြောက်စေရန်၊ ဘူတာငွေ စာရင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို နားလည်တတ်ကျွမ်းပြီး၊ လက်မှတ်ရောင်းချခြင်း၊ စာရင်းပြုစုခြင်း၊ လက်မှတ်စစ်ဆေးသိမ်းဆည်းခြင်း၊ လချုပ်စာရင်းရှင်းတမ်းရေးဆွဲခြင်းစသည့်လုပ်ငန်းများကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင်စေရန်နှင့် ပြည်သူ့ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်တို့ရရှိမည်ဖြစ်သည်။

သင်တန်းဝင်အရည်အချင်း-

သင်တန်းကိုအခြေခံပညာအလယ်တန်းစာမေးပွဲ အောင်မြင်ပြီးသူများဖြစ်ရမည်၊ မြန်မာ့မီးရထားသွားလာပို့ဆောင်ရေးဌာနမှ သင်တန်းဝင်အရည်းအချင်းစစ်အောင် မြင်ပြီးသူအမှုထမ်းများဖြစ်ရမည်။

သင်တန်းတက်ရောက်မည့်သူများ-

မြန်မာ့မီးရထားမှရွေးချယ်အတည်ပြုစေလွှတ်ခြင်း ခံရသူများဖြစ်ရမည်။

သင်ကြားမည်ဘာသာရပ်-

သင်တန်း၌အခြေခံဥပဒေကောက်နုတ်ချက်ဘာသာ ရပ်၊ ပို့ဆောင်ရေးလက်စွဲနည်းဥပဒေဘာသာရပ်၊ လူစီးဘက်ဆိုင်ရာနည်းဥပဒေဘာသာရပ်၊ ကုန်ဘက်ဆိုင်ရာ နည်းဥပဒေဘာသာရပ်၊ ဘူတာငွေစာရင်းပြုစုခြင်း(လူစီး) ဘာသာရပ်၊ ဘူတာငွေစာရင်းပြုစုခြင်း(ကုန်)ဘာသာရပ်၊ ကွန်ပျူတာအခြေခံ၊ အင်္ဂလိပ်စကားပြော၊ ဘူတာများတွင် လက်တွေ့လေ့လာခြင်း၊ ဝန်ထမ်းကျင့်ဝတ်/စိတ်ဓာတ် စည်းကမ်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာညွှန်ကြားချက်များ၊ မတော်တဆမှုကာကွယ်တားဆီးရေးဘာသာရပ်၊ အထွေထွေမန်နေဂျာ(စီးပွား)၏ညွှန်ကြားချက်များ ပြည်သူ့ဆက်ဆံရေးဘာသာရပ်တို့ကိုသင်ကြားပေးမည်။

သင်ကြားလေ့ကျင့်ရေး(သင်တန်းစာပေ)ဌာနခွဲ
အထွေထွေစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု(အရာရှိ)သင်တန်း

ရည်ရွယ်ချက်-

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ အရာထမ်းများအားစီမံခန့်ခွဲမှုခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှုဘာသာရပ်များအား စနစ်တကျလေ့ကျင့်သင်ကြားပေးရန်ရည်ရွယ်သည်။

ရရှိမည့်အရည်အချင်းများ-

အထွေထွေစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု၊ အုပ်ချုပ်မှု (ဘာသာရပ်)များကိုစနစ်တကျလေ့ကျင့်သင်ကြားခြင်း ဖြင့်ပို့ဆောင်ရေးကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင် ရွက်ကြမည့်အရာထမ်းများအတွက် လုပ်ငန်းများပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရမည်။

သင်တန်းသားအရည်အချင်း-

အနည်းဆုံးအစိုးရအသိအမှတ်ပြု တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှဘွဲ့(သို့မဟုတ်) ဒီပလိုမာရရှိပြီးသူများဖြစ်ရမည်၊ လစာနှုန်း(ကျပ် ၂၅၀၀၀၀/-၄၀၀၀/-၂၈၀၀၀၀)နှင့်အထက်ရရှိသော ဝန်ထမ်းများဖြစ်ရမည်။ အသက် (၅၅)နှစ်ထက်မကျော်လွန်သူများဖြစ်ရမည်။ ကျန်းမာရေး ပြည့်စုံကောင်းမွန်သူများဖြစ်ရမည်။

သင်တန်းတက်ရောက်မည့်သူများ-

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများမှအရည်အချင်းနှင့် ပြည့်စုံကိုက်ညီရွေးချယ်စေလွှတ်ခြင်းခံရသူ များဖြစ်ရမည်။

သင်ကြားမည့် ဘာသာရပ်များ-

သင်တန်းတွင်အထွေထွေ စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုဘာသာရပ် Environmet/Improvement၊ Action Plan&Problem Solving၊ Management အခြေခံ သဘောတရား၊ စက်မှုလုပ်ငန်းစီမံခန့်ခွဲမှုဘာသာရပ်၊ ရုပ်ဝတ္ထုဆိုင်ရာစီမံခန့်ခွဲမှုဘာသာရပ်၊ ဘဏ္ဍာရေးစည်းမျဉ်း ဘာသာရပ်၊ ရုံးလုပ်ငန်းဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေး ဘာသာရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဒီမိုကရေ စီနိုင်ငံတည်ဆောက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီဒီမိုကရေစီနိုင်ငံတည်ဆောက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူတို့၏ရပိုင်ခွင့်နှင့်တာဝန်၊ Group Dis cussion(Action Plan)၊ Human Resources Dev elopment & Human Resources Management နိုင်ငံဝန်ထမ်းဥပဒေနှင့်နည်းပညာများသင်ကြားပို့ချပေးမည်။

ကျော်ကျော်

SRPS လိုင်စင်နှင့် လုပ်ငန်းဆောင်ရွက်ခြင်းမပြုသော ကုမ္ပဏီများအသိပေးကြေညာ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ သင်္ဘောသားဌာနခွဲတွင် မှတ်ပုံတင်ထားရှိပြီး SRPS (SEAFARER RECRUITMENT AND PLACEMENT SERVICES) လိုင်စင်ရရှိပြီး လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားသောကုမ္ပဏီများ၏ စာရင်းအား အသိပေးကြေညာထားကြောင်းသိရှိရသည်။

(က) သင်္ဘောသားစေလွှတ်ခွင့်ပြုထားသော SRPS ကုမ္ပဏီမှာ (၁၆၁)ခုရှိပါသည်။ ဌာနသို့လိုင်စင်ပြန်အပ်ပြီး လုပ်ငန်းဆောင်ရွက်ခြင်းမရှိသောကုမ္ပဏီများမှာ (၂၁) ခုရှိပါသည်။

(ခ) လိုင်စင်ပြန်လည်အပ်နှံထားသောကုမ္ပဏီများ

(1) ONWARD MARINE MANAGEMENT CO., LTD

(2) EXPRESS WAY SHIPPING AGENCY CO., LTD

(3) BA THAN MARITIME LTD

(4) SEA RELIANCE SHIPPING CO., LTD

(5) STANDARD COMMERCIAL SYNDICATE LTD

(6) KYI MIN BROTHERS CO., LTD

(7) GRACE & TRUTH (G & T) SHIPPING CO., LTD

(8) SSC SHIP MANAGEMENT CO., LTD

(9) VERY SMART NEW WORLD CO., LTD

(10) MYANMAR FIRST MARINE INTERNATIONAL LTD

(11) WILHELMSEN MARINE PERSONNEL (MYANMAR)

(12) EMIRATES STAR TRADING SERVICES CO., LTD

(13) KAUNG THIT KYAW CO., LTD

(14) MYANMAR OCEAN MARINE CO., LTD

(15) BELL SHIPS MANAGEMENT & GENERAL SERVICES CO., LTD

(16) PISCES MARITIME SERVICES CO., LTD

(17) A W H INTERNATIONAL CO., LTD

(18) OCEAN TREASURE MARINE CO., LTD

(19) UNISUCCESS MARITIME SERVICES CO., LTD

(20) BRAVE OCEAN SERVICES CO., LTD

(21) ENRICHMENT CO., LTD တို့ဖြစ်သည်။

(ဂ) လိုင်စင်ရုပ်သိမ်းထားသောကုမ္ပဏီများ

(1) PARITA SHIPPING AGENCY LTD

(2) WORLD GREAT MARINE CO., LTD

(3) GLORY MARINE CO., LTD

(4) ASIA WAVE SEVICES CO., LTD

(5) LIGHT OASIS MARINE SHIPPING CO., LTD

(6) SEA RIDER CO., LTD

(7) STAR GLOBAL MARINE CO., LTD

(8) TOP CHANGE SERVICES CO., LTD

(9) RICH MARINE CO., LTD

(10) YELLOW SEA MARINE CO., LTD

(11) SUN MARINE SHIPPING CO., LTD

(12) WORLD CLASS MARINE 9 CO., LTD

(13) SHWE NAING TUN CO., LTD

(14) T M C CO.LTD

(15) THE BEST AUNG SATT KYAR MARITIME SHIPPING CO., LTD

(16) MYANMAR OCEAN GATE SHIPPING SERVICES

(17) SEA STAR CO., LTD

(18) ARGO BRIGHT MARITIME CO., LTD

(19) ROYAL SLIVER SWAN CO. LTD

(20) PEOPLE DILIGENCE SERVICES CO., LTD

(21) ROYAL FAMOUS SHIPPING MANAGEMENT CO., LTD

(22) GOLDEN SEAFRER (YANGON) CO., LTD တို့ဖြစ်သည်။

လိုင်စင်ယာယီဆိုင်းငံ့ထားပြီး သင်္ဘောသားစေလွှတ်ခွင့် ခွင့်မပြုထားသောကုမ္ပဏီများမှာ-

(1) T.T.A CO., LTD (ONBOARD သင်္ဘောသားများ ပြန်လည်ရောက်ရှိပါက လိုင်စင်ရုပ်သိမ်းသွားမည်ဖြစ်ပါသည်)

(2) SELLY MARINE CO., LTD

(3) HYPERION SHIPPING CO., LTD

(4) SIMA SERVICES CO., LTD

(5) ROYAL POLE STAR SERVICES CO., LTD

(6) AUNG HATE CO., LTD (11.10.2016) ရက်နေ့မှစ၍ တစ်နှစ်ဆိုင်းငံ့ (ဆိုင်းငံ့ကာလပြည့်ပြီး လိုင်စင်ပြန်လည်အပ်နှံခွင့်တင်ပြသော်လည်း Onboard သင်္ဘောသားများ ကျန်ရှိသေးသဖြင့် လိုင်စင်အပ်နှံခွင့်မပြုသေးပါ။)

(7) C.M.S MARINE SERVICE CO., LTD (11.10.2016) ရက်နေ့မှစ၍ တစ်နှစ်ဆိုင်းငံ့ (ဆိုင်းငံ့ကာလပြည့်သော်လည်း ဆိုင်းငံ့ဖြေလျှော့ရန် ဆောင်ရွက်မှု မရှိသေးပါ)

(8) HAN KO CO., LTD (11.10.2016) ရက်နေ့မှစ၍ တစ်နှစ်ဆိုင်းငံ့ (ဆိုင်းငံ့ကာလပြည့်သော်လည်း ဆိုင်းငံ့ဖြေလျှော့ရန် ဆောင်ရွက်မှု မရှိသေးပါ)

(9) YOE CHINE WIN CO., LTD (09.06.2017) ရက်နေ့မှစ၍ တစ်နှစ်ဆိုင်းငံ့

(10) OCEANUS SHIPPING SERVICE CO., LTD (10.05.2018) ရက်နေ့မှစ၍ (၃)လဆိုင်းငံ့

(11) MARINE HAPPY SEAMAN CO., LTD (10.05.2018) ရက်နေ့မှစ၍ (၃)လဆိုင်းငံ့ တို့ဖြစ်သည်။

ယာယီလိုင်စင်ထုတ်ပေးထားသော်လည်း သင်္ဘောသားစေလွှတ်ခွင့် ခွင့်ပြုခြင်းမရရှိသေးသောကုမ္ပဏီစာရင်းများမှာ-

(1) KAWAGUCHI MARITIME CO., LTD

(2) G C S MYANMAR CO., LTD

(3) NINE UMBRELLA SERVICES CO., LTD

(4) EVER FORTUNE CO., LTD

(5) G WITHUS CO., LTD

(6) MYANMAR MARVELLOUS STAR SEAFERS RECRUITMENT SERVICES CO., LTD

(7) AQUAMERA CO., LTD

(8) SEA VIGOR MARITME SERVICES CO., LTD

(9) ZWE WINT MANN CO., LTD

(10) I M C M CO., LTD

(11) STANDARD SOLUTION (CROWN) CO., LTD

(12) S S O T YANGON CO., LTD

(13) CHINDWIN CREWING SERVICES CO., LTD

(14) GOLDEN BULK MARINE CREWING CO., LTD တို့ဖြစ်ကြောင်း သိရသည်။

တင်မောင်(ပို့/ဆက်)

» စာ- ၁၅ မှ

သည်။

အဆိုပါ အဆောက်အဦးတည်ဆောက်ပြီးစီးပါက ရာသီဥတုဆိုးရွားသော်လည်း ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများ အခြားနေရာသို့ ရွှေ့ပြောင်းရန်မလိုခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်လျှော့ချနိုင်ခြင်း၊ အချိန်အခါရာသီမရွေး ပင်လယ်ကူးသင်္ဘောကြီးများအား ကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ခြင်း၊ ပို့ကုန်၊ သွင်းကုန်များ ပိုမိုကိုင် တွယ်လာနိုင်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သည့် အထောက်အကူရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ စီမံကိန်းအတွက် နိုင်ငံပိုင်သတင်းစာများမှ ပြည်တွင်း၊ ပြည်ပတည်ထောင်ရေးလုပ်ငန်းရှင်များကို တင်ဒါခေါ်ယူခဲ့ရာ ကမ်းဝေးပင်လယ်ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံများသည့် China Harbour Enhineering Co., Ltd မှ တင်ဒါအောင်မြင်ခဲ့သည်။

Offshore Fixed Pilot Station စီမံကိန်းတွင် အလျား ၃၃ ဒသမ ၂ မီတာနှင့် အနံ ၃၀ ဒသမ ၄ မီတာ အရွယ် သုံးထပ်အဆောက်အအုံ ၁ လုံး၊ သင်္ဘောအရွယ်အစား GRT 1500 အရွယ်ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၁ စင်း၊ ရေကြောင်းပြအဆောက်အအုံတွင် မီးစက်၊ ရေသန့်စင်စက်၊ ရေဆိုးသည့်စင်စက်၊ ရေကြောင်းဆက်သွယ်ရေးဆိုင်ရာ ကိရိယာများ၊ Radar စက်နှင့် Pilot Boat ၃ စင်းတို့ပါဝင်ပြီး စီမံကိန်းတန်ဖိုးမှာ USD ၂၀ ဒသမ ၉ သန်းဖြစ်သည်။

စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စက်ယန္တရားများ ရွှေ့ပြောင်းသယ်ယူခြင်း၊ ယာယီရုံးခန်းနှင့် အလုပ်ရုံများတည်ဆောက်ခြင်း၊ ရေပြင်နှင့် ရေအောက်မြေသားစမ်းသပ်ခြင်း၊ အသေးစိတ်ပုံစံဒီဇိုင်းရေးဆွဲခြင်း၊ ဆောက်လုပ်ရေးဆိုင်ရာ Foundation အတွက် Steel Pipe Pile များ ဝယ်ယူသွင်းခြင်း၊ လုပ်ငန်းခွင်တွင် ရိုက်သွင်းခြင်းတို့ဖြင့် စီမံကိန်းလုပ်ငန်း၏ ၃၀ ရာခိုင်နှုန်းပြီးစီးခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် Foundation အတွက် Steel Pipe Pile ၆၈ လုံး ရိုက်သွင်းခြင်း၊ ပိုက်လိုင်းများ၏ခံနိုင်ရည် (Pipe Foundation Testing) စမ်းသပ်ခြင်း၊ အဆောက်အအုံ၏ Basement Floor၊ ဆိပ်ခံတံတားလျှောက်လမ်းနှင့် ဆီသိုလှောင်ကန်လျှောက်လမ်းတို့အတွက် သံကူကွန်ကရစ် ကြမ်းခင်းလောင်းခြင်း၊ လှိုင်းကာကွယ်ဆိပ်ခံတံတား Rubber Fender တပ်ဆင်ခြင်း စသည့်စီမံကိန်း၏ ၅၅ ရာခိုင်နှုန်းခန့်မှာ ၂၀၁၈ ခုနှစ်၊ မတ်လကုန်တွင် ပြီးစီးခဲ့သည်။

ယခုအချိန်တွင် ရေကြောင်းပြအဆောက်အအုံ၏ Basement Floor တည်ဆောက်ပြီးဖြစ်ကာ First Floor အတွက် Frame work နှင့် Rebar များတပ်ဆင်ပြီး ကွန်ကရစ်လောင်းရန်ပြင်ဆင်လျှက်ရှိပြီး လုပ်ငန်းတစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် လုပ်ငန်းတစ်ခုလုံးပြီးစီးရန်လျာထားသည်။

၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်၊ နံနက် ၉ နာရီတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်၊ အင်ဂျင်နီယာချုပ် ဦးစိုးသိန်း၊ ရေကြောင်းမှူးချုပ် ဦးအောင်ကျော်ထူးတို့သည် China Habour Engineering Co., Ltd မှ တာဝန်ရှိသူများနှင့်အတူ သီလဝါဆိပ်ကမ်းမှ NHA WA YAN ZAN သင်္ဘောဖြင့် စီမံကိန်းလုပ်ငန်းခွင်သို့ ထွက်ခွာခဲ့သည်။

နေ့လည် ၁၂:၀၀ နာရီတွင် Offstore Fixed Pilot Station စီမံကိန်းသို့ရောက်ရှိခဲ့သည်။ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က China Habour Engineer- ing Co., Ltd မှတာဝန်ရှိသူများအား စားသောက်ဖွယ်ရာလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူများအား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဖွဲ့အား လိုက်လံရှင်းလင်းပြသခဲ့သည်။

ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က ဆောက်လုပ်ရေးလုပ်ငန်းခွင်မှတာဝန်ရှိသူများအား မြန်မာနိုင်ငံ၏ ပထမဆုံးဆောက်လုပ်သည့် စီမံကိန်းလုပ်ငန်းဖြစ်သကဲ့သို့

ရန်ကုန်ဆိပ်ကမ်းသို့ ဝင်၊ ထွက်သွားလာကြမည့် ပင်လယ်ကူးသင်္ဘောကြီးများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးဦးစီးတာဝန်ယူကြမည့် ရေကြောင်းပြဝန်ထမ်းအဆင့်ဆင့်တို့ လုံခြုံစွာနေထိုင်နိုင်ရေး၊ အချိန်ရာသီမရွေးတာဝန်ထမ်းဆောင်နိုင်ရေးအတွက် အရေးပါသည့်စခန်းဖြစ်သည့်အတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကြိုးစားတည်ဆောက်ကြရန်၊ China Hobour ၏ ကောင်းသတင်းတို့ ကဗျည်းထိုးမှတ်တမ်းတင်လိုပါကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည်စီမံကိန်းမှ ပြန်လည်ထွက်လာရာနေ့လည် ၂ နာရီတွင် Pilot Vessel ကေရီသင်္ဘောသို့ရောက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား အစားအသောက်လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဝန်ထမ်းအားလုံးနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်မှ Pilot Vessel ရှိ အဆင့်ဆင့်သောဝန်ထမ်းများသည် နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်များ ဝင်၊ ထွက်သယ်ယူပို့ဆောင်ရေးတွင် အဓိကကျသောတာဝန်ကိုထမ်းဆောင်နေကြရသူများဖြစ်၍ ဂုဏ်ယူဝမ်းသာစရာဖြစ်ကြောင်း၊ ပင်လယ်ပြင်တွင် ရာသီဥတု၊ လှိုင်းလေများအကြားတွင် သင်္ဘောကြီးများပေါ်သို့ အသက်အန္တရာယ်ကြားမှ တက်၊ ဆင်းပြီး ဘေးအန္တရာယ်ကင်းရှင်းအောင် ဦးဆောင်ထိန်းသိမ်းမောင်းနှင် ပို့ဆောင်နေကြသူများဖြစ်၍ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက်လေးစားအားထားရသည့် ဝန်ထမ်းများဖြစ်ပါကြောင်း၊ အစားအသောက်၊ အနေအထိုင်ဆင်းရဲကြပ်တည်းပြီး၊ အရေးပေါ်ကျန်းမာရေးကြုံပါက လွန်စွာခက်ခဲပါကြောင်း၊ သင်္ဘောများ ဝင်၊ ထွက်သွားလာမှုများပြားလာသလို Pilot Vessel တွင် ဝန်ထမ်းများ တိုးချဲ့တာဝန်ချထားရခြင်းကြောင့် ပိုမိုခက်ခဲကြပ်တည်းမှုကိုဖြေရှင်းနိုင်ရေး၊ လုံခြုံစိတ်ချစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရေး၊ ခေတ်မီပြည့်စုံသည့် စက်ကရိယာအထောက်အကူများပါဝင်သည့် Offstore Fixed Pilot Station ကို ဝန်ကြီးဌာန၏ ဦးဆောင်မှု၊ နိုင်ငံတော်၏ ဖြည့်ဆည်းထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်လာပြီဖြစ်ကြောင်း၊ နိုင်ငံတာဝန်ကြိုးစားထမ်းဆောင်ရင်း ဝန်ကြီးဌာန၏ ဂုဏ်ကိုကြိုးစားမြှင့်တင်ကြရန် တိုက်တွန်းလိုပါကြောင်း မှာကြားခဲ့ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် Pilot Vessel ကေရီမှ ညနေ ၃ နာရီ အချိန် ပြန်လည်ထွက်ခွာလာရာ သီလဝါဆိပ်ကမ်းသို့ ည ၇ နာရီ ၃၀ မိနစ်တွင် ပြန်လည်ရောက်ရှိကြောင်း သိရှိရပါသည်။

ဝါဖလေ

သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်း

တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ်အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်း ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ဇွန်လ ၁ ရက်ကကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

ဒေါ်ခင်စောဝေက အဆိုနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုနှုန်းသည် နှစ်စဉ်မြင့်တက်လျက်ရှိပြီး နှစ်နှစ်ကျော်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် အမှုပေါင်း ၂၀၀၀ နီးပါးအထိ ရှိလာသည်ကိုပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ လွှတ်တော်အတွင်း ရှင်းလင်းပြောကြားချက်အရ သိရှိခဲ့ရကြောင်း၊ အမှုကြီး ၁၀ မျိုးတွင် ပါဝင်သော မုဒိမ်းမှုသည် ယခုနောက်ပိုင်း နေရာအနှံ့ဆက်တိုက်ဖြစ်ပေါ်နေပါကြောင်း၊ မုဒိမ်းမှုကျူးလွန်ရခြင်းသည် လူသားစိတ်မရှိခြင်း၊ ဘာသာရေးအဆုံးအမ မတည် ခြင်း၊ အသိပညာနည်းပါးခြင်းတို့အပြင် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကြောင့် ဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ သုံးသပ်ဖော်ပြထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့ပြင် အဆိုရှင်က ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်ခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကျဆင်းစေသည်သာမက နိုင်ငံ၏ အနာဂတ်မျိုးဆက်များဖြစ်သည့် ကလေးသူငယ်များ၏ ဘဝကိုအသက်ရှင်လျက်နှင့်ရုပ်ပိုင်း၊ စိတ်ပိုင်းရှင်သန်ခြင်းမရှိနိုင်အောင် ဖျက်ဆီးခံရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကလေးသူငယ်အပေါ် ကျူးလွန်နေကြသည့် ပြစ်မှုများကို လေ့လာကြည့်လျှင် ကျင့်ဝတ်သိက္ခာအရ၊ ယဉ်ကျေးမှုအရ လူမှုအဖွဲ့အစည်းတစ်ခုလုံးကို ခြိမ်းခြောက်လာသည့် အခြေအနေများနှင့် ရင်ဆိုင်နေရပြီဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

အလားတူ အဆိုရှင်က သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးအပြီးတွင် သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မီဒီယာများ၏မေးမြန်းမှုကို အမြင့်ဆုံးထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်ချမှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲနေကြောင်း၊ သက်ငယ်မုဒိမ်းမှုပြစ်ဒဏ်ကို အမြင့်ဆုံးသေဒဏ်ပေးရေးအတွက် လွှတ်တော်တွင်ဆွေးနွေးကြရမည်ဟု ပြန်လည်ဖြေကြားခဲ့သည်ကို သတင်းဂျာနယ်များ၏ ဖော်ပြချက်အရ သိရှိရပါကြောင်း။၂၀၁၄ ခုနှစ်မှစ၍ အမျိုးသမီးများအကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေတစ်ခုပေါ်ထွက်လာရန် CSO များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ခဲ့သော်လည်း ယနေ့အထိ ဥပဒေကြမ်းအဖြစ် လွှတ်တော်သို့ တင်သွင်းနိုင်ခြင်းမရှိသေးပါကြောင်း။၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ−၃၄၇ တွင် “နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူပိုင်ခွင့်ပေးရမည်” ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် ပုဒ်မ ၃၂(က) တွင် မိခင်နှင့် ကလေးသူငယ်များ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်းကိုလည်း အဆိုရှင်က ဥပဒေနှင့်အညီ ထောက်ပြပြောဆိုခဲ့သည်။

ထို့ပြင် ဒေါ်ခင်စောဝေကက ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ သဘောတူညီချက် (စာချုပ်) အပိုဒ် ၃၄ တွင် ကလေးသူငယ်များ အားလုံးသည် လိင်မှုကိစ္စဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရမှ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာ သဘောတူညီချက်များအရသော်လည်းကောင်း၊ အသက်ရှင်လျက်နှင့် ဘဝသေနေသည့် ကလေးများမဖြစ်စေရန်အတွက် မုဒိမ်းမှုကျူးလွန်သူများကို ထိရောက်စွာဟန့်တားနိုင်သည့် အထူးဥပဒေတစ်ရပ်အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်းဖြင့် အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့ပြီး ယင်းအဆိုကို ပြည်သူ့လွှတ်တော်က သဘောတူညီခဲ့ပြီး လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အိမ်စည်

ပုဂံ−ညောင်ဦးနှင့် ကျောက်ပန်းတောင်းတွင် ထန်းပင်များစီးပွားဖြစ် မခုတ်ရန်တားမြစ်

ပုဂံ−ညောင်ဦးနှင့် ကျောက်ပန်းတောင်းဒေသရှိ ထန်းပင်များကိုစီးပွားဖြစ်ခုတ်လဲခြင်းမလုပ်ရန် တားမြစ်ထားကြောင်း ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်မှ မန္တလေးတိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်က ပြောကြားသည်။

“ခုကပိုပြီး လုပ်လို့ကိုင်လို့ကောင်းသွားတယ်၊ ဆက်ခုတ်မယ်ဆိုရင်အရေးယူမှုအပိုင်းတွေ ပါလာလိမ့်မယ်” အစိုးရအဖွဲ့က ဒီလ (၂၅)ရက်နေ့မှာ ညွှန်ကြားလာတယ်။ ဒီညွှန်ကြားချက်ကိုထွေအုပ်ရုံးတွေကနေ ကျေးရွာအုပ်ချုပ်ရေးမှူးဆီ စာဖြန့်ဝေထားပါတယ်။ လက်ရှိတော့ ထန်းပင်ခုတ်တာတွေ တန့်နေတယ်။ “ထန်းပင်တွေကိုကာကွယ်ရမှာ ထန်းပင်ကထုတ်လုပ်နိုင်တဲ့ တန်ဖိုးမြှင့်လက်မှုပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့လိုသလို ထန်းတောင်သူတွေဘဝကို မြှင့်တင်ပေးနိုင်ဖို့လည်း အဓိကကျတယ်လို့ ယုံကြည်တယ်”ဟု ၎င်းကပြောသည်။

ယင်းညွှန်ကြားချက်ကို မလိုက်နာဘဲထန်းပင်များကို အလွန်အကျွံဆက်လက်ခုတ်လှဲမှုများရှိပါက တိုင်းအစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်၍အရေးယူမှုများရှိလာနိုင်ကြောင်း၊ ထန်းပင်များကိုစီးပွားဖြစ် ခုတ်လှဲရောင်းဝယ်မှုများ၊ ကုန်ချောအဖြစ်တရုတ်ပြည်သို့ တင်ပို့ခြင်းတို့ကို တားမြစ်ထားသည်ဟု ၎င်းကပြောသည်။

ထန်းပင်ခုတ်လှဲ ရောင်းချနေသူများကို ယခင်ကသစ်တောဝန်ထမ်းများဖြင့် တားဆီးခဲ့သော်လည်းသစ်တောဥပဒေဖြင့် အရေးယူ၍မရသောကြောင့် အခက်အခဲအချို့ရှိခဲ့ကြောင်း ပြီးခဲ့သော ဧပြီလမတိုင်မီကာလက ကျောက်ပန်းနယ်တစ်ဝိုက်ရှိ ထန်းပင်အများအပြား ခုတ်လှဲရောင်းချမှုများရှိခဲ့ပြီး ပရိဘောဂနှင့်အခြားထုတ်ကုန်များထုတ်လုပ်ရန် ထန်းပင်တစ်ပင်လျှင် အမြင့်ပေပေါ်မူတည်၍ ကျပ်(၃၀၀၀)မှ (၁၀,၀၀၀) ဝန်းကျင်ဖြင့်ဝယ်ယူသူများရှိခဲ့သည်။

အညာဒေသရှိ ထန်းပင်များပျက်သုဉ်းမည့်အန္တရာယ်က ကာကွယ်ရန်လူတိုင်းတွင်တာဝန်ရှိသည်ဟု အရပ်ဘက် အဖွဲ့အစည်းတစ်ခုဖြစ်သည့်တော်ဝင်ထန်းအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

သင်္ကြန်ကာလ မတိုင်မီကကျောက်ပန်းတောင်းဒေသရှိ ထန်းပင် (၅၀၀) ကျော်ခုတ်လှဲခံခဲ့ရကြောင်း ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်မှမန္တလေးတိုင်း လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်က ပြောကြားသည်။

T.Z

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်ဝင်ပေါက်မှ တစ်ဆင့်လည်ပတ်

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာသိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်၊ ထွက်သွားလာ လည်ပတ်လျက်ရှိကြောင်း၊ အဆိုပါ နယ်စပ်ဝင်ပေါက်မှတစ်ဆင့်ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည်အရေအတွက်မှာ ၂၀၁၈ခုနှစ် ဧပြီ ၁ ရက်မှ မေလ ၂၄ ရက် အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစုပါဝင်သော နေ့ချင်းပြန်ခရီးသည် စုစုပေါင်း ၁၁၉၇၁၆ ဦးဖြစ်ပြီး မိုင်ဖြတ်ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည်စုစုပေါင်း ၁၅၁၄ ဦးနှင့် ဗီဇာဖြင့် တာချီလိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ဝင်ရောက်လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၁၁၅၃ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရား ခြေတော်ရာစေတီဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင်စွန်းတောင်စေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခံကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်ဘုန်းကြီးကျောင်း ဝပ်အပ်ကျောင်း၊ စွန်တောင်စေတီ၊ ကျောက်မဲ့ဆရီစေတီ၊ ရမ်းကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူသစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန်စသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြကြောင်းနှင့် နေ့ချင်းပြန်ခရီးစဉ်လာရောက် လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလော့ဈေးဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီတော်၊ မြို့လယ်ဓမ္မာရုံ၊ ပဒေါင်ကျေးရွာ၊ နဂါးနစ်ကောင်ဆရာတော်ကျောင်း၊ ကွမ်ရင်မယ်တော်၊တရုတ်ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက်လည်ပတ်ကြကြောင်းသိရသည်။

မေလအတွင်း တာချီလိတ်၊ နယ်စပ်ဝင်ထွက်ပေါက်မှတစ်ဆင့်၊ နေ့ချင်းပြန်ခရီးစဉ်လာရောက် လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသား၊ ခရီးသွားဧည့်သည် ၁၅၂၇၉ ဦး၊ မိုင်းပြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွား ဧည့်သည် ၁၀၅ ဦး၊ ဗီဇာဖြင့် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွား ဧည့်သည် ၁၁၃ ဦး ရှိကြောင်းသိရသည်။

ပိုးအိမ်

ပုဂံဒေသရှိ ဟိုတယ်ခနှုန်းထားများ လျှော့ချရန်လို

ပုဂံဒေသရှိ ဟိုတယ်ခနှုန်းထားများမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းတို့ထက်နှစ်ဆဝန်းကျင်မြင့်တက်နေသည့်အတွက် ဟိုတယ်ခဈေးနှုန်းများလျှော့ချရန်လိုကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

တစ်နိုင်ငံလုံးမှာရှိတဲ့ ဟိုတယ်တွေထက် ပုဂံမှာရှိတဲ့ဟိုတယ်ခတည်းခိုမှုဈေးနှုန်းတွေက များနေတယ်။ နိုင်ငံတွင်းသာမက အိမ်နီးချင်းနိုင်ငံတွေထက်ကို နှစ်ဆဝန်းကျင်တက်နေတယ်။ ဟိုတယ်တည်းခိုခများပေမယ့် ဖုန်ဝင်ကြေးကတော့ နည်းပါတယ်။ သတ်မှတ်ထားတဲ့ဖုန်ဝင်ကြေးက နိုင်ငံခြားသားတစ်ဦးကို နှစ်သောင်းခွဲကောက်ခံတယ်။ ဟိုတယ်တည်းခိုမှုနှုန်းထားတွေကို လျှော့ချပြီး ဖုန်ဝင်ကြေးနှုန်းထားတွေကို သတ်မှတ်ထားတဲ့နှုန်းထားထက်တိုးမြှင့်ပြီး ကောက်ခံသင့်ပါတယ်”ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပုဂံဒေသရှိ ဟိုတယ်ခနှုန်းထားများမှာ တစ်ညလျှင်အနည်းဆုံးမြန်မာကျပ်ငွေ သုံးသောင်းမှ အများဆုံးကျပ်ရှစ်သိန်းခွဲထိ ပေါက်ဈေးရှိသည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများတည်းခိုရာတွင် ဈေးနှုန်းသက်သာမှုရှိစေရန် ဟိုတယ်ခနှုန်းထားများကို လျှော့ချသင့်ကြောင်းနှင့် ဟိုတယ်အလုံးရေ ၈၅လုံးအခန်းပေါင်း သုံးထောင်ခန့်နှင့် ဟိုတယ်ဖုန်လေးခုရှိသော်လည်း ဟိုတယ်များမှာ အသေးစားအလတ်စားအဆင့်သာရှိနေသေးကြောင်း သိရသည်။

ပိုးအိမ်

ငပလီကမ်းခြေသန့်ရှင်းရေး အမှိုက်ရှင်းလင်းရေးစက်များ လာမည့်ခရီးသွားရာသီမှစ၍ ဝယ်ယူမည်

ငပလီဖုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းအနေဖြင့် လာမည့်ခရီးသွားရာသီကစ၍ ငပလီကမ်းခြေ၌ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ သိမ်းဆည်းနိုင်ရေး၊ မီးရှို့ဖျက်ဆီးနိုင်ရေး၊ အမှိုက်မပစ်ရဆိုင်းဘုတ်များ လိုက်ကပ်နိုင်ရေး စသည့်လုပ်ငန်းများကို သံတွဲမြို့နယ်စပ်စည်ပင်သာယာရေး၊ ကော်မတီနှင့် ပူးပေါင်းကာ ငပလီကမ်းခြေသန့်ရှင်းရေးကို လာမည့်ခရီးသွားရာသီကစ၍ ကမ်းခြေအမှိုက်ရှင်းလင်းရေးစက်များနှင့် အမှိုက်မီးရှို့စက်များဝယ်ယူကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုကတော့ မိုးရွာတော့ ဟိုတယ်တွေပိတ်ပြီးဖြစ်တဲ့အတွက် လာမယ့် ခရီးသွားရာသီမှာစပြီးလုပ်သွားမယ်။ ကမ်းခြေအပြင် လမ်းဘေးဝဲယာတွေမှာပါ အမှိုက်မရှိစေဖို့ ဟိုတယ်လုပ်ငန်းရှင်တွေနဲ့ စည်ပင်သာယာတို့ ပူးပေါင်းပြီး လုပ်သွားမယ်၊ အမှိုက်ကို မီးရှို့ရင် ကာဗွန်ဒိုင်အောက်ဆိုဒ်မထွက်တဲ့ စက်မျိုးဝယ်ဖို့လုပ်ထားတယ်။ Beach Cleaning Machine ဆိုတဲ့ စက်တွေဝယ်ပြီးတော့ သဲတွေထဲမှာရှိနေတဲ့ အမှိုက်တွေရှင်းလင်းပေးနိုင်ဖို့ လုပ်နေတယ်။ အသင်းရဲ့ ဘတ်ဂျက်ပေါ်မူတည်ပြီး ဝယ်ပြီးလုပ်သွားမှာဖြစ်တယ်" ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

နှစ်အနည်းငယ်အတွင်း ငပလီသည် ကမ်းခြေအရည်အသွေးကျဆင်းလာပြီး ခရီးသွားများ၏ စိတ်ကျေနပ်မှုကျဆင်းလာသဖြင့် ၂၀၁၈ တွင် Trip Advisor က ၂၀၁၆ အတွင်း ကမ္ဘာပေါ်တွင် သွားရောက်လည်ပတ်ရန် အကောင်းဆုံးကမ်းခြေများအနက် အဆင့် (၈) နေရာ၌ရှိကြောင်း၊ ဖော်ပြခဲ့ပြီး အာရှတိုက်၏ နံပါတ် (၁) အကောင်းဆုံးကမ်းခြေတစ်ခုအနေဖြင့် ဖော်ပြခဲ့ကြောင်း သိရသည်။

ပိုးအိမ်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အခြေခံသရုပ်ဆောင်သင်တန်း (၁/၂၀၁၈) ဖွင့်လှစ်မည်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၁/၂၀၁၈) အခြေခံသရုပ်ဆောင်သင်တန်း ဖွင့်လှစ်မည်ဟုသိရသည်။ တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် လျှောက်လွှာများကို ထုတ်ယူကာ လိုအပ်သည့် ထောက်ခံစာများနှင့်အတူ လျှောက်ထားနိုင်ကြောင်း သိရသည်။

သင်တန်းတွင် ဝါရင့်အနုပညာရှင်များကိုယ်တိုင် သင်ကြားပေးမည်ဖြစ်ပြီး အနုပညာရှင်များ၏ အချိန်ပိုင်းအလိုက် လာရောက်ဆွေးနွေးဟောပြောမှုများလည်း ပါဝင်မည်ဖြစ်သည်။ သရုပ်ဆောင် အတတ်ပညာသာမက ဆက်စပ်လျက်ရှိသည့် ဇာတ်ညွှန်း၊ ဇာတ်ပုံစသည့် အပိုင်းများကိုပါ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံသရုပ်ဆောင်သင်တန်းတွင် လျှောက်ထားလာသူများထဲမှ သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူများအား ပြန်လည်ရွေးချယ်မည်ဖြစ်ကာ သင်တန်းကာလအတွင်းတွင် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအား လိုက်နာရမည်ဖြစ်ကာ စာတွေ့လက်တွေ့သင်ခန်းစာများအား သင်ယူလေ့လာခွင့်ရမည်ဖြစ်ကြောင်း လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

T.Z

Miss Universe Yangon 2018 ပြိုင်ပွဲကို ဇွန်လ(၁၀)ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

Miss Universe Yangon 2018 ပါဝင်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးချယ်ခံရသော ဆန်ခါတင်အလှမယ်(၂၄) ဦးအား မီဒီယာများထံမှအပ်နှံခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီနှေပွဲကတော့ Miss Universe Yangon 2018 ပြိုင်ပွဲဝင် လျှောက်လွှာတင်ထားတဲ့အထဲက (၂၄)ဦးရွေးချယ်ထားတာကို မိတ်ဆက်ပေးတာဖြစ်တယ်။ ဒီ (၂၄)ဦးကတော့ ရန်ကုန်တိုင်းဒေသကြီးက ခရိုင်လေးခုကို ကိုယ်စားပြုရွေးချယ်ထားတာဖြစ်တယ်၊ သူတို့အရည်အချင်းပြည့်ဝသူတွေကို ကျွန်တော်တို့ရွေးချယ်မိတ်ဆက်ပေးတာဖြစ်တယ်၊ အရင်ပြိုင်ပွဲတွေတုန်းက ဆုရတဲ့အလှမယ်တွေအပြင်ဖိလစ်ပိုင်မှာ လေ့လာသင်ယူခဲ့သူတွေကလည်း လိုအပ်တာတွေကိုသင်ကြားပို့ချပေးမှာဖြစ်တယ်၊ မြန်မာပြည်အတွင်းမှာရှိတဲ့ တန်ခိုးကြီးဘုရားတွေ၊ သဘာဝအလှတရားတွေ နဲ့ဆင်စခန်းတို့လိုနေရာမျိုးတွေကိုသွား ရောက်ဖို့စီစဉ်နေတယ်၊ ရန်ကုန်တိုင်းအတွက်ခရိုင်လေးခုက အလှမယ်လေးဦးရွေးချယ်ပေးမှာဖြစ်တယ် "ဟု Miss Universe Yangon Organization မှတာဝန်ရှိသူတစ်ဦး ကပြောသည်။

အဆိုပါ ပြိုင်ပွဲဝင်လျှောက်လွှာ (၃၀၀)ကျော်ထဲမှ (၂၄)ဦးအားရွေးချယ်ထားပြီး ၎င်းနောက်ဆုံး Final ပြိုင်ပွဲကိုဇွန် (၁၀)ရက် Sky Star Hotel ၌ကျင်းပသွားမည်ဖြစ်သည်။ Miss Universe ပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ပြိုင်ပွဲများကျင်းပလျက်ရှိပြီး Miss Universe Myanmar အဖြစ်နိုင်ငံကိုယ်စားပြုကို မကြာမီရွေးချယ်သွားမည်ဖြစ်သည်။ Miss Universe Myanmar ပြိုင်ပွဲများတွင် အလှမယ် မိုးစက်ဝိုင်၊ အလှမယ် သျှားထွဋ်အိန္ဒြာ၊ အလှမယ် မေဘရဏီဇော်၊ အလှမယ် ထက်ထက်ထွန်း၊ အလှမယ် နင်းသွေးယုအောင်တို့က အသီးသီးဆွတ်ခူးခဲ့ပြီး Miss Universe ပြိုင်ပွဲကြီးများသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

T.Z

MISS UNIVERSE ORGANIZATION

Huawei Mate RS Porsche Design စမတ်ဖုန်းများ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိ

Huawei Mate RS Porsche Design စမတ်ဖုန်းမှာ ကျပ် ၂၃သိန်းဖြင့် ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသည့် Andriod ဖုန်းများအနက် ဈေးနှုန်းအကြီးမြင့်ဆုံးစမတ်ဖုန်းဖြစ်ပြီး ယခင်က ပြည်တွင်းဈေးကွက်သို့ Google Pixel 2XL စမတ်ဖုန်းမှာ ၁၄သိန်းကျော်၊ Samsung Galaxy S9 Plus စမတ်ဖုန်းမှာ ၁၄ သိန်းဖြင့် ဈေးနှုန်းအကြီးမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါဖုန်းမှာ မျက်နှာပြင်အကျယ်ခြောက်လက်မရှိပြီး RAM 6 GB နှင့် Internal Storage 256 GB ရှိကြောင်း၊ ကင်မရာမှာ 40MP ရုပ်ထွက်ရှိပြီး ဘက်ထရီမှာ 4000 mAh ဖြစ်ကြောင်း ဂျာမနီအခြေစိုက်နာမည်ကျော်ကားအမျိုးအစား Porsche ကိုဖုန်းအပြင်အဆင်ဖြင့် ရယူထုတ်လုပ်ထားသည့် အဆင့်မြင့်စမတ်ဖုန်းအမျိုးအစားဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

Transcom News journal Cartoons



ကမ္ဘာ့အံ့မှုဖွယ်တစ်ပါး “ဂုတ်ထိပ်”

နှင်းဆီဘို

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့စစ်ရှုံး၍ဆုတ်ခွာချိန်တွင် တိုင်အောက်ခြေကို ဗုံးများမြှုပ်နှံချိုးဖျက်ခဲ့မှုကြောင့် သံယက်ကွက်ကြီးများနှင့် သံတိုင်ကြီးများပျက်စီးခဲ့ကြောင်း.....။

မင်္ဂလာပွဲကိစ္စနှင့် ပတ်သက်ပြီး ပြင်ဦးလွင်သို့သွားရမည်ဟုသိရသည်နှင့် တစ်ချိန်တည်းမှာပင် ဂုတ်ထိပ်သို့ပါ သွားရောက်ရန် ဆုံးဖြတ်ပြီးဖြစ်နေပေပြီ။ လွန်ခဲ့သော ၁၉၇၃ ခုနှစ်၊ မိမိငယ်စဉ်က မြစ်ငယ်မှလားရှိုးသို့ မွေးစားမိခင်၏ ခေါ်ဆောင်မှုကြောင့် တစ်ကြိမ်ဖြတ်ကျော်ခဲ့ဖူးသော်လည်း နောက်ပိုင်းတစ်ကြိမ်မှပင် မရောက်တော့၊ မိမိတို့ ဂုတ်ထိပ်တံတားကြီးကို ဖြတ်ကျော်စဉ်က ဂုတ်ထိပ်မရောက်မီ လှိုင်ခေါင်းကြီးကိုဖြတ်ကျော်စဉ် အသဲတယားယားရင်တထိတ်ထိတ်ဖြင့် ဖြတ်ကျော်ပြီး ဂုတ်ထိပ်တံတားကြီးပေါ်ရောက်လာတော့ ငယ်ရွယ်သူပီပီကြောက်အားပိုမိသည်။ ရထားစီးခရီးသည်အားလုံးလိုလိုပင် ရင်ပတ်လေးတွေကိုဖိပြီး ဂုတ်ထိပ်တံတားကြီးကို အံ့သြဘနန်းဖြစ်ကာ မင်တက်မိသည့်အကြည့်များဖြင့်ကြည့်ကာ ကြောက်စိတ်ကိုထိန်းပြီး တံတားကြီးနှင့် တံတားကြီး၏ဘေးပတ်ဝန်းကျင်ကို စူးစမ်းကြစဉ်မိမိလည်း ကလေးပီပီကြောက်ကြောက်နှင့် အောက်ကိုငုံ့ကြည့်ရာ လုံခြုံရေးယူထားသောရဲဘော်များကို ခပ်သေးသေးခပ်ဝါးဝါးသာမြင်ရသည်။ ခရီးသည်အချို့က သကြားလုံး၊ ချိုချဉ်နှင့် မုန့်များပစ်ချပေးကြသဖြင့် ရဲဘော်တစ်ယောက်စ၊ နှစ်ယောက်စကလိုက်ကောက်နေသည်ကို တွေ့ရသည်။ ခရီးသည်တစ်ဦးမှာ ငှက်ပျောသီးတစ်ဖီးလုံးကို ပစ်ချပေးလိုက်သည်ကို တွေ့ရသော်လည်း ၎င်းငှက်ပျောသီးမှာအောက်ရောက်လျှင် စိစိညက်ညက်ကျေမည်ပင်ဖြစ်သည်။ ကံဆိုးပြီး ရဲဘော်ခေါင်းပေါ်တည့်တည့်ကျပါက မတွေးဝံ့စရာပင်၊ မြန်မာလူမျိုးများ၏ သဒ္ဓါတရားကို အသိအမှတ်ပြုလေးစားသော်လည်း နေရာတော်တော်များများတွင် လွဲချော်မှုများရှိနေသည်ကို ကလေးဘဝကပင်သတိပြုမိသည်။ ဂုတ်ထိပ်တံတားပေါ်၌ ရထားမှာဖြည်းဖြည်းမောင်းလာသည့်အတွက် ဆက်လက်ကြည့်ရှုရာ ရထားလမ်းဘေးတွင် အဆွယ်ထုတ်ပြီး ရဲဘော်များလုံခြုံရေးယူသည့် ကင်းတဲလေးများကို တွေ့ရသည့်အတွက် ဩော်သူတို့ဒီတဲမှာပဲနေကြ၊ အိပ်ကြ၊ စားကြရမှာပါလားဟု ဂရုဏာဖြစ်မိပါသည်။

ယခုအခါ နှစ်ပေါင်း (၄၅) နှစ်ခန့်ကြာမှ ဂုတ်ထိပ်ကို တစ်ခေါက်ပြန်ရောက်ရပြန်ပါပြီ၊ ပြင်ဦးလွင်မှ နောင်ချိုနောက်ချိုမှ ဂုတ်ထိပ်သို့ ကားဖြင့်သွားခဲ့ကြသည်။ နောင်ချိုအလွန်တွင် မြေသားလမ်းဖြင့် ကောင်းမွန်စွာသွားရောက်နိုင်သည်ကိုတွေ့ရသည်။ လမ်းတွင် ကြံခင်းများ၊ ရိတ်သိမ်းနေသည်ကို တွေ့ရသည့်အတွက် ကားပေါ်မှခေတ္တဆင်းပြီး ဓာတ်ပုံရိုက်ခဲ့သည်။ မကြာမီဂုတ်ထိပ်ဘူတာသို့ရောက်သည်။ ဂုတ်ထိပ်ဘူတာသို့မရောက်မီ ဘုန်းကြီးကျောင်းဝင်းကိုဖြတ်လျှောက်ခဲ့ရာ ဘုန်းကြီးကျောင်းဝင်းမှာ ကျယ်ဝန်းသပ်ရပ်ကြောင်း တွေ့ခဲ့ရပါသည်။ ထိုမှတစ်ဖန် ဂုတ်ထိပ်ဘူတာသို့ဆင်းကာ ဂုတ်ထိပ်တံတားကိုဖြတ်သည့် R.G.C ရထားလေးနှင့် မိသားစုလိုက်ပါစီးနင်းခဲ့ပါသည်။ ရထားပေါ်တွင် တာဝန်ကျရထားဝန်ထမ်းတစ်ဦးက ဂုတ်ထိပ်တံတားကြီး၏ ရာဇဝင်ကို ခရီးသည်များအား လုံးကြားနိုင်ရန် ရှင်းပြပါသည်။ ၎င်း၏ ရှင်းပြချက်အရဂုတ်ထိပ်တံတားကြီးမှာ အခြားတံတားကြီးများကဲ့သို့ မြစ်ချောင်းများကို ဖြတ်ကျော်တည်ဆောက်ထားခြင်းမဟုတ်ဘဲ ပေ (၃၀၀) ကျော် မတ်စောက်သော လျှိုကြီးနှစ်ခုကို ဖြတ်ကာ တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ဂုတ်ထိပ်တံတားကြီးကို လန်ဒန်ရှိ “ဆာအေအမ်ရင်းဒဲလ်အင် ကုမ္ပဏီ” (Sir.AM.Rendel & Co) မှ ပုံရေးဆွဲ၍ အမေရိကန်ပြည် “ပင်ဆီဗေးလ်နီးယားနှင့် မာရီလင်းတံတားနှင့် တည်ဆောက်ရေးကုမ္ပဏီ” (Pennsylvania & Maryland Bridge & Construction Co) က ၁၉၀၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သဖြင့် တံတားကြီး၏ သက်တမ်းမှာ နှစ်ပေါင်း (၁၁၅) ခုနှစ်ရှိပြီဖြစ်ကြောင်း၊ တံတားကြီးမှာ နောင်ချိုဘူတာအလွန် (၇) မိုင်အကွာ မိုင်တိုင်အမှတ် ၄၆၃/၀၉ တွင်တည်ရှိကြောင်း၊ ပေ (၁၂၀) ရှည်လျားသောအလျားကူး သံဘောင်ကြီး (၁၀) ခု၊ ပေ (၆၀) ရှည်သော အလျားကူးသံဘောင်ကြီး (၇) ခုနှင့် ပေ (၄၀) ရှည်သော အလျားကူးသံဘောင်ကြီး (၁၆) ခုတို့ဖြင့် သံမဏိသံတိုင်ကြီး (၁၆) တိုင်ပေါ်၌ ခဲရာခဲဆစ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ အမြင့်ဆုံးသံတိုင်ကြီးမှာ ပေ (၃၂၀) ရှိပြီး၊ အနိမ့်ဆုံးသံတိုင်မှာ (၄၅) ပေရှိကြောင်း ရှင်းပြပါသည်။ ဆက်လက်၍ ၎င်းကပင် ဂုတ်ထိပ်တံတားကြီးမှာ အရှည် (၂၂၆၀) ပေရှိကြောင်း၊ မူလတည်ဆောက်စဉ်က စတာလင်ပေါင် (၁၁၃,၂၀၀) သာ ကုန်ကျခဲ့ကြောင်း၊ တံတားကြီးရှိ စုစုပေါင်း သံဘောင်စတုရန်းပေ (၄၀၀,၀၀၀) ကျော်ကို ဆေးသုတ်ရာ၌ စတာလင်ပေါင် (၈၀၀) ခန့်ကုန်ကျခဲ့ကြောင်းနှင့် ဤမျှခမ်းနားကြီးကျယ်သောတံတားကြီးကို စုစုပေါင်းကြာမြင့်ချိန် (၉) လနှင့် အပြီးဆောက်လုပ်ထားကြောင်း သိရှိမှတ်သားခဲ့ရပါသည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့စစ်ရှုံး၍ဆုတ်ခွာချိန်တွင် တိုင်အောက်ခြေကို ဗုံးများမြှုပ်နှံချိုးဖျက်ခဲ့မှု ကြောင့် သံယက်ကွက်ကြီးများနှင့် သံတိုင်ကြီးများပျက်စီးခဲ့ရကြောင်း၊ ၎င်းပျက်စီးမှုကို ပြန်လည်ပြုပြင်တည်ဆောက်ရာ၌ ကျပ် (၃,၂၀၀,၀၀၀/-) ကုန်ကျခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း အသေးစိတ်ရှင်းပြမှုကို နားထောင်ခဲ့ရပါသည်။ မိမိလုပ်ငန်းကိုကျွမ်းကျင်ပြီး ခရီးသည်များအပေါ် တာဝန်ကျေသည့် ဝန်ထမ်းဖြစ်၍ လေးစားသောစိတ်ဖြင့် နားမည်မေးရာ ကိုယဉ်ထွေးဟုမှတ်သားခဲ့ရပါသည်။ ထိုနေ့က ရုံးပိတ်ရက်ဖြစ်၍ R.G.C ရထားလေးပေါ်တွင် ခရီးသည်ဦးရေ (၃၅) ဦးခန့်ပါသော်လည်း ကိုယဉ်ထွေး၏အသံသြဇာဖြင့် အားလုံးကြားအောင်ရှင်းပြနိုင်စွမ်းရှိကြောင်း တွေ့ခဲ့ရပါသည်။ ဒီခေတ်ကြီးထဲမှာ ပဲပြုတ်သည်၊ ဆီးသီးသည်များသည်ပင် Hand Speaker များအသုံးပြုနေချိန် ကိုယဉ်ထွေးတို့လည်း Hand Speaker များသုံးလျှင် ပိုမိုသင့်လျော်စေရဲ့ဟု တွေးထင်မိပါသည်။

ဖော်ပြပါအတိုင်း ကိုယဉ်ထွေးရှင်းပြသည်ကို နားထောင်ရင်း ဂုတ်ထိပ်တံတားအောက်သို့ ငုံ့ကြည့်ရာ ယခင် ၁၉၇၃ ခုနှစ်ကဲ့သို့ အောက်ခြေတွင် ရှင်းလင်းမနေတော့ဘဲ သစ်ပင်၊ ခြုံပင်များဖြင့် တောထနေသည်ကို တွေ့ရပါသည်။ တံတားပေါ်ရှိ လုံခြုံကင်းတဲများကို ကြည့်ရှုရာ ပျက်စီးနေသည်ကိုတွေ့ရသဖြင့် မိမိစိတ်ထဲတွင် မချင့်မရဲဝေဒနာတစ်ခုဖြစ်ပေါ်ခဲ့ပါသည်။ မိမိတို့ R.G.C ရထားလေးလှိုင်ဂူကိုဖြတ်ပြီး တစ်ဖက်ကမ်းသို့ရောက်သည့်အခါ ခရီးသည်များ အမှတ်တရဓာတ်ပုံရိုက်နိုင်စေရန် ရထားကို ခေတ္တရပ်ပေးသဖြင့် မိသားစုလိုက်ပျော်ပျော်ပါးပါး ဓာတ်ပုံရိုက်ခဲ့ပါသည်။ ဓာတ်ပုံရိုက်ရင်း လှိုင်ဂူဝကို သေသေချာချာကြည့်သောအခါ ၁၉၀၀ ပြည့်နှစ်ဟု ရေးသားထားသည်ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ထို့နောက် မိမိတို့မိသားစုများအပါအဝင် ခရီးသည်များ မူလထွက်ခွာလာသည့် ဂုတ်ထိပ်ဘူတာသို့ ပြန်လာကြပါသည်။ ထိုသို့ ပြန်လာရင်းဘူတာနှင့် ဓားလွယ်ခုတ်နေရာတွင် အုတ်ကြွပ်မိုးဖြင့်တည်ဆောက်ထားပြီး ပြုပြင်ထိန်းသိမ်းမွမ်းမံရန် လိုအပ်နေသော မီးရထားဝန်ထမ်းအိမ်လေးကို တွေ့ရှိသဖြင့် ဩော် ဒါကိုလိုနီခေတ်က လက်ရာလေးပဲ၊ မိမိငယ်စဉ်ကနေထိုင်ခဲ့သည့် မြစ်ငယ်မီးရထားမြို့လေးမှာ ဒီလို အုန်ကြွပ်မိုးအဆောက်အဦတွေအများကြီးရှိခဲ့ပုံ၊ မြစ်ငယ်မှဝန်ထမ်းအိမ်များလည်း ပြုပြင်မွမ်းမံရန်အထူးလိုအပ်နေကြောင်း တွေ့ရှိခဲ့ပုံများ၊ မြန်မာနိုင်ငံတွင် အတိတ်ကာလက လွဲမှားသောစီမံခန့်ခွဲမှုစနစ်ကြောင့် တိုင်းပြည်စီးပွားရေးကျဆင်းပုံ၊ မြန်မာ့မီးရထားအပါအဝင် ဌာနပေါင်းစုံမှာ မိမိတို့ရရှိသည့် ဘတ်ဂျက်ဖြင့် ရပ်တည်နေရပုံများ၊ ခေတ်မီမီအဆင့်မြင့်မြင့်တည်ဆောက်လိုသော်လည်း ဘတ်ဂျက်ကန့်သတ်မှုကြောင့် ဌာနဆိုင်ရာများ လွတ်လွတ်လပ်လပ်ကြီးထွားသင့်သလောက် ကြီးထွားခွင့်မရကြပုံများ၊ ဤကဲ့သို့သော အခက်အခဲများကြားမှ အုတ်ကြွပ်မိုးအိမ်အို၊ အိမ်ဟောင်းငယ်များတွင် နေထိုင်ပြီး တိုင်းပြည်တာဝန်၊ ကျရာတာဝန်များကို ကျေပွန်စွာထမ်းရွက်နေသော မီးရထားဝန်ထမ်းများကို တွေ့ရှိခဲ့သဖြင့် စိတ်ကျေနပ်ဝမ်းသာမှုဖြစ်စိခဲ့ရသော ခရီးစဉ်လေးဖြစ်ပါကြောင်း မှတ်တမ်းပြုလိုက်ရပါသည်။

ရန်ကုန်လေဆိပ်မှ ဗိုလ်တထောင်ဘုရားသို့ မိနစ်အနည်းငယ်ဖြင့် ရောက်ရှိနိုင်မည့် မိုးပျံလမ်းစီမံကိန်း ယခုနှစ်အကုန်တွင် ဆောက်လုပ်မည်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗိုလ်တထောင်ဘုရားသို့ မိနစ် ၂၀ဖြင့် ရောက်နိုင်မည့်စီမံကိန်းကို တည်ဆောက်မည်ဖြစ်ပြီး အဆိုပါစီမံကိန်းကို ယခုနှစ်ကုန်ပိုင်းတွင် တည်ဆောက်ရန် လျာထားပြီး တင်ဒါများကို စက်တင်ဘာလ၌ ခေါ်ယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

“စီမံကိန်းနဲ့ ပတ်သက်ပြီးလုပ်ဆောင်နေတာသုံးလကျော်လောက်ရှိပြီ၊ မြေပုံထုတ်၊ ဒီဇိုင်းဆွဲ၊ မြေပြင်စမ်းတယ်၊ ကားကျပ်တည်းမှုနဲ့ ကားဝင်ရောက်နိုင်မှု ယာဉ်အစီးရေဘယ်လောက်အထိ ဖြစ်တယ်ဆိုတာ တွက်ချက်နေတယ်၊ ဒီဇိုင်းအတိုင်းရင်းနှီးမြှုပ်နှံမယ့်သူတွေကို ကျွန်တော်တို့ပြန်ခေါ်မယ်၊ အပိုင်းနှစ်ပိုင်းခွဲပြီး တည်ဆောက်ဖို့အဆိုပြုလွှာခေါ်ထားတယ်၊ အပိုင်းတစ်အနေနဲ့ ရန်ကုန်လေဆိပ်ကနေ ဗိုလ်တထောင်ဘုရားလမ်းအထိအရင်ဖောက်သွားမယ်”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ မိုးပျံလမ်းသည် ၂၀ ဒသမ ၅ကီလိုမီတာရှည်ပြီး လေးလမ်းသွားအဖြစ် တည်ဆောက်မည်ဖြစ်၍ စီမံကိန်းနှင့် ပတ်သက်၍ ဘဏ္ဍာရေးအကြံပေးအဖြစ် ဆောင်ရွက်ရန်အပြည်ပြည်ဆိုင်ရာငွေကြေးကော်ပိုရေးရှင်း (IFC) နှင့်သဘောတူစာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း ၂၀၃၅ ခုနှစ်တွင် ရန်ကုန်မြို့၌ နေထိုင်သည့်လူဦးရေ ၁၀သန်းခန့်ရှိလာမည်ဟု ခန့်မှန်းထားသောကြောင့် တိုးပွားလာသည့်လူဦးရေနှင့် လက်ရှိလမ်းပမာဏမျှတစေရန် ရည်ရွယ်၍တည်ဆောက်ရခြင်းဖြစ်ကြောင်း ယင်းမိုးပျံတံတားသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုဗဟိုပြုဆောက်လုပ်သွားမည်ဖြစ်ပြီး မိမိသွားရောက်နိုင်မည့်လမ်းပိုင်းနေရာများကို အတက်အဆင်းပြုနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

နိုင်ငံတကာ ရုပ်ရှင်ရုံများနှင့်အပြိုင် Solo: A Star Wars Story 3D ပြမည်

နိုင်ငံတကာတွင် ပြသလျှက်ရှိသည့် SoLo: A Star Wars Story 3D ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်၊ မန္တလေး၊ ပြည်၊ ပဲခူး၊ မကွေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် မုံရွာမြို့များရှိရုပ်ရှင်ရုံများ၌ ဇွန်လ ၁ ရက်မှ စတင်က ပြသနေပြီဖြစ်သည်။

အဆိုပါ SoLo: A Star Wars Story 3D ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ Ron Howard ကရိုက် ကူးပြီး Alden Ehrenreich, Don- ald Glover, Emilia Clarke, WoodyHarrelson, Joonas Su-otamo တို့ ပါဝင်သရုပ်ဆောင်ထားခြင်းဖြစ်သည်။ SoLo: A Star Wars Story 3D ရုပ်ရှင်ဇာတ်ကားသည် လက်ရှိတွင် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင် ပြသအောင်မြင်နေသည့် ဇာတ်ကားဖြစ်သည်။

SoLo: A Star Wars Story 3D ရုပ်ရှင်မှာ ၂၀၁၆ ခုနှစ်တွင် ထွက်ရှိခဲ့သည့် Star Wars ရုပ်ရှင်ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကား Rogue One ၏ နောက်ဆက်တွဲဇာတ်လမ်းအဖြစ် ရိုက်ကူးထားခြင်းဖြစ်သည်။ Star War ဇာတ်ကားများ၏အဓိက ဇာတ်ဆောင်တစ်ဦးဖြစ်သည့် Han Solo ၏ လူလတ်ပိုင်းအရွယ်စွန့်စားခန်းများနှင့် သူငယ်ချင်းဖြစ်လာသည့် Chewbacca နှင့် တွေ့ဆုံမှု ကာလများကို ရိုက်ကူးထားခြင်းဖြစ်သည်။

Han Solo သည် Corellia ဂြိုဟ်၏ အာကာသယာဉ်မောင်းတစ်ဦးဖြစ်ပြီး တွဲဖက်ပိုင်းလော့ဖြစ်သည့် Kashyyk သည် အသိဉာဏ်မြင့် သတ္တဝါတစ်ဦးဖြစ်သည်။ တစ်ရက်တွင် Han Solo တို့သည် နဂါးငွေ့တန်းကြယ်စုများဆီ ခရီးနှင်ရင်း Bespin ဂြိုဟ်၏ Cloud City သို့ရောက်ရှိသွားခဲ့သည်။ ထိုဂြိုဟ်တွင် တစ်ချိန်ကအမှောင်ကမ္ဘာတွင် လူဆိုးကြီးတစ်ဦးဖြစ်သည့် Lando Calrissian နှင့် တွေ့ဆုံရင်း တိုက်ခိုက်မှုဖြစ်ပေါ်လာသည်ကို ရိုက်ကူးတင်ပြထားသည့် ဇာတ်ကားဖြစ်သည်။ နိုင်ငံတကာရုပ်ရှင်ကိုမကြိုက်နှစ်သက်သည့် ပရိသတ် ကြီးအတွက် အကြိုက်တွေ့မည့် So Lo: A Star Wars Story 3D ဇာတ်ကားရုံတင်နေပြီဖြစ်လို့ သွားရောက်အားပေးနိုင်ပြီဖြစ်ကြောင်း သတင်းပေးလိုက်ရပါသည်။

အိမ်စည်

Jurassic Word: Fallen Kingdom ရုပ်ရှင်အထူးပွဲ ကြည့်လိုသည့် ပရိသတ်ကြီးအတွက် လာပြီ



Jurassic Word: Fallen Kingdom ရုပ်ရှင်ဇာတ်ကားအား နိုင်ငံတကာရုပ်ရှင်ရုံများတွင် စတင်ဖြန့်ချိသည့် ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်နှင့် မန္တလေးမြို့ရှိရုပ်ရှင်ရုံများတွင်လည်း အထူးပွဲပြသသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ D.J.ABayona ကရိုက်ကူးပေးထားပြီး Bryce Dallas How- ard, Chris Pratt, Jeff Gold- blum တို့ ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဇွန် ၆ ရက်တွင် ဂျာမနီ၊ ပြင်သစ်၊ တောင်ကိုရီး ယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်ဝမ် စသည့် နိုင်ငံအချို့၌စတင်ပြသဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း Jurassic Word: Fallen Kingdom ရုပ်ရှင်ဇာတ်ကားအထူးပွဲအဖြစ် ဇွန်လ ၆ ရက်နှင့် ၇ ရက်တွင် ရွှေဗဟိုရုပ်ရှင်ရုံတွင် ည ၉ နာရီပွဲစဉ် တွင်ပြသမည်ဖြစ်ပြီး ကန်သာယာရုပ်ရှင်ရုံတွင် အဆိုပါရက်များ၌ ပွဲစဉ်အချိန်ပြည့်ပြသသွားမည်ဖြစ်သည်။

ထို့ပြင် ရန်ကုန်မြို့ရှိ Junct- ion City JCGV ရုပ်ရှင်ရုံတွင် ဇွန် ၆ ရက် နှင့် ၇ရက် နေ့များ၌ ညနေ ၄ နာရီ၊ ည ၇နာရီနှင့် ည ၉ နာရီ ပွဲချိန်များတွင် ပြသသွားမည်ဖြစ်သည်။ အဆိုပါ ရက်များ၌ မန္တလေးမြို့ရှိ JCGV ရုပ် ရှင်ရုံတွင်လည်း ည ၉ နာရီပွဲချိန်များတွင် ပြသသွားမည်ဖြစ်သည်။

Jurassic Word: Fallen Kingdom ရုပ်ရှင်ဇာတ်ကားသည် Jurassic ဇာတ်ကားများ၏ ပဉ္စမမြောက် ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် ဒိုင်နိုဆောများကိုမွေးကာ ပြသထားသည့် ဥယျာဉ်ကြီးပျက်စီးသွားပြီး သုံးနှစ်အကြာတွင် Cradyနှင့် Claire တို့သည် အသက်ရှင်ကျန်ရစ်သည့် သတ္တဝါများကို ကယ်တင်ရန်အတွက် IslaBublar ကျွန်းသို့ ပြန်သွားခဲ့သည်။ ၎င်းတို့ရောက်သွားချိန်မတိုင်မီတွင် အဆိုပါကျွန်း၌မီးတောင်ပေါက်ကွဲရာမှ ဒိုင်နိုဆောမျိုးစိတ်သစ်များ ထပ်မံပေါ်ထွက်လာပြီး ၎င်းတို့မှအန္တရာယ်ပေးနိုင်မှုကို အခွင့်အရေးယူကာ ကမ္ဘာကြီးအပေါ် ချုပ်ကိုင်လိုသူများ ပူးပေါင်းကြံစည်မှုများကို ရိုက်ကူးထားခြင်းဖြစ်သည်။

အိမ်စည်

မြန်မာ့ရုပ်ရှင်ဇာတ်ကားသစ် ရှစ်ကား ယခုလအတွင်း ပြသရန်စီစဉ်ထား

ယခုလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ်ရှစ်ကား ရုံတင်ပြသရန်စီစဉ်ထားပြီး ဇွန်(၂၉)ရက်တွင် ကျော်သူ၊ ရန်အောင်၊ မင်းမော်ကွန်း၊ မြင့်မြတ်၊ နေမျိုးအောင်၊ ကျော်ကျော်ဗိုလ်၊ ဟိန်းဝေယံ၊ စိုးမြတ်သူဇာပါဝင်သည့် "ဝိညာဉ်စိမ်း"ဇာတ်ကားနှင့်မြင့်မြတ်၊ ရွှေမှုန်ရတီနှင့်နန်းဆုဦးတို့ ပါဝင်ထားသည့် "ဒူ"ဇာတ်ကားတို့ကို အပြိုင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ဇွန်(၁၅)ရက်တွင် "စိန်ယောက်မ"ဇာတ်ကားကို ဒါရိုက်တာကိုဇော် (အာရုံဦး) ကရိုက်ကူးပြီး ကျော်ရဲအောင်၊ ပြေတီဦး၊ ခင်လှိုင်၊ ထက်အောင်ရှိန်း၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်နှင့် အနုပညာရှင်များစွာပါဝင်ထားသည့်ဇာတ်ကားနှင့်"ကျွန်တော်ချစ်သော"ရုပ်ရှင်ဇာတ်ကားနှစ်ကားကိုအပြိုင်ပြသမည်ဖြစ်၍ အဆိုပါ "ကျွန်တော်ချစ်သော"ဇာတ်ကားတွင်စိုးရန်အောင်၊ မိုးယုစံ၊ ရွှေသွန်းခ၊ မေစုးနိုင်တို့ပါဝင်ထားကြောင်း သိရသည်။

ထို့ပြင် ဇွန်(၈)ရက်တွင်"သားပိုက်ကောင်"နှင့်"လက်စားချေနတ်သမီး" ရုပ်ရှင်ဇာတ်ကား နှစ်ကားကိုအပြိုင်ပြသမည်ဖြစ်ရာ လက်စားချေနတ်သမီး"ဇာတ်ကား၌ ဖြိုးငွေစိုး၊ ညီဘာ၊ ထပ်ဆင့်အကယ်ဒမီ သက်မွန်မြင့်၊ နန်းဆုဦးတို့ အဓိကပါဝင်ထားပြီး "သားပိုက်ကောင်"ဇာတ်ကားတွင် ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ ရွှေသမီး၊ မင်းဦး၊ နေဆန်း၊ ဒိန်းဒေါင်၊ သိန်းလင်းစိုး၊ စည်သူပလပ်ကျွတ်၊ မေပန်းချီနှင့်အနုပညာရှင်များစွာပါဝင်ထားသည့် ဇွန်လ (၂၂) ရက်တွင် ဒါရိုက်တာအောင်ညီဘာ ရိုက်ကူးထားသော ခန့်စည်သူ၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ ဖြိုးငွေစိုး၊ ဖေလု ဝ၊ စိုးမြတ်သူဇာ၊ အိချောပို၊ သန္တာမိုနှင့် ရတနာမိုတို့ ပါဝင်ထားသည့်"ပင်လယ်ကြီးက ဘာပြောလဲ"ရုပ်ရှင်ဇာတ်ကား ရုံတင်မည်ဟုသိရသည်။

ဒါရိုက်တာ အောင်ဇော်လင်းနှင့် ဝင်းလွင်ထက်တို့ ရိုက်ကူးထားသည့် လွှမ်းပိုင်၊ ရဲရင့်အောင်၊ ဖွေးဖွေး၊ နေအောင်၊ ရဲအောင်၊ မြတ်ကေသီအောင် တို့ အဓိက ပါဝင်သရုပ်ဆောင်ထားသည့် "ငါ့ကိုနမ်းတဲ့မုန်တိုင်း" ရုပ်ရှင်ဇာတ်ကားကို ဇွန်လ(၁၇)ရက်တွင် ရုံတင်ပြသထား ကြောင်း သိရသည်။

ပိုးအိမ်

ကလေးငယ်များအား IQ-EQ ဆိုင်ရာ ပင်ကိုယ်စွမ်းရည် အဓိကထားသင်ကြားပေးမည့် သင်တန်းကျောင်း စတင်ဖွင့်လှစ်ခဲ့

အသက် ၆လမှ ၁၂နှစ်အတွင်းရှိ ကလေးငယ်တစ်ဦးချင်း၏ ငုတ်လျှိုးနေသော IQ-EQ ဆိုင်ရာ ပင်ကိုယ်စွမ်းရည်များအား ပိုမိုမြှင့်တင်ပေး၍ ပြည့်ဝစွာ အသုံးချနိုင်စေရန် အဓိကထားလေ့ကျင့်သင်ကြားပေးနေသော PEOPLE IMPACT သင်တန်းကျောင်း မြန်မာနိုင်ငံတွင် တရားဝင်ဖွင့်လှစ်သည့်အခမ်းအနားကို Melia Hotel (Inya Ballroom) တွင် ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားပွဲကို ပြုလုပ်ခဲ့ရာ တာဝန်ရှိသူလူကြီးမင်းများနှင့်အတူ ပါမောက္ခဒေါက်တာအောင်ထွန်းသက်မှ ဦးဆောင်ဆွေးနွေးခဲ့သည်။

နိုင်ငံတကာတွင် အောင်မြင်စွာဖွင့်လှစ်သင်ကြားနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်သည့် PEOPLE IMPACT IQ-EQ သင်တန်းကျောင်းကို မြန်မာနိုင်ငံတွင် GOLDEN LEGEND GROUP ၏ Royal Sublime Co., Ltd မှ Franchise ယူ၍ တရားဝင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်မှ အောင်မြင်ပျော်ရွှင်သော ကလေးတစ်ယောက်ဖြစ်စေရန် ပြုစုပျိုးထောင်ရာတွင် မိမိကိုယ်ကို ယုံကြည်မှုကို မြှင့်တင်ပေးခြင်းသည် အဓိကအရေးပါသော အချက်တစ်ချက်ဖြစ်ပြီး EQ မြင့်မားလာစေရန် ကလေးငယ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးရမည်ဟု EQ အရေးပါပုံကို အဓိကထား ဆွေးနွေးခဲ့သည်။

PEOPLE IMPACT ၏ အဓိကရည်ရွယ်ချက်မှာ ကလေးငယ်များအားအနာဂတ်တွင် အရေးပါသည့် တာဝန်ယူသိတတ်မှုစွမ်းရည် (Responsibility)၊ အကြောင်းအရာများအား အလွယ်တကူသိမြင်နားလည်နိုင်သောစွမ်းရည် (Conitive skill) လူမှုပေါင်းသင်းဆက်ဆံရေး (Social Skill) စသည့်စွမ်းရည်များကို ငယ်စဉ်အခါမှစတင်၍ နားလည်သိရှိပြီး ကောင်းမွန်စွာ အကျိုးရှိရှိ အသုံးချနိုင်ရန် ပြုစုပျိုးထောင်သင်ကြားပေးရန်ဖြစ်သည်။

PEOPLE IMPACT Myanmar ၏ Parent Company ဖြစ်သော Royal Sublime Co., Ltd မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးဝင်းကိုလတ်မှ "မြန်မာပြည်မှာ EQ ပိုင်းဆိုင်ရာကို စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်တဲ့ကျောင်း မရှိသေးပါဘူး။ အခုခေတ်ကလေးငယ်တွေက လွန်ကဲစွာ ကာကွယ်မှုပြုတဲ့ပတ်ဝန်းကျင် (Over-Protective Environment) မှာ ကြီးပြင်းလာရတာကြောင့် ကိုယ့်အားကိုယ်ကိုးလိုစိတ်တွေ၊ မိမိရဲ့စိတ်ခံစားချက်ကိုထိန်းချုပ်နိုင်တဲ့စွမ်းရည်တွေ၊ အခြားသူတွေနဲ့လိုက်လျောညီထွေစွာ ပေါင်းသင်းဆက်ဆံမှုစတဲ့အပိုင်းတွေမှာ အားနည်းနေတတ်ကြတယ်။ လူတော်လေးတွေထက် လူကောင်းလေးတွေဖြစ်လာစေဖို့ အရမ်းအရေးကြီးပါတယ်။ အနာဂတ်ရဲ့သားကောင်း၊ သမီးကောင်းရတနာလေးတွေမွေးထုတ်ပြုစုပျိုးထောင်ပေးရခြင်းက PEOPLE IMPACT Myanmar ရဲ့အခြေခံအကျဆုံးရည်မှန်းချက်ဖြစ်တာကြောင့် အခုလိုမြန်မာနိုင်ငံမှာ ဖွင့်လှစ်လိုက်ရတာပါ"ဟု ပြောကြားခဲ့သည်။

ကျော်ကျော်

အားလုံးပျော်အောင် ကြိုးစားသွားမှာပါလို့ဆိုတဲ့ အောင်လအန်ဆန်

မြန်မာနိုင်ငံမှ မြန်မာ့စပါးအုံး (ခေါ်) ဝမ်းမစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်သည်ဝမ်းမစ်ဒယ် ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆက်လက်ကာကွယ်ရေးအတွက် ဂျပန်နိုင်ငံမှ KEN HASEGAWA နှင့် ဇွန်လ ၂၉ ရက်တွင် "ONE SPIRIT OF A WARRIOR" ပြိုင်ပွဲကြီးကို သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။ အသက် ၃၃ နှစ်ရှိပြီဖြစ်တဲ့ အောင်လအန်ဆန်က မြန်မာ့သမိုင်းတစ်လျှောက်မှာ အောင်မြင်မှုအရှိဆုံး ကစားသမားတစ်ဦးဖြစ်ပြီးသူ၏ နာမည်ကျော်ချုပ်ကွက်ပညာကျွမ်းကျင်မှုကြောင့် "မြန်မာ့စပါးအုံး" အဖြစ် တင်စားခေါ်ဝေါ်ခြင်းဖြစ်သည်။ တောင်တန်းဒေသရှိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ မွေးဖွားခဲ့တဲ့ ကချင်တိုင်းရင်းသားတစ်ဦးဖြစ်သူ အောင်လအန်ဆန်က ပြီးခဲ့တဲ့၂၀၁၇ ခုနှစ် ဇွန်လက Vitaly Bigdash ကိုအလဲထိုးကာ ဝမ်းမစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆု (ONE Middleweight World Championship) ကို ရယူဆွတ်ခူးခဲ့သူဖြစ်သည်။ ပြီးခဲ့တဲ့ ပြိုင်ပွဲမှာလဲ ဘရာဇီးမှ Alexandre Machado ကို အနိုင်ရယူခဲ့ပြီး ဝမ်းလိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ် (ONE Light Heavy weight World Championship) ကိုရယူခဲ့ကာ အခုအချိန်တွင် အောင်လအန်ဆန်အနေဖြင့် သူ၏မစ်ဒယ် ဝိတ်တန်းခါးပတ်ကို KEN HASEGAWA နဲ့ ယှဉ်ပြိုင်ကာ ကာကွယ်ထိန်းသိမ်းရမည်ဖြစ်သည်။

KENHASEGAWA နှင့်ပတ်သက်၍ အောင်လအန်ဆန်က "သူက ခံနိုင်ရည်အများကြီးရှိတယ်။ သူများထိုးတဲ့ဒဏ်ကို အများကြီးခံနိုင်တယ်။ သူက အထင်သေးလို့မရဘူး။ ဂျပန်က မစ်ဒယ်ဝိတ် ဖိုက်တာအားလုံးမှာ သူက နံပါတ်ဝမ်း။ ကျွန်တော်လည်း ဂျပန်က ဖိုက်တာတွေနဲ့ တစ်ခါမှမထိုးဘူးတော့ ဒီပွဲကရင်ခုန်စရာကောင်းတဲ့ပွဲဖြစ်လာမှာပါ။ ကျွန်တော်အရမ်းကြိုးစားနေပါတယ်။ အားလုံးပျော်ရွှင်နိုင်အောင် ကြိုးစားသွားမှာပါ"ဟု ဆိုသည်။

"၎င်း၏ပြိုင်ဘက်မှာ အသက် ၃၀ နှစ်အရွယ်ရှိ ဂျပန်နိုင်ငံမှ KEN HASEGAWA ဖြစ်ရာ KENသည် သိုင်းပေါင်းစုံ ကိုယ်ခံပညာရှင်တစ်ဦးဖြစ်ပြီး ဝမ်းချန်ပီယံရှစ် ONE ChampionshipTM (ONE) တွင် ပထမဆုံးအကြိမ်ပွဲဦးထွက်အနေဖြင့် ပါဝင်ယှဉ်ပြိုင်လာသူဖြစ်သည်။

KEN သည် ဂျပန်နိုင်ငံသိုင်းပေါင်းစုံ ကိုယ်ခံပညာပွဲများဖြစ်သည့် Deep နှင့် Rizin ပွဲများမှာပြိုင်စံရှားခြေချုပ်စွမ်းပကားနှင့်ကြိုးကဲ့သို့ ပြင်းထန်သည့်ကန်ချက်များနှင့် လူသိများလာသူဖြစ်သည်။ သူသည် ပြိုင်ဘက် ၅ ဦး တွင် ၄ ဦးကို အလဲထိုးအနိုင်ယူနိုင်ခဲ့ပြီး 1NC ရရှိထားသူဖြစ်ကာ ချုပ်ကွက် ၄ ကွက်နှင့် ထူးခြားကျွမ်းကျင်တဲ့ အလဲထိုးကွက် ၆ ကွက် ပါဝင်တဲ့ ပရော်ဖက်ရှင်နယ်မှတ်တမ်း ၁၆ – ၂ ရရှိထားသူတစ်ယောက်ဖြစ်သည်။ ဇွန် ၂၉ ရက်တွင် ကျင်းပမည့်ပွဲသည် KEN HASEGAWA အနေဖြင့် ဝမ်းချန်ပီယံရှစ် (ONE Championship) တွင် ပထမဆုံးအကြိမ်အဖြစ် "ONE SPIRIT OF A WARRIOR" ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်မည့်ပွဲလည်းဖြစ်သည်။

အောင်လအန်ဆန်သည် အဆိုပါပြိုင်ပွဲအတွက် ရန်ကုန်သို့ ဇွန်လ ၂၄ ရက်တွင် ရောက်ရှိလာမည်ဖြစ်ပြီး လက်ရှိတွင် ပြိုင်ပွဲအတွက်ပြင်ဆင်မှုများ ပြုလုပ်လျှက်ရှိရာတွင် ၎င်းအနေဖြင့် တစ်ရက်လျှင်လေ့ကျင့်ခန်း ၂ ကြိမ် ပြုလုပ်ကြောင်းသိရသည်။

အိမ်စည်



Transcom News journal Cartoons



ရွှေမြန်မာနှင့် အဲကမ္ဘောဇလေကြောင်းလိုင်းတို့ပူးပေါင်းပြီး ရန်ကုန်-ညောင်ဦး-ဟဲဟိုး-မန္တလေး ခရီးစဉ်စတင်ပြေးဆွဲ

ရွှေမြန်မာလေကြောင်းလိုင်း နှင့် အဲကမ္ဘောဇလေကြောင်းတို့ အကျိုးတူးပူးပေါင်းပြီး ပြည်တွင်းခရီးများဖြစ်သည့် ရန်ကုန်- ညောင်ဦး-မန္တလေး - ဟဲဟိုး၊ ရန်ကုန်မြို့များသို့ ဖွန်လ (၁)ရက်နံနက်ပိုင်းက စတင်ပျံသန်းပြေးဆွဲခဲ့ကြောင်းသိရသည်။

ခရီးစဉ်

လေကြောင်းလိုင်းနှစ်ခုမှ ခရီးစဉ်အတွက်ခရီးသည် (၇၀) ဦးဆံ့ ART-(72) လေယာဉ်အမျိုးအစားများဖြင့် အလှည့်ကျ ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး၊ လေယာဉ်လက်မှတ်များကိုရန်ကုန်-မန္တလေး အသွား/အပြန်တစ်ကြောင်းလျှင် ပြည်တွင်းခရီးသည် (၄၅၀၀၀) ကျပ်၊ ပြည်ပခရီးသည် ဒေါ်လာ (81) ရန်ကုန်- ညောင်ဦးအသွားပြည်တွင်းခရီးသည် (၄၅၀၀၀)ကျပ်၊ ပြည်ပခရီးသည် ဒေါ်လာ (81) အပြန်ပြည်တွင်းခရီးသည် (၄၃၀၀၀)ကျပ်၊ ပြည်ပခရီးသည် ဒေါ်လာ (79)၊ ရန်ကုန်-ဟဲဟိုး အသွားပြည်တွင်းခရီးသည် (၄၅၀၀၀) ကျပ်၊ ပြည်ပခရီးသည် ဒေါ်လာ (81) အပြန်ပြည်တွင်းခရီးသည် (၄၃-၀၀၀)ကျပ်၊ ပြည်ပခရီးသည် ဒေါ်လာ (79) ဖြင့်ဝယ်ယူနိုင်သည်။

ဖွန်လ (၃)ရက်နေ့တွင်

အလားတူရွှေမြန်မာလေကြောင်းလိုင်းသည် ရန်ကုန်-လားရှိုးခရီးစဉ်အား ဖွန်လ (၃) ရက်နေ့မှစတင်ကာ အပတ်စဉ်အင်္ဂါ၊ ကြာသပတေး၊ တနင်္ဂနွေနေ့များ စတင်ပြေးဆွဲသွားခဲ့ပြီး၊ အသွား/အပြန်တစ်ကြောင်းလျှင်ပြည်တွင်းခရီးသည် (၉၈၀၀၀)ကျပ်၊ ပြည်ပခရီးသည် ဒေါ်လာ (110) ဖြင့်ဝယ်ယူနိုင်ပြီး Hot Line ၀၉-၉၇၇၉၉၃၀၀-၄ နှင့် ၀၁-၈၆၀၄၀၃၆ လိုင်းခွဲ(၁-၃၀-၁၃၅)ကို ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။

လှူဒါန်း

ရွှေမြန်မာ လေကြောင်းလိုင်းနှင့် CB Bank မိသားစုမှ ဧပြီလ (၂၀) ရက်နေ့မှစတင်၍ မီးလောင်ကျွမ်းခဲ့သော ထိန်ပင်သုသာန်အနီးအမှိုက်ပုံမီးလောင်ပြင်သို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး BA လေသန့်အသက်ရှူအထောက်အကူပြုစက် (၁၆)စုံ၊ Wave Plus သောက်ရေသန့်များ၊ Royal D ဓာတ်ဆားရည်များ၊ ရွှေပုဇွန်ပေါင်မုန့်များနှင့် Mask များကို ဧပြီလ (၂၅)ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်းသိရ၍ ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်မှ ကြည်နူးဝမ်းမြောက်သာဓုခေါ်ပါသည်။

ကျော်ကျော်

ပိုမိုတိုးတက်ကောင်းမွန်လာသော နည်းပညာနှင့် အရည်အသွေးမြင့် New Y Series အား Huawei မှမိတ်ဆက်

ယနေ့တွင် Huawei Device Myanmar မှအကောင်းဆုံးစွမ်းဆောင်ရည်နှင့် စွမ်းအားများကိုပေါင်းစပ်ထားပြီး ရင်သပ်ရှုမောဖွယ်မျက်နှာပြင်ပြည့် Fullview Display နှင့် အရှေ့အနောက်ကင်မရာလေးလုံးပါဝင်သော Y9 2018နှင့် Fullview Display နှင့်ကင်မရာနှစ်လုံးပါဝင် Y7 Pro 2018 နှင့်လှပသေသပ်သော ဒီဇိုင်းဖြင့် ပြုလုပ်ထားသည့် Nova 3e တို့အား မေလ ၂၁ရက်က မိတ်ဆက်ခဲ့သည်။

Huawei အနေဖြင့်နောင်တစ်ချိန်လူရွှယ်များဖြစ်လာမည့် လူငယ်များအတွက် ရည်ရွယ်သတ်မှတ်ပြီး Y series အားပုံစံတစ်မျိုးပြောင်းကာ ထုတ်လုပ်ခဲ့ပြီး မနှစ်က hit ဖြစ်ခဲ့သည့် Nova series တို့တွင်ဂိမ်းကစားရာတွင် လိုအပ်သည့်လုပ်ဆောင်ချက်များ၊ ဓာတ်ပုံရိုက်ကူးခြင်းဝါသနာပါသည့် သူများအတွက်အရည်အသွေးမြင့်ကင်မရာ၊ ကြာရှည်ခံသည့်ဘက်ထ္ထရီသက်တမ်း၊ လှပကျစ်လစ်သောဒီဇိုင်းနှင့် အရည်အသွေးမြင့်နည်းပညာတို့ ပေါင်းစပ်ထားသည်ကိုတွေ့ရပြီး အသစ်မိတ်ဆက်လိုက်သော Y9 2018နှင့် Y7 Pro 2018 နှင့် Nova 3e တို့သည်လူငယ်များသဘောတွေ့စေမည့် စမတ်ဖုန်းတစ်လုံး၏လုပ်ဆောင်ချက်နှင့် ဒီဇိုင်းအပြင် ၎င်းတို့တတ်နိုင်မည့်ဈေးနှုန်းနှင့်ပါဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

မိတ်ဆက်ခဲ့သော New Y Series များနှင့်မတူဘဲ ဖုန်း၏လုပ်ဆောင်ချက်များမှာ ပိုမိုကောင်းမွန်လာပြီး Y9 2018 သည်ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက တင်သွင်းခဲ့သည့် Nova 2i ကဲ့သို့ပင် Fullview Display နှင့်အရှေ့အနောက်ကင်မရာလေးလုံးပါဝင်ကာ Y7 pro 2018 သည်Fullview Display နှင့်အရှေ့အနောက်ကင်မရာလေးလုံးပါဝင်ကြောင်းသိရသည်။

"ယနေ့လူငယ်တွေအတွက် ဘာတွေကိုအမှန်တကယ်လိုအပ်နေလဲဆိုတာသိတဲ့အတွက် ကျွန်မတို့အနေနဲ့ပိုမိုစွမ်းဆောင်ပေးနိုင်တဲ့လုပ်ဆောင်ချက်တွေပါဝင်တဲ့ စမတ်ဖုန်း Y စီးရီးအသစ်ကို ဖန်တီးခဲ့တာဖြစ်ပါတယ်။ Nova 3e ကတော့ဓာတ်ပုံရိုက်တာဝါသနာပါတဲ့လူငယ်တွေရယ်၊ နည်းပညာအသစ်အဆန်းတွေကိုမှ စတင်အသုံးပြုချင်တဲ့ လူငယ်တွေအတွက်ဒီဇိုင်းလှလှနဲ့ အသုံးပြုနိုင်မယ့်ဖုန်းတစ်လုံးဖြစ်ပါတယ်"ဟု Huawei Device Myanmar မှ Marketing Director ဖြစ်သူမခင်ရတနာဝင်းကပြောကြားခဲ့သည်။ Huawei New Y Series ကိုဖန်တီးရာမှာအဆင့်အတန်းတစ်ခုကို သတ်မှတ်ထားပြီးမယုံကြည်နိုင်လောက်အောင်ကောင်းတဲ့လုပ်ဆောင်ချက်၊ စတိုင်လ်ကျလှတဲ့ ဒီဇိုင်းနဲ့အဆင့်မြင့်ကင်မရာလုပ်ဆောင်ချက်တို့နဲ့ ဖန်တီးထားတဲ့အတွက် ကမ္ဘာ့အနှံ့မှာရှိတဲ့ လူတိုင်းနဲ့ထိတွေ့ဆက်ဆံရာမှာ အဆင်ပြေလွယ်ကူအောင် ကူညီပေးနိုင်ဖို့ပုံဖော်ထားပါတယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။

ကျော်ကျော်

Top Thai Brand 2018 တတိယအကြိမ် ကျင်းပမည်

နိုင်ငံတကာကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေးဌာန (DIPP-ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) ဦးဆောင်ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်း (SME) လုပ်ငန်းများ အရေးပါမှုကို စီးပွားရေးလုပ်ငန်းရှင်များအကြား သိမြင်လာစေရန်နှင့် ထိုင်းထုတ်ကုန်များအရည်အသွေးမြင့်မားရေးအတွက် အသိအမှတ်ပြုမှုနှင့် ယုံကြည်မှုကို ဦးတည်သွားစေရေးရည်ရွယ်၍ "Top Thai Brands 2018" တတိယအကြိမ်ကို ဖွန်လ၇ရက်မှ ၁၀ရက်နေ့အထိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတွင် ရန်ကုန်မြို့၊ ထိုင်းစီးပွားရေးသံရုံး၊ ထိုင်းကုန်သည်ကြီးများအသင်း၊ ထိုင်းစက်မှုလုပ်ငန်းများအဖွဲ့ချုပ် (FTI)၊ ထိုင်းကုန်စည်ပို့ဆောင်ရေးကောင်စီ (TNSC)၊ ထိုင်းနိုင်ငံတကာလေကြောင်းလိုင်း (Thai Airways International)၊ ဘန်ကောက်လေကြောင်းလိုင်း (Bangkok Air)၊ Nok Air လေကြောင်းလိုင်း၊ မြန်မာနိုင်ငံရှိ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း (TBAM) နှင့် မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MTAN-TRADE) တို့ပါဝင်ပြသမည်ဖြစ်သည်။

ထို့အတူ ထိုင်းနိုင်ငံ၏ အရည်အသွေးမြင့်ထုတ်ကုန်များပြသရောင်းချပြီး၊ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများနှင့် အစားအစာနှင့်အဖျော်ယမကာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှအပထုတ်ကုန်၊ အမြင့်ဆုံးအရည်အသွေးမြင့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၊ ဆေးဘက်ပစ္စည်းများနှင့် ကိရိယာများ၊ ထုပ်ပိုးစက်ယန္တရားနှင့်ပစ္စည်းကိရိယာများ၊ အိမ်အလှဆင်ပစ္စည်းများ၊ ဖက်ရှင်နှင့် လူသုံးကုန်ဂီတတူရိယာများနှင့် ဆေးရုံနှင့်ကျောင်းဝန်ဆောင်မှုများအပါအဝင် ၉၈မျိုးကျော်ကုန်ပစ္စည်းများကို ဆိုင်ခန်းပေါင်း (၁၁၇)ခန်းပြသသွားမည်ဖြစ်ကြောင်း နှစ်ပေါင်း ၇၀ကြာခိုင်မြဲနေသည့် မြန်မာနှင့်ထိုင်းသံတမန်ရေးကိုမြှင့်တင်သွားမှာဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် သိကောင်းစရာနှီးနှောဖလှယ်ပွဲများ၊ ထိုင်းချက်ပြုတ်ပြပွဲများ၊ သစ်သီးအလှပုံဖော်ခြင်း၊ မိတ်ကပ်လိမ်းခြယ်ပြသခြင်းသင်တန်း၊ ထိုင်းရိုးရာအနှိပ်၊ ဘန်ကောက်မှ မန္တလေး (From Bangkok to Mandalay) သို့ မြန်မာနှင့်ဆက်စပ်သောထိုင်းရုပ်ရှင်များကို ပြသသွားမည့်အပြင် ပျော်ပွဲရွှင်ပွဲများ၊ မြန်မာနိုင်ငံမှအနုပညာရှင်ပေါင်းများစွာပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

နျူကလီးယား ထိပ်ဖူးတပ်ဆင်နိုင်သည့် ဒုံးကျည်လေးစင်း ရုရှားရေငုပ်သင်္ဘော စမ်းသပ်ပစ်လွှတ်

ရုရှားရေငုပ်သင်္ဘောတစ်စီးသည် နျူကလီးယားထိပ်ဖူး တပ်ဆင်နိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်လေးစင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ပြခဲ့သည်။ နျူကလီးယားစွမ်းအင်သုံး Yuri Dolgoruky ရေငုပ်သင်္ဘောသည် ပင်လယ်ဖြူရှိ လက်နက်စမ်းသပ်ရာ ရေပြင်ဧရိယာတွင် Bulava တိုက်ချင်းပစ်ဒုံးကျည် လေးစင်းကို ရာနူန်းပြည့်အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ရုရှားရေတပ်က မေ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဒုံးကျည်လေးစင်းတွင် နျူကလီးယားထိပ်ဖူး အပြည့်အစုံတပ်ဆင်ထားပါက စုစုပေါင်းပေါက်ကွဲအားသည် ကမ္ဘာကျော်ဟီရိုရှီးမားမုံးထက် အဆပေါင်း ၁၆၀ ပြင်းထန်မည်ဟု ပညာရှင်များက ဆိုသည်။ Yuri Dolgoruky ရေငုပ်သင်္ဘောသည် Bulava ဒုံးကျည် ၁၆ စင်းထိ သယ်ဆောင်ပြီး တော်ပီဒိုများပါတပ်ဆင်၍ ခုတ်မောင်းနိုင်သည်။

ယင်းဒုံးကျည်တစ်စင်းသည် နျူကလီးယားထိပ်ဖူးအချို့ကို သယ်ဆောင်ကာ ခရီးတာ ၉၃၀၀ ထိ ရောက်ရှိအောင် ပျံသန်းနိုင်ကြောင်း သိရသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုင်ငံ၏လက်နက်နည်းပညာကဏ္ဍကို အလေးအနက် မြှင့်တင်သွားမည်ဟု ကြွေးကြော်ထားပြီး ယခုဒုံးကျည်စမ်းသပ်မှုသည် ယင်းရည်မှန်းချက်၏ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်ဖွယ် ရှိနေသည်။

Yuri Dolgoruky သည် ရုရှားက အသစ်တည်ဆောက်ထားသည့် Borei အဆင့်တိုက်ခိုက်ရေးရေငုပ်သင်္ဘောအမျိုးအစား ဖြစ်သည်။ ယခုစမ်းသပ်မှုတွင်ဒုံးကျည်များကို ရေပြင်အထက်မှပစ်လွှတ်ခဲ့သော်လည်း ရေအောက်ငုပ်လျှိုးနေသည့်အချိန်တွင်ပါ အလားတူစွမ်းဆောင်ရည်အတိုင်းပစ်ခတ်နိုင်စွမ်းရှိကြောင်း ရုရှားရေတပ်က ကြေညာထားသည်။

လရောင်– Ref: Fox News

အမေရိကန်အကျဉ်းသားကို လွှတ်ပေးသော်လည်း ဗင်နီဇွဲလားနိုင်ငံအပေါ် အမေရိကန် ဆက်လက်အရေးယူပိတ်ဆို့

ဗင်နီဇွဲလားနိုင်ငံ၌ ၂ နှစ်ကြာ အကျဉ်းကျနေသော အမေရိကန်အမျိုးသားတစ်ဦးနှင့် ၎င်း၏ဇနီးတို့ကို စနေနေ့တွင် ပြန်လွှတ်ပေးခဲ့သော်လည်း ဝါရှင်တန်အစိုးရအနေဖြင့် ဗင်နီဇွဲလားအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ကန်ဒုသမ္မတမိုက်ပင့်စ်ကပြောသည်။ ဂျိုရှာဟိုလ်နှင့် ဗင်နီဇွဲလားနိုင်ငံသူ ဇနီးသာမီတို့သည် ၎င်းတို့ကို ပြန်လွှတ်ပေးရေး ဗင်နီဇွဲလားအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သော ကန်အထက်လွှတ်တော်အမတ် ဘော့ဘ်ကိုကာနှင့်အတူ အမေရိကန်သို့ ပြန်လည်ရောက်ရှိလာသည်။

ဂျိုရှာဟိုလ်သည် ဇာတိမြေသို့ ပြန်လည်ရောက်လာပြီးနောက် အိမ်ဖြူတော်၌ သမ္မတ ဒေါ်နယ်ထရမ့်နှင့်လည်း တွေ့ဆုံခဲ့သည်။ ဂျိုရှာဟိုလ်နှင့် ဇနီးသည်တို့သည်လက်နက်များ သိုဝှက်ထားသည်ဟူသော စွပ်စွဲချက်ဖြင့် ဗင်နီဇွဲလားတွင် ၂ နှစ်ကြာ အကျဉ်းကျခဲ့သည်။

ဗင်နီဇွဲလားသမ္မတမာဒူရို၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အဆိုပါဇနီးမောင်နှံနှစ်ဦးကို လွှတ်ပေးခြင်းသည် ဗင်နီဇွဲလားနှင့် အမေရိကန်အကြားဆွေးနွေးမှုများ တိုးတက်လာရေးရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

မာဒူရိုသည် ပြီးခဲ့သည့် သီတင်းပတ်တွင် နိုင်ငံကိုခြောက်နှစ်ကြာ အုပ်ချုပ်ရန် ပြန်လည်ရွေးကောက်ခံရသော်လည်း ထိုရွေးကောက်ပွဲရလဒ်ကို အမေရိကန်က အသိအမှတ်မပြုခဲ့ပေ။

ထိုရွေးကောက်ပွဲရလဒ်ကို အတိုက်အခံက သပိတ်မှောက်ခဲ့ကာ မဲမသမာမှုများရှိခဲ့သည်ဟု အမေရိကန်အစိုးရက အခိုင်အမာပြောကြားခဲ့သည်။ ဗင်နီဇွဲလားသည် ဝါရှင်တန်အစိုးရ၏ အရေးယူပိတ်ဆို့မှုမူဝါဒများကို ပြောင်းလဲရေးဆွေးနွေးရန် ဂျိုရှာဟိုလ်ကို အသုံးချနေကြောင်း အမေရိကန်က ယခင်စွပ်စွဲခဲ့သည်။

ဂျိုရှာဟိုလ်သည် အုတ်တရာပြည်နယ်မှ သာသနာပြုဝန်ထမ်းဟောင်းတစ်ဦးဖြစ်ပြီး ၂၀၁၆ ဇွန်လတွင် ဗင်နီဇွဲလားနိုင်ငံသို့သွားရောက်ကာ ဗင်နီဇွဲလားနိုင်ငံသူ သာမီကန်ဒီလိုနှင့် လက်ထပ်ခဲ့သည်။

လရောင်
Ref: BBC

ဒုံးကျည်တိုက်ခိုက်မှုအတွင်း အာဖဂန် တာလီဘန်ခေါင်းဆောင် ၅၀ ဦး သေဆုံးဟု အမေရိကန်ပြော

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်ပြည်နယ်တွင် တွေ့ဆုံမှုတစ်ခုကို လက်နက်ကြီးဖြင့် တိုက်ခိုက်မှုတစ်ခုအတွင်း တာလီဘန်အကြီးတန်းတပ်မှူး၅၀ ကျော်သေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေလ ၃၀ ရက်၌ ပြောကြားသည်။ ဟဲလ်မန်ပြည်နယ် မူဆာကာလာဒေသတွင် ပြုလုပ်သော တာလီဘန်တပ်မှူးများ အစည်းအဝေးကို တိုက်ခိုက်မှုသည် ယင်းသောင်းကျန်းသူများအတွက် သိသာသောထိုးနက်ချက်ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များအတွက် ပြောရေးဆိုခွင့်ရှိသူ ဒုဗိုလ်မှူးကြီး မာတင်အိုဒွန်နယ်က ပြောကြားသည်။

ယခုလ ၁၀ ရက်ကြာ စစ်ဆင်ရေးများအတွင်း တာလီဘန်အဖွဲ့၏ အဆင့်နိမ့်တပ်မှူးအများအပြားကို သတ်ဖြတ်နိုင်ခဲ့ကြောင်း ၎င်းကပြောသည်။ တာလီဘန်အဖွဲ့က ယင်းသတင်းကို ဝါဒဖြန့်မှုအဖြစ်ပယ်ချပြီး ယင်းတိုက်ခိုက်မှုကြောင့်လူနေအိမ်နှစ်လုံးထိမှန်ကာ အရပ်သားငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရသည်ဟုပြောသည်။

တိုက်ခိုက်မှုဖြစ်ပွားရာဒေသသည် မူဆာကာလာဒေသရှိ အရပ်သားများနေထိုင်ရာဒေသဖြစ်ပြီး တာလီဘန်အဖွဲ့နှင့် ဆက်နွှယ်မှုမရှိဟု တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ကာရီယူဆွဖ်အမာဒီက ပြောသည်။

အမေရိကန်စစ်ဘက်က မေလ ၂၄ ရက် တွေ့ဆုံမှုတွင် အာဖဂန်နစ္စတန်နိုင်ငံ၏ မတူညီသော ပြည်နယ်များမှ တပ်မှူးများပါဝင်ကြောင်း ပြောကြားသည်။ တာလီဘန်များက ၎င်းတို့၏ သဘောထားပြင်းထန်သော အစ္စလာမ်မစ်ဥပဒေများပြဋ္ဌာန်းနိုင်ရေး ရည်ရွယ်ချက်ဖြင့် အာဖဂန်နိုင်ငံ၏ အခြားသောဒေသများတွင်နှစ်စဉ်နွေဦးရာသီထိုးစစ်ဆင်မှုကို ပြီးခဲ့သည့်လကစတင်ပြီး ဆက်လက်တိုက်ခိုက်နေစဉ် ယခုပြီးခဲ့သည့်လစစ်ဆင်ရေး၏ အသေးစိတ်အချက်အလက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ မြို့တော်ကဘူးလ် အရှေ့ဘက်လိုဂ်ဟာပြည်နယ်တွင် တာလီဘန်များက ၎င်းတို့လက်ချက်ဟုပြောသော ရဲစခန်းကို တိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

လရောင်—Ref: Reuters

ဆီးရီးယားလေတပ်စခန်းကို အစ္စရေးဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ဟု သတင်းများ ထွက်ပေါ်

၎င်းတို့၏ လေတပ်စခန်းတစ်ခုကို ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြုံတွေ့ခဲ့ကြောင်း ဆီးရီးယားအစိုးရက ကြေညာခဲ့သည်။ ဟွမ်းစ်မြို့အနီးရှိ လေတပ်စခန်းကိုဒုံးကျည်ဖြင့် တိုက်ခိုက်လာခြင်းဖြစ်သော်လည်း လေကြောင်းကာကွယ်ရေးစနစ်များကကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ဆီးရီးယားအစိုးရမီဒီယာက မေ ၂၄ ရက်တွင်ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာချက်တွင် မည်သူကဒုံးကျည်ပစ်လွှတ်သည်ဟု ဖော်ပြမထားသော်လည်းဒေသတွင်း မီဒီယာများကမူအစ္စရေး၏ လက်ချက်ဟု စွပ်စွဲဖော်ပြနေကြသည်။ အစ္စရေးသည် ၎င်းတို့၏ ရန်သူတော်ပြောက်ကျားအုပ်စုများနှင့် ဆက်စပ်နေသည့် ဆီးရီးယားစစ်စခန်းများကို ယခင်ကလည်း တိုက်ခိုက်မှုများပြုလုပ်ခဲ့ဖူးသည်။

"ဟွမ်းစ်မြို့က လေတပ်စခန်းတစ်ခုကို ရန်သူ့ဒုံးကျည်တွေ ဦးတည်ချဉ်းကပ်လာမှုကြုံခဲ့ရပါတယ်။ ဒါပေမဲ့ ဒီတိုက်ခိုက်မှုကို ဆီးရီးယားရဲ့ လေကြောင်းကာကွယ်ရေးစနစ်တွေက တုံ့ပြန်ခဲ့ပြီး ထိထိရောက်ရောက် ဟန့်တားနိုင်ခဲ့ပါတယ်"ဟုဆီးရီးယားအစိုးရပိုင် ဆာနားသတင်းဌာနက ကြေညာခဲ့သည်။

သို့သော် အယ်လ်ဒါဘာလေတပ်စခန်းကို အစ္စရေးက ဒုံးကျည်ဖြင့် ပစ်ခတ်သည်ဆိုသောသဘောမျိုးမူ ဆီးရီးယားအစိုးရက တိုက်ရိုက်မစွပ်စွဲခဲ့သလိုအစ္စရေးကလည်း မည်သည့်မှတ်ချက်မျှ မပေးခဲ့ချေ။

အဆိုပါ လေတပ်စခန်းအနီးတွင် အစ္စရေး၏ရန်သူတော်အီရန်နိုင်ငံ၏ တော်လှန်ရေးအစောင့်တပ်ဖွဲ့များနှင့် ဟစ်ဇ်ဘိုလာပြောက်ကျားအုပ်စုများ တပ်ဖြန့်နေရာယူပြီး ဆီးရီးယားပြည်တွင်းစစ်တွင် သမ္မတ ဘာရှာအယ်လ်အာဆတ် အစိုးရတပ်ဖွဲ့များဖက်မှ ကူညီတိုက်ခိုက်ပေးနေကြောင်း သိရသည်။

လရောင်
Ref: Business Insider

တိုင်ပေသို့ ရောက်ရှိလာသော ဟေတီသမ္မတအား ဆိုင်အင်းဝမ်က စစ်ရေးပြအခမ်းအနားဖြင့် ကြိုဆို

ပထမဆုံးတရားဝင်ပြည်ပခရီးစဉ်အဖြစ် မေလ ၂၉ ရက်တွင် တိုင်ပေသို့ ရောက်ရှိလာသည့် ဟေတီသမ္မတ ဂျိုဗီနယ်လ်မိုစီအား သမ္မတ ဆိုင်အင်းဝမ်ကစစ်ရေးပြအခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။ တိုင်ပေနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ရန် တိုင်ပေ၏ မဟာမိတ်နိုင်ငံများကို တရုတ်အစိုးရက ဖိအားပေးနေစဉ် ဟေတီသမ္မတ၏ အဆိုပါခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

တရုတ်တစ်ပြည်ထောင်တည်း မူဝါဒအရ ဘေဂျင်းအစိုးရသည် တိုင်ပေကို၎င်းတို့၏ သင်းကွဲပြည်နယ်အဖြစ်သာ သတ်မှတ်ထားသဖြင့် အခြားနိုင်ငံများနှင့်တရားဝင်သံတမန်ဆက်ဆံရေး ပြုလုပ်ခွင့်တားမြစ်ထားသည်။

ပြီးခဲ့သည့်လအတွင်း ဘာကီနာဖာဆိုနှင့် ဒိုမီနီကန်နိုင်ငံတို့သည် တိုင်ပေနှင့် ဆက်ဆံရေးဖြတ်တောက်ကာ ဘေဂျင်းအစိုးရနှင့် သံတမန်ဆက်ဆံရေးတည်ထောင်ခဲ့သဖြင့် တိုင်ပေသည် မဟာမိတ်နှစ်နိုင်ငံကို လက်လွှတ်ဆုံးရှုံးခဲ့သည်။

တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး တည်ထောင်ရန် အလားအလာရှိသော နိုင်ငံများအနက် ဟေတီနိုင်ငံသည် ပါဝင်နိုင်ခြေရှိစဉ် သမ္မတမိုစီသည် ကိုယ်စားလှယ်အဖွဲ့ဝင် ၃၀ နှင့်အတူ တိုင်ပေသို့ ရောက်ရှိလာသည်။

တိုင်ပေသမ္မတရုံးအပြင်ဘက်၌ ပြုလုပ်သောကြိုဆိုရေး အခမ်းအနားတွင် သမ္မတ ဆိုင်အင်းဝမ်က "တိုင်ပေအတွက် နှစ်ပေါင်းများစွာ ရပ်တည်ထောက်ခံပေးခဲ့တဲ့ ဟေတီနိုင်ငံရဲ့ သံတမန်ဆက်ဆံရေးကို ကျွန်မတို့ တန်ဖိုးထားပါတယ်။ဟေတီနဲ့ တိုင်ပေက ပထဝီရနယ်မြေကွာဝေးနေပေမယ့် ပြည်တွင်းရေးရာကိစ္စတွေနဲ့လွတ်လပ်မှုတန်ဖိုးဆိုင်ရာကဏ္ဍတွေမှာ အတူမျှဝေပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟုပြောသည်။

တိုင်ပေနှင့် ဟေတီသည် ၁၉၅၆ ကတည်းက သံတမန်ဆက်ဆံရေး တည်ထောင်ခဲ့သည်။ လွန်ခဲ့သော ၂ နှစ်အတွင်း ဘေဂျင်းအစိုးရသည် တိုင်ပေဒေသ၏ ကျန်ရှိနေသော မဟာမိတ်နိုင်ငံများအား တိုင်ပေနှင့် ဆက်ဆံရေးပြတ်တောက်စေရေး လှုပ်ရှားခဲ့သည်။

လက်ရှိတွင် တိုင်ပေသည် ၁၈ နိုင်ငံနှင့်သာ တရားဝင်ဆက်ဆံရေးရှိပြီးထိုနိုင်ငံအများစုသည် ဗဟိုအမေရိကနှင့် ပစိဖိတ်ဒေသရှိ ဆင်းရဲနွမ်းပါးသောနိုင်ငံများ ဖြစ်သည်။

လရောင်– Ref: Reuters

ခြိုးခြံ့ချွေတာရေးအစီအစဉ်များကို ဂရိအလုပ်သမားများ သပိတ်မှောက်

နှစ်ပေါင်းများစွာ အစိုးရအသုံးစရိတ်များ လျှော့ချခြင်းနှင့် ယခုနွေရာသီတွင် တတိယ အကြိမ် နိုင်ငံတကာကယ်ဆယ်မှုအဆုံးသတ် ချိန်၌ ဝင်ရောက်လာမည့် ခြိုးခြံချွေတာရေး အစီအစဉ်များကို ဆန့်ကျင်၍ ဂရိအလုပ် သမားများက သပိတ်မှောက်ပွဲများလုပ် ဆောင်ခဲ့သည်။ ဂရိနိုင်ငံ၏ အကြီးမားဆုံး အလုပ်သမားသမဂ္ဂမှ ဖြစ်သောပုဂ္ဂလိကကဏ္ဍ မှ GSEE အဖွဲ့နှင့် အစိုးရကဏ္ဍမှ ADEDY သမဂ္ဂတို့ စည်းရုံးလုပ်ဆောင်သော တစ်ရက် တာသပိတ်ကြောင့် လေယာဉ်အချို့ရပ်နားခဲ့ ရကာ သင်္ဘောများလည်း မထွက်နိုင်ဘဲအ များပြည်သူ သယ်ယူပို့ဆောင် ရေးလုပ်ငန်း များ ပြတ်တောက်ခဲ့ သည်။

၂၀၀၉ က ကြွေးမြီအကျပ်အတည်း စတင်ခဲ့ချိန်ကစ၍ နိုင်ငံတကာကယ်ဆယ် ရေးချေးငွေ ယူရို ၂၆၀ ဘီလီယံရရှိခဲ့ပြီးယင်း အတွက် အစိုးရအလုပ်သမား လျှော့ချခြင်း၊ ပင်စင်ဖြတ်တောက် ခြင်းနှင့်အခွန်တိုးမြှင့်ခြင်း စသော ခြိုးခြံချွေတာရေးအစီအစဉ်များကို ဂရိအစိုးရက အကောင်အ ထည်ဖော်ခဲ့ရ သည်။

သပိတ်မှောက် အလုပ်သမားများ၊ ပင်စင်စား များနှင့် ကျောင်းသားများသည် အေသင်မြို့ လယ်သို့ ချီတက်ခဲ့ပြီး ဂျာနယ်လစ်များလည်း အလုပ်ရပ်နား ထားသည်။

ပြည်သူနှင့် စီးပွားရေးကို ဖျက်ဆီးပစ်ခဲ့ သော မူဝါဒများကို အကောင်အထည်ဖော် နေသောအစိုးရသည် ထပ်မံ၍လက်ခံနိုင် ဖွယ်ရာမရှိသော အစီအစဉ်သစ်များဖြင့် အလုပ်သမားနှင့် ပင်စင်စားများကို ဝန်ထုပ် ဝန်ပိုးဖြစ်အောင်လုပ်နေသည်ဟု GSEEသမဂ္ဂ အဖွဲ့က ထုတ်ပြန်ပြော ကြားသည်။

ပြည်သူလူထု၏ ဆန့်ကျင်မှုများရှိသော် လည်း ဝန်ကြီးချုပ် အလက်ဆစ်တီစီပရက်စ် သည် ဂရိနိုင်ငံ၏ လက်ရှိကယ်ဆယ်ရေးအစီ အစဉ်ကို လက်ခံခဲ့သည်။

ယင်းအစီအစဉ် လာမည့်ဩဂုတ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ၂၀၁၉ နှင့် ၂၀၂၀ ပြည့်နှစ်တွင် ပင်စင်များလျှော့ချရေး နှင့် အခွန်တိုးကောက်ရေး မြီရှင်များ၏ တောင်းဆိုချက်များကို လိုက်လျောခဲ့သည်။

နောက်ပိုင်းတွင် အလုပ်သမားလစာများ တိုးမြှင့်လာမည်ဟု ဝန်ကြီးချုပ်ကပြောကြား သော်လည်း ကန့်ကွက်ဆန္ဒပြမှုများ ထပ်မံ ဆောင်ရွက်မည်ဟု အလုပ်သမားများက သတိပေးထားသည်။

လရောင်– Ref: Reuters

အယ်လ်ဘေးနီးယားပြည်ထဲရေးဝန်ကြီး နုတ်ထွက်ပေးရန်ထောင်နှင့်ချီသော အတိုက်အခံများ တောင်းဆို

မေလ ၂၆ ရက်က အတိုက်အခံဒီမိုက ရက်တစ်ပါတီကို ထောက်ခံသူထောင်ပေါင်း များစွာသည် မြို့တော်တီရာနာတွင် စုဝေးပြီး ပြည်ထဲရေးဝန်ကြီး ဖာတီမာဇာဖာ့ဂျ်ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုခဲ့သည်။

ဖာတီမာသည်မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားမှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရသော ၎င်း၏အစ်ကို အဂ်ရွန်ဇာဖာ့ဂျ်ကို အကာ အကွယ်ပေးနေကြောင်း ဗဟိုလက်ယာ အတိုက်အခံပါတီက စွပ်စွဲခဲ့သည်။

ဆန္ဒထုတ်ဖော်မှုအတွင်း ကျောက်ခဲများ ဖြင့် ပစ်ပေါက်ခံရမှုကြောင့် ရဲအရာရှိ ၁၁ဦး ဒဏ်ရာရရှိကြောင်း အယ်လ်ဘေးနီးယား ရဲတပ်ဖွဲ့ အကြီးအကဲအာဒီဗီလီယူကသတင်း ထောက်များအား ပြောသည်။

အစိုးရရုံးများရှေ့တွင် စုဝေတန်းစီပြီး နောက်ဆန္ဒပြသူများသည် ပြည်ထဲရေးဝန် ကြီးဌာနသို့ ချီတက်ခဲ့သည်။

ဆန္ဒပြသူများသည် အစိုးရရုံးများရှေ့ တွင် ဝန်ကြီးချုပ်နုတ်ထွက်ရန် တောင်းဆို သည်။ ပြည်ထဲရေးဝန်ကြီးဌာန၌ ဆန္ဒပြသူ များက မီးခိုးဗုံး၊ ကြက်ဥ၊ ကျောက်တုံး၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့သည်။

၂၀၁၂ က အီတလီနိုင်ငံ၌ မျက်ကွယ်ပြစ် ဒဏ်အဖြစ် ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ခံရ သူ အဂ်ရွန်သည် မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ် ဖောက်ကားမှုတွင်ဆက်လက် ပါဝင်နေကြောင်း အတိုက်အခံက စွပ်စွဲခဲ့ သည်။

သိပ္ပံနည်းကျခွဲခြမ်းစိတ်ဖြာမှုက ဒီမိုက ရက်တစ်ပါတီ၏ စွပ်စွဲချက်များ ခိုင်လုံမှန်ကန် ကြောင်း သက်သေပြနိုင်ပါက မိမိအနေဖြင့် ကျိန်းသေပေါက်နုတ်ထွက်စာ တင်မည်ဖြစ် ကြောင်း ဖာတီမာကတွစ်တာ၌ ရေးသားခဲ့ သည်။

ဝန်ကြီးချုပ်သည် အုပ်စုဖွဲ့ရာဇဝတ်မှုများ တွင် ပူးပေါင်းနေကြောင်းနှင့် တိုင်းပြည်ကို ဒုက္ခတွင်းထဲ တွန်းပို့နေကြောင်း အတိုက်အခံ ခေါင်းဆောင်ဘာရှာက ပြောကြားသည်။

လရောင်– Ref: AFP

ကလေးငယ်တစ်ဦးကို သက်စွန့်ဆံဖျား ကယ်တင်ခဲ့သော မာလီလူငယ် ပြင်သစ်သမ္မတနှင့် တွေ့ခွင့်ရ

လေးထပ်လသာဆောင်တွင် တွဲလွဲကျနေ သော အသက် (၄)နှစ်အရွယ် ကလေးငယ် တစ်ဦးကို သက်စွန့်ဆံဖျားသွားရောက်ကယ် တင်နိုင်ပြီးနောက် ပြင်သစ်နိုင်ငံ၌ မာလီလူမျိုး လူငယ်တစ်ဦးသည် သူရဲကောင်းအဖြစ် ကြိုဆို ဂုဏ်ပြုခံရသည်။ ဂက်စ်ဆာမာအမည်ရှိ ယင်း မာလီလူငယ်သည် မိမိအသက် အန္တရာယ် ထည့်တွက်ခြင်းမရှိဘဲ လသာဆောင်များကို လက်ဖြင့် ဆွဲတက်ကာတွဲလွဲကျနေသောက လေးထံ စက္ကန့်ပိုင်းအတွင်း ရောက်ရှိကယ်တင် နိုင်ပုံကို ရပ်ကြည့်နေသူတစ်ဦးက ဗီဒီယိုရိုက် ကူးခဲ့သည်။

လူမှုကွန်ရက်တွင် ပို့စ်တင်ခဲ့သည့် ယင်းဗီ ဒီယိုဖိုင်ကို ကြည့်ရှုသူသန်းကျော်ရှိသည်။ မီး သတ်သမားများသည် ကလေးငယ်ကို ဂက်စ် ဆာမာက ကယ်တင်ပြီးမှသာ အခင်းဖြစ်နေရာ သို့ ရောက်ရှိခဲ့သည်။

ကနဦးစုံစမ်းမှုများအရ အခင်းဖြစ်ပွားချိန် တွင် ကလေးငယ်၏ မိဘများ အိမ်တွင်ရှိမနေ ဟု ဆိုသည်။

“တော်သေးတယ်။ ကိုယ်ကာယကြံ့ခိုင်ပြီး သွားကယ်ဝံ့တဲ့ သတ္တိရှိတဲ့သူ တစ်ယောက်ရှိခဲ့ လို့ပေါ့”ဟု မီးသတ်ဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောသည်။

ပါရီမြို့တော်ဝန် အန်နီဟီဒယ်လ်ဂိုက သတ္တိရှိသောလုပ်ရပ်အတွက် ဂက်စ်ဆာမာကို တွစ်တာ၌ ချီးကျူးခဲ့သလို ကျေးဇူးတင်စကား ပြောရန် ဖုန်းခေါ်ဆိုခဲ့သည်။

“ဘဝတည်ဆောက်မယ်ဆိုတဲ့ အိပ်မက်နဲ့ ပါရီကိုလွန်ခဲ့တဲ့ လအနည်းငယ်က ရောက်လာ တာလို့ သူကကျွန်မကို ရှင်းပြပါတယ်။ ဒီသူရဲ ကောင်းဆန်တဲ့လုပ်ရပ်ဟာ နိုင်ငံသားလုံးအ တွက် စံနမူနာဖြစ်ပါတယ်။ ပါရီမြို့အနေနဲ့ ပြင်သစ်မှာ အခြေချနေထိုင်ရေးသူ့ရဲ့ ကြိုးပမ်း အားထုတ်မှုတွေကို အကူအညီပေးဖို့ စိတ်အား ထက်သန်မယ်လို့ ကျွန်မကသူ့ကိုပြောပြခဲ့ပါ တယ်”ဟု ဟီဒယ်လ်ဂိုက ပြောသည်။

ထို့အပြင် ပြင်သစ်သမ္မတမက်ကရွန်က ဂက်စ်ဆာမာအား အီလိုင်ဆီနန်းတော်သို့ဖိတ် ခေါ်တွေ့ဆုံခဲ့သည်။

လရောင်
Ref: AFP

အိန္ဒိယသမုဒ္ဒရာတွင် အင်ဒိုနီးရှားနှင့် အိန္ဒိယတို့က မဟာဗျူဟာမြောက် ဆိပ်ကမ်း တည်ဆောက်မည်

ဂျကာတာမြို့တွင် အိန္ဒိယနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံပြီးနောက် အိန္ဒိယသမုဒ္ဒရာ၌ မဟာဗျူဟာမြောက် အင်ဒို နီးရှားဆိပ်ကမ်း တည်ဆောက်မည့်အစီအစဉ် နှင့်အတူ ယင်းနှစ်နိုင်ငံက ကာကွယ်ရေးနှင့်ရေ ပြင်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကတိပြုခဲ့ သည်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် တွေ့ဆုံပြီး ဆူမတြားကျွန်းအစွန်ရှိ ဆာဘန်းဒေသတွင်အ ခြေခံအဆောက်အအုံနှင့် စီးပွားရေးဇုန်တည် ဆောက်ရေးအပြင် အခြားသောကိစ္စရပ်များ နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အိန္ဒိယသည် မဟာဗျူဟာမြောက်ကာ ကွယ်ရေးဆိုင်ရာလက်တွဲဖော်ဖြစ်ပြီး မိမိတို့ အနေဖြင့် အခြေခံအဆောက်အအုံများတည် ဆောက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် မည်ဟု ဝီဒိုဒိုက သတင်းစာရှင်းလင်းပွဲတစ်ရပ် ၌ ပြောကြားသည်။

ယင်းဒေသတွင်း၌ တရုတ်၏ ပင်လယ်ပြင် ဩဇာလွှမ်းမိုးမှု ပိုများလာခြင်းနှင့်ပတ်သက် သော စိုးရိမ်မှုများရှိနေစဉ် ယင်းလုပ်ရပ်ထွက် ပေါ်လာခြင်းဖြစ်သည်ဟု လေ့လာသူများက ပြောပြီး မိုဒီ၏အရှေ့မျှော်မူဝါဒအရ အာဆီယံ နှင့် ပိုအားကောင်းသော ဆက်ဆံရေးထူထောင် နေမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ပြော သည်။

မိုဒီသည် ယခုနှစ်အတွင်း နယူးဒေလီ၏ နိုင်ငံတော်နေ့ အခမ်းအနားသို့ အာဆီယံ ၁၀ နိုင်ငံစလုံးကို ဖိတ်ကြားခဲ့သည်။

တောင်တရုတ်ပင်လယ်၏ ဒေသအများစု ကို တရုတ်က ပိုင်ဆိုင်သည်ဟု ပြောကြားထား ရာ ယင်းအငြင်းပွားနေသော ဒေသနှင့်ပတ် သက်၍ အရှေ့တောင်အာရှတွင် တင်းမာမှုမြင့် တက်နေသည်။

ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ တိုင်ပေနှင့် ဗီယက်နမ်တို့ကလည်း ယင်းဒေသကို ၎င်းတို့ အသီးသီး ပိုင်ဆိုင်သည်ဟု ပြောကြားထား သည်။

ယင်းရေလမ်းကြောင်းသည် နှစ်စဉ်ကုန် သွယ်ရေးဖြတ်သန်းမှု တန်ဖိုးကန်ဒေါ်လာ သုံး ထရီလီယံ ရှိသည်။

အင်ဒိုနီးရှားသို့ ပထမဆုံး သွားရောက်သည့် မိုဒီသည် မလေးရှားသို့သွားကာ ဝန်ကြီးချုပ်သစ် မဟာသီယာမိုဟာမက်နှင့် တွေ့ဆုံပြီး စင်ကာပူ သို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

လရောင်
Ref: Reuters

နယူးဇီလန်၌ ဆိုးရွားသော ရောဂါပိုးပျံ့နှံ့နေသဖြင့် ကျွဲ၊ နွားအကောင်ရေ တစ်သိန်းကျော်ကို သုတ်သင်မည်

နယူးဇီလန်နိုင်ငံ၌ ဆိုးရွားသော Mycoplasma Bovis ရောဂါပိုးပျံ့နှံ့မှုကို ထိန်း ချုပ်ရေး ကျွဲ၊ နွားအကောင်ရေ ၁၂၆,၀၀၀ ကို သုတ်သင်ရှင်းလင်းရန် မေလ ၂၈ရက်တွင် အမိန့်ထုတ်ပြန်ခဲ့သည်။ ကျွဲ၊ နွား တိရစ္ဆာန် များတွင် ဖြစ်ပွားသော ယင်းရောဂါသည် နို့အုံသားတစ်သျှူးများ ပျက်စီးခြင်း၊ အဆုပ် ရောင်ခြင်းနှင့် အဆစ်အမြစ်နာကျင်ခြင်း စသည့်ရောဂါများ ဖြစ်ပွားစေသည်။

“ကျွဲ၊ နွားတွေကို သုတ်သင်ဖို့ ဆုံးဖြတ် ရတာက ကျွန်တော်တို့ရဲ့ အဓိကစီးပွားရေး ဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ကာကွယ် ဖို့ပါ”ဟု ဝန်ကြီးချုပ် ဂျာစီဒါအာဒန်က ပြော သည်။

ကျွဲ၊ နွား အများအပြား သုတ်သင်ခြင်းကို မည်သူမျှအလိုမရှိသော်လည်း ထိုသို့မသုတ် သင်ပါက ရောဂါပိုးသည် နိုင်ငံတစ်ဝန်းရှိ တိရစ္ဆာန်များသို့ ပျံ့နှံ့ကူးစက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကျွဲ၊ နွား တိရစ္ဆာန်များတွင် ဖြစ်ပွားသော Mycoplasma Bovis ရောဂါပိုးသည်လူသား များ စားသုံးသောနွားနို့နှင့် အသားများသို့ကူး စက်မှုမရှိပေ။

သို့သော် နယူးဇီလန်နိုင်ငံသည် ပို့ကုန်ဝင် ငွေရရန် ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းအပေါ် အဓိကမှီခိုနေသော နိုင်ငံဖြစ်၍ ထိုရောဂါပိုး ကို အပြီးသတ်နှိမ်နင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ် သည်။

လက်ရှိအချိန်အထိ Mycoplasma Bovis ရောဂါပိုးကို မွေးမြူရေးခြံ ၄၀ ခန့်တွင် တွေ့ရှိထားသော်လည်း တနင်္လာနေ့က အမိန့် ထုတ်ပြန်ချက်အရ မွေးမြူရေးခြံ ၁၉၂ ခြံရှိ ကျွဲ၊ နွားများကို သုတ်သင်မည်ဖြစ်သည်။

နယူးဇီလန်နိုင်ငံတွင် ယင်းရောဂါပိုး စတင်တွေ့ရှိသည့် လွန်ခဲ့သော ၁၀ လ က တည်းက ကျွဲ၊ နွား အကောင်ရေ ၂၆,၀၀၀ ကိုသုတ်သင်ရှင်းလင်းခဲ့သည်။

လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဒါမီအိုကွန် နာက အရင်းအမြစ်တစ်ခုမှ ထိုရောဂါပိုး ပျံ့နှံ့လာကြောင်း ယူဆပြီး ကျွမ်းကျင်သူများ လေ့လာချက်အရ ထိန်းချုပ်နှိမ်နင်းနိုင်သည်ဟု ပြောသည်။

လရောင်
Ref: AFP

MH370 လေယာဉ်ကို ရှာဖွေမှု လေးနှစ်ကြာမြင့်ပြီးနောက် အဆုံးသတ်

လေးနှစ်ထိကြာမြင့်ခဲ့ပြီးနောက် မလေးရှားလေကြောင်းပိုင် MH370 လေယာဉ်ကို လိုက်လံရှာဖွေနေသည့် လုပ်ငန်းစဉ်အားလုံးအဆုံးသတ်လိုက်ပြီဟု သိရသည်။ ပုဂ္ဂလိက ကန်ထရိုက်စာချုပ်ကို ရယူထားသည့် အင်္ဂလိကြမ်းပြင်စူးစမ်းရှာဖွေရေးကုမ္ပဏီ Ocean Infinity ၏ စာချုပ်သက်တမ်းပြည့်သွားသည့်နောက် ခရီးသည်တင်လေယာဉ်ကို အိန္ဒိယသမုဒ္ဒရာရေပြင်၌ ရှာဖွေနေမှုများ အားလုံးရပ်နားလိုက်ပြီဖြစ်သည်။

၂၀၁၄ခုနှစ်၊ မေလ ၈ရက်က ကွာလာလမ်ပူမှ ဘေဂျင်းသို့ ပျံသန်းရင်းပျောက်ချင်းမလှပျောက်ကွယ်သွားသည့် လေယာဉ်၏ကံကြမ္မာကို ယနေ့တိုင်မည်သူမျှမခန့်မှန်းနိုင်သေးချေ။ လေယာဉ်ပေါ်တွင် စုစုပေါင်း လူ ၂၃၉ ဦး လိုက်ပါသွားသည်။ ဂြိုဟ်တုမှ ထောက်လှမ်းရရှိထားသည့် ပျံသန်းမှုလမ်းကြောင်းဆိုင်ရာအချက်အလက်များအရ လေယာဉ်သည်အကြောင်းရင်းမသိရဘဲ လာလမ်းအတိုင်းပြန်လှည့်ကာ အိန္ဒိယသမုဒ္ဒရာဖက်ဦးတည်ခဲ့ပြီး ရေပြင်ပေါ်ပျက်ကျသွားသည်ဟု ယုံကြည်ရသည်။

ယခုအခါ MH370ကို ရှာဖွေမှုအားလုံးအရှုံးရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီဖြစ်သော်လည်းမည်သို့သောအခြေအနေဖြင့် ယင်းလေယာဉ်ရင်ဆိုင်ခဲ့ရသည်ဆိုသော ယူဆချက်များအတွက်မူ ငြင်းခုံမှုများမပြီးပြတ်နိုင်သေးချေ။

"လူတွေကတော့ မျိုးစုံထင်ကြေးပေးနေဦးမှာပဲ။ အချိန်ကတော့ လေးနှစ်ကြာခဲ့ပြီ။ MH370ဆိုတာ သမိုင်းတစ်ခုပဲဆိုတာမျိုး လူတွေမေ့မေ့ပျောက်ပျောက်ဖြစ်သွားတာတော့ လက်မခံချင်ဘူး"ဟု လေယာဉ်ပေါ်တွင် မိခင်ဖြစ်သူပါသွားခဲ့သည့် ဂရေ့စ်နသန်က ပြောကြားခဲ့သည်။

လေယာဉ်သည်ပျက်ကျသွားကြောင်း ရာနှုန်းပြည့်နီးပါး သေချာနေသော်လည်းပျက်ကျချိန်တွင် လေယာဉ်မှူး၏ ထိန်းချုပ်မှုကင်းလွတ်နေခြင်း ရှိမရှိနှင့်စက်ပိုင်းဆိုင်ရာပြဿနာရှိမရှိဆိုသော အချက်များကိုမူ ယနေ့တိုင်အဖြေမထုတ်နိုင်သေးကြောင်းသိရသည်။

လရောင်– Ref: BBC

Fiat Chrysler ကုမ္ပဏီက ကားအစီးရေ ငါးသန်းခန့်ကို ပြန်လည်သိမ်းယူ

အမေရိကန်နိုင်ငံတွင် ကားအများဆုံးပြန်လည် သိမ်းဆည်းမှုများအနက်တစ်ခုအဖြစ် Fiat Chrysler ကုမ္ပဏီက ဘေးကင်းလုံခြုံရေးဆိုင်ရာ ချွတ်ယွင်းချက်တစ်ခုကြောင့် မောင်းနှင်ရေးထိန်းချုပ်မှုစနစ် အသုံးပြုမှုချက်ချင်းရပ်တန့်ရန် ကား ၄ ဒသမ ၈ သန်း၏ ပိုင်ရှင်များကို သတိပေးသည်။ Fiat Chrysler ကုမ္ပဏီက အချို့သော ကားမော်ဒယ်များတွင် မောင်းနှင်ရေးထိန်းချုပ်မှုစနစ်သည် အချို့သောအခြေအနေများ၌ ယာဉ်မောင်းကရပ်တန့်မရဖြစ်နိုင်ကြောင်း သတိပေးကာ မေလ ၂၅ ရက်က မော်တော်ကားများကို သိမ်းယူမည်ဟု ကြေညာခဲ့သည်။ ယင်းပြန်လည်သိမ်းယူမှုတွင် ၂၀၁၄ နှင့် ၂၀၁၈ ကထုတ်ထားသော Jeep, Ram, Chrysler နှင့် Dodge မော်ဒယ် ၁၄ မျိုးပါဝင်သည်။

မောင်းနှင်ရေးထိန်းချုပ်မှုစနစ်ကို ရပ်မရတော့သည့် ဖြစ်ရပ်များအတွက်ယာဉ်မောင်းများဘရိတ်ကို အသုံးပြုပြီးဂီယာကို ဖရီးထားကာကားကို ရပ်တန့်နိုင်သည်ဟု Fiat Chrysler ကုမ္ပဏီက ပြောသည်။ ကားရပ်ပြီးသည် နှင့်ယာဉ်မောင်းအနေဖြင့် ယင်းမောင်းနှင်ရေးထိန်းချုပ်မှုစနစ်ကို ရပ်တန့်ရမည်ဖြစ်သည်။

ကားများဘေးကင်းလုံခြုံရေး မိမိတို့ဘက်က အပြည့်အဝကတိပြုသောကြောင့် ယခုကဲ့သို့ ပြန်သိမ်းယူခြင်းဖြစ်ကြောင်း ယင်းကုမ္ပဏီမှနည်းပညာပစ္စည်းဆိုင်ရာအကြီးအကဲ မက်ခ်ချာနီဆိုင်းက ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

ချွတ်ယွင်းမှုရှိသော ကားများကို အခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပြီး လာမည့်သီတင်းပတ်အစတွင် ကုမ္ပဏီက သတိပေးချက်ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် ယင်းချွတ်ယွင်းချက်ကြောင့် ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရမှု (သို့မဟုတ်) သေဆုံးမှုရှိသည်ဟု မကြားရကြောင်းနှင့် ချွတ်ယွင်းချက်ကို နောက်ဆုံးထုတ် ဆော့ဖ်ဝဲတစ်မျိုးဖြင့် ပြင်ဆင်မည်ဖြစ်ကြောင်း Fiat Chrysler ကုမ္ပဏီက ပြောသည်။

လရောင်
Ref: UPI

တရုတ်က ပိုင်ဆိုင်သည်ဆိုသော တောင်တရုတ်ပင်လယ်ကျွန်းစုများအနီး အမေရိကန်စစ်သင်္ဘောနှစ်စီး ဖြတ်သန်း

မေလ ၂၇ ရက်တွင် အမေရိကန်စစ်သင်္ဘောနှစ်စီးသည် တရုတ်နိုင်ငံကပိုင်ဆိုင်ကြောင်း ကြွေးကြော်ထားသည့် အငြင်းပွားဖွယ် တောင်တရုတ်ပင်လယ်ပြင်ကျွန်းစုများအနီး ဖြတ်သန်းခုတ်မောင်းခဲ့ကြောင်း ကန်တာဝန်ရှိသူနှစ်ဦးက ပြောကြားသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းနေစဉ် တောင်တရုတ်ပင်လယ်ကျွန်းစုများအနီး ကန်စစ်သင်္ဘောများ ဖြတ်သန်းခြင်းက မြောက်ကိုရီးယား၏အဓိက မဟာမိတ်ဖြစ်သော ဘေဂျင်းအစိုးရကို ဒေါသထွက်စေနိုင်သည်။

ယင်းမှာ မဟာဗျူဟာကျအရေးပါသော တောင်တရုတ်ပင်လယ်ပြင်၌လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်အား တရုတ်အစိုးရက ကန့်သတ်မှုကို တိုက်ဖျက်ရန် အမေရိကန်နိုင်ငံ၏ နောက်ထပ်ခြေလှမ်းတစ်ရပ် ဖြစ်လာသည်။

အမေရိကန်က လက်ခံကျင်းပသော ကြီးမားသည့် ရေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ခုသို့ တရုတ်နိုင်ငံအား ဖိတ်ကြားခြင်းမရှိ၍ နှစ်နိုင်ငံအကြား ထိလွယ်ရှလွယ်အခြေအနေတွင် လများစွာ ကြိုတင်စီစဉ်ခဲ့သည့် အဆိုပါလှုပ်ရှားမှုကို တနင်္ဂနွေနေ့က အကောင်အထည်ဖော်ခဲ့သည်။

ပဲ့ထိန်းဒုံးကျည် တပ်ဆင်ထားသော ဖျက်သင်္ဘော Higgins နှင့် ပဲ့ထိန်းဒုံးကျည်တပ်ဆင်ထားသော စစ်သင်္ဘော Antietam တို့သည် တောင်တရုတ်ပင်လယ်ပြင်ရှိ တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြွေးကြော်ထားသည့် Paracel Islands ကျွန်းစု၏ ရေမိုင် ၁၂ မိုင်အတွင်း ဖြတ်သန်းခုတ်မောင်းခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။

ထို့အပြင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်ထိပ်သီးတွေ့ဆုံမှုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပယ်ဖျက်ခြင်းသည် ကုန်သွယ်ရေးအငြင်းပွားနေသည့် ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံ (တရုတ်– အမေရိကန်) အကြား ဆက်ဆံရေးတင်းမာမှုများကို ပိုမိုအရှိန်မြင့်တက်လာစေသည်။

ယခုလအစောပိုင်းတွင် အငြင်းပွားတောင်တရုတ်ပင်လယ်ရှိ ကျွန်းများနှင့်ကျောက်တန်းများ ပေါ်သို့စစ်ရေးလေ့ကျင့်မှု တစ်စိတ်တစ်ပိုင်းအဖြစ် တရုတ်ဗုံးကြဲလေယာဉ်များ ဆင်းသက်သဖြင့် ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံက စိုးရိမ်ခဲ့သည်။

တစ်နှစ်လျှင် ရေကြောင်းကုန်သွယ်မှု ကန်ဒေါ်လာငါးထရီလီယံခန့် တန်ဖိုးရှိသော တောင်တရုတ်ပင်လယ်ပြင်တစ်ခုလုံးနီးပါးကို တရုတ်နိုင်ငံက ၎င်းတို့ပိုင်ဆိုင်ကြောင်းပြောကြားပြီး ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ တိုင်ပေနှင့် ဗီယက်နမ်တို့ကလည်း ၎င်းတို့ပိုင်ဆိုင်သည်ဟုဆိုကာ အငြင်းပွားနေကြသည်။

လရောင်—Ref: Reuters

စစ်တပ်ဖြန့်ကြက်စေလွှတ်သော်လည်း ဘရာဇီး ထရပ်ကားမောင်းသမားများ ဆက်လက်ဆန္ဒပြ

ပိတ်ဆို့ထားသောလမ်းများကို ရှင်းလင်းရန်ဘရာဇီးသမ္မတ မိုက်ကယ်တီမာကမေလ ၂၅ ရက်တွင် စစ်တပ်အား ညွှန်ကြားခဲ့သော်လည်း ထရပ်ကားမောင်းသမားများအဖွဲ့သည် ဆန္ဒပြမှုခြောက်ရက်မြောက်အဖြစ် မေလ ၂၆ ရက်က ဆက်လက်ဆန္ဒပြခဲ့သည်။ လောင်စာဆီ၊ အစားအသောက်နှင့် ဆေးဝါးများသယ်ယူထောက်ပံ့မှုများကို ထိခိုက်စေသည့် ဒီဇယ်ဆီဈေးနှုန်းများနှင့် စပ်လျဉ်း၍ ထရပ်ကားမောင်းသမားများက မေလ ၂၁ ရက်ကတည်းက လမ်းများကို ပိတ်ဆို့ဆန္ဒပြနေသည်။

ဓာတ်ဆီဆိုင်များနှင့် လေဆိပ်များတွင် လောင်စာဆီပြတ်လပ်နေပြီး ဈေးဝယ်စင်တာများ၌ ကုန်ပစ္စည်းများ ပြောင်စင်ခဲ့ကာ ဆေးရုံများတွင် ဆေးဝါးအထောက်အပံ့များ ပြတ်လပ်နေစဉ် အဓိကမြို့ကြီးများ၌ နိုင်ငံတော်အဆင့်အရေးပေါ်ကြေညာချက်ထုတ်ပြန်ထားသည်။

နိုင်ငံတစ်ဝန်းအများပြည်သူသယ်ယူပို့ဆောင်ရေးနှင့် အမှိုက်သိမ်းဆည်းခြင်းကို လျှော့ချ (သို့မဟုတ်) ရပ်တန့်ခဲ့ပြီး အစားအသောက်ဈေးနှုန်းအချို့ ဈေးခုန်တက်ခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ အဓိကအဝေးပြေးလမ်းမများတွင် ပိတ်ဆို့ဆန္ဒပြမှုများသည် မေလ ၂၅ ရက်နှင့် နှိုင်းယှဉ်လျှင် မေလ ၂၆ ရက်တွင် အနည်းငယ်သာရှိတော့ကြောင်း ဘရာဇီးအစိုးရက ပြောသည်။

သို့သော် ထရပ်ကားမောင်းသမားအများစုကို ကိုယ်စားပြုသည့် ABCAM အဖွဲ့က ဒီဇယ်ဆီနှင့်ပတ်သက်သော ဖက်ဒရယ်အကောက်အခွန်များကို ပယ်ဖျက်ပေးမှသာ ၎င်းတို့ဆန္ဒပြမှုများ ရပ်ဆိုင်းမည်ဆိုသောအချက်ကို ပြောင်းလဲမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရက ဒီဇယ်ဆီဈေးနှုန်းများ တည်ငြိမ်ရေးနှင့် ထောက်ပံ့ကြေးများပေးအပ်ရေးကတိပြုခဲ့စဉ် ထရပ်ကားမောင်းသမားအဖွဲ့များ၏ ဆွေးနွေးညှိနှိုင်းရေးမှူးများက ဆန္ဒပြမှုများရပ်တန့်ရန် မေလ ၂၅ ရက်တွင် ကနဦးသဘောတူခဲ့သည်။ သို့သော် တိကျသေချာသောဖြေရှင်းချက် အလိုရှိကြောင်း၊ ဖက်ဒရယ်ဒီဇယ်ဆီ အကောက်အခွန်များကို အဆုံးသတ်ရန် ဆုံးဖြတ်မှသာလျှင် ဆန္ဒပြမှုများကို ရပ်တန့်မည်ဖြစ်ကြောင်း ထရပ်ကားမောင်းသမားများက ပြောကြားခဲ့သည်။

လရောင်—Ref: Reuters

လာမယ့်နှစ်အောက်တိုဘာမှာ ရုံတင်မယ့် ငွေရတုပြည့် ဂျိမ်းစ်ဘွန်းဒ်ဇာတ်ကား

ဒါရိုက်တာဒန်နီဘွိုင်လီရိုက်ကူးမည့် မင်းသားဒန်နီရယ်ခရိတ်ပါဝင်မည့် ၂၅ ကားမြောက် ဂျိမ်းစ်ဘွန်းဒ်ဇာတ်ကားကို ဗြိတိန်နိုင်ငံတွင် ၂၀၁၉အောက်တိုဘာနှင့် အမေရိကန်တွင် ၂၀၁၉ နိုဝင်ဘာအတွင်း ရုံတင်ပြသမည်ဖြစ်သည်။ ခရိတ်အတွက် ငါးကြိမ်ပါဝင်သရုပ်ဆောင်မှုဖြစ်လာမည့် ၂၅ ကားမြောက် ၀၀၇ ဇာတ်ကားသစ်အတွက် နိုင်ငံတကာဖြန့်ချိခွင့်ကို Universal Pictures ကုမ္ပဏီကရရှိထားသည်။

ယင်းဇာတ်ကားသစ်ကို ဗြိတိန်တွင်လာမည့်နှစ် အောက်တိုဘာ ၂၅ ရက်၊ အမေရိကန်တွင် နိုဝင်ဘာ ၈ ရက်၌ရုံတင်မည်ဖြစ်သည်။ ယင်းဇာတ်ကားကို ရိုက်ကူးမည့် EON Production ကုမ္ပဏီမှ ဘာဘာရာဘရိုကိုလီက ခရိတ်အတွက် ငါးကြိမ်မြောက် ပါဝင်သရုပ်ဆောင်မည့် ၂၅ကားမြောက်ဂျိမ်းစ်ဘွန်းဒ်ဇာတ်ကားကို ဒါရိုက်တာဘွိုင်လီက ရိုက်ကူးမည့်အကြောင်း ကြေညာ၍ ဝမ်းမြောက်မိကြောင်း ပြောကြားသည်။ မတ်လတွင် ဘွိုင်လီက ၎င်းအနေဖြင့် ၂၅ ကားမြောက် ဂျိမ်းစ်ဘွန်းဒ်ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးရန် လုပ်နေပြီဟု ပြောကြားသည်။ ယင်းဇာတ်ညွှန်းကို လာမည့်သီတင်းခြောက်ပတ် (သို့မဟုတ်) ခုနစ်ပတ်အတွင်း စတင်ရိုက်ကူးနိုင်မည်ဟု မျှော်လင့်ကြောင်း ဘွိုင်လီက ပြောသည်။

ယင်းဇာတ်ကားသစ်သည် မင်းသားခရိတ်အတွက် လျှို့ဝှက်စုံထောက်၀၀၇အဖြစ် နောက်ဆုံးပါဝင်သရုပ်ဆောင်သောဇာတ်ကားဖြစ်လာမည်ဖြစ်သည်။

လရောင် - Contactmusic

အမ်မီနမ်နဲ့ တွဲနေတယ်လို့ ပြောလာတဲ့ နစ်ကီမင်နာ့ဂျ်

ဩဂုတ်တွင် တေးအယ်လ်ဘမ်သစ်ဖြန့်ချိမည့် အမေရိကန်ရက်ပါ အဆိုတော် နစ်ကီမင်နာ့ဂျ်က အဆိုတော် အမ်မီနမ်နှင့်တွဲနေကြောင်း ဝန်ခံပြောကြားသည်။ အသက် (၃၅) နှစ်အရွယ် နစ်ကီမင်နာ့ဂျ်သည် သောကြာနေ့တွင် 'Big Bank' သီချင်းသစ်ကို ဖြန့်ချိပြီးနောက် (၄၅) နှစ်အရွယ် အမ်မီနမ်နှင့် ချစ်သူများဖြစ်ကြောင်း အင်စတာဂရမ်စာမျက်နှာတွင် အတည်ပြုပြောကြားသည်။

'Big Bank' သီချင်းတွင် အမ်မီနမ်၏ နာမည်ပြောင် Slim Shady ကို ထည့်သွင်းသီဆိုထားသဖြင့် နစ်ကီမင်နာ့ဂျ်၏ အဆိုပါအင်စတာဂရမ်ပို့စ်အောက်တွင် ပရိသတ်တစ်ဦးက 'အမ်မီနမ်နဲ့တွဲနေတာလား' ဟု မေးခဲ့ရာ နစ်ကီမင်နာ့ဂျ်က ဟုတ်ပါတယ်ဟု ပြန်လည်ရေးသားခဲ့သည်။

၎င်းတို့နှစ်ဦးသည် ၂၀၁၀ က ထွက်ရှိခဲ့သည့် 'Roman's Revenge' သီချင်းကို အတူသီဆိုခဲ့ပြီး နစ်ကီမင်နာ့ဂျ်က အမ်မီနမ်နှင့်တွဲနေကြောင်း ဝန်ခံသော်လည်း အမ်မီနမ်ဘက်က တရားဝင်ပြောကြားခြင်း မရှိသေးပေ။

ထို့အပြင် အမ်မီနမ်နှင့် နစ်ကီမင်နာ့ဂျ်တို့သည် ချစ်သူသက်တမ်းရှစ်လကြာပြီးနောက်ပြီးခဲ့သည့် ဒီဇင်ဘာတွင်လမ်းခွဲသည်ဟူသော ကောလာဟလသတင်းများလည်း ပေါ်ထွက်နေသည်။

လရောင်

Ref:UPI

ဂီတသက်တမ်း ခုနစ်နှစ်ပြည့်ပြီဆိုတဲ့ Boyfriend အဖွဲ့

ကေပေါ့ပ် Boyfriend အဖွဲ့ကဂင်းတို့၏ ဂီတသက်တမ်း ခုနစ်နှစ်ပြည့်တွင် ယခုအချိန်အထိရပ်တည်နိုင်၍ ပရိသတ်များကိုကျေးဇူးတင်ကြောင်း ပြောသည်။ မေလ ၂၆ ရက်တွင် ကျရောက်သောဂီတသက်တမ်း ခုနစ်နှစ်မြောက်တွင် Boyfriend အဖွဲ့သည် ၎င်းတို့၏ တွစ်တာစာမျက်နှာ၌ အဖွဲ့လိုက်ဓာတ်ပုံတစ်ပုံနှင့်တကွ ခုနစ်နှစ်ပြည့် ဂီတမှတ်တိုင်အတွက် Boyfriend အဖွဲ့က ဂုဏ်ယူကြောင်းနှင့်ပရိသတ်များကို ကျေးဇူးတင်ကြောင်း ရေးသားဖော်ပြခဲ့သည်။

ထို့အပြင် ဂီတသက်တမ်းခုနစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် Boyfriend အဖွဲ့သည် 'Sunshower' ဂီတဗီဒီယိုကိုလည်း ဖြန့်ချိခဲ့သည်။

Boyfriend အဖွဲ့သည် ၂၀၁၁ တွင် အဖွဲ့ဝင်ခြောက်ဦးဖြင့်စတင်တည်ထောင်ခဲ့ပြီး 'Boyfriend' နှင့် 'Don't Touch My Girl' စသည့် သီချင်းများဖြင့် ပရိသတ်အားပေးမှု အများအပြားရရှိခဲ့ကာ 'Best New Artist' ' Popularity Singer' နှင့် 'Korean Artist with the Most Potential' စသည့် ဂီတထူးချွန်ဆုများ ချီးမြှင့်ခံခဲ့ရသည်။

လရောင် — Ref:allkpop



ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားနဲ့လွဲတဲ့ ဘောလုံးကြယ်ပွင့်များ

ဒန်နီအဲလ်ဗက်စ် (ဘရာဇီး)

ဘရာဇီးအတွက် ၁၀၆ ပွဲ ကစားထားပြီး အသက် (၃၅) နှစ်ရှိနေပြီဖြစ်ပေမယ့် အဲလ်ဗက်စ်ဟာ လက်ရှိကမ္ဘာ့ဘောလုံးလောကရဲ့ အကောင်းဆုံးတိုက်စစ်အားပြု ညာခြမ်းခံစစ်သမားအနေနဲ့ရပ်တည်နေဆဲပါ။ ဒါပေမဲ့ ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ဖလားဗိုလ်လုပွဲမှာ ဒူးဒဏ်ရာပြင်းပြင်းထန်ထန်ရရှိခဲ့ခြင်းက အဲလ်ဗက်စ်ရဲ့ ဘောလုံးသမားဘဝ နောက်ဆုံးဖြစ်လာနိုင်တဲ့ နိုင်ငံတကာပြိုင်ပွဲကြီးနဲ့ လွဲချော်သွားစေပါတော့တယ်။



ဒီမီထရီပေယက် (ပြင်သစ်)

၂၀၁၆ ဥရောပဖလားမှာ အိမ်ရှင်ပြင်သစ်အတွက် ပြောင်ပြောင်မြောက်မြောက်အစွမ်းပြခဲ့တဲ့ ကွင်းလယ်တိုက်စစ်သမားဟာ ရုရှားမြေကကမ္ဘာ့ဖလားနဲ့တော့ လွဲချော်သွားခဲ့ပါပြီ။ ယူရိုပါလိဂ်ဗိုလ်လုပွဲမှာ ကြွက်သားနာကျင်မှုပြဿနာရှိနေလျက်နဲ့ အိုလံပစ်မာဆေးအတွက် ဝင်ကစားပေးခဲ့ရာက သူ့ရဲ့တံကောက်ကြောအခြေအနေက အဆိုးဆုံးဖြစ်သွားပါတော့တယ်။ ကမ္ဘာ့ဖလားနဲ့သေချာပေါက်လွဲပြီဆိုတာ ကိုယ့်ကိုယ်ကိုယ်နားလည်သွားချိန် ကွင်းထဲကမျက်ရည်လည်ရွှဲနဲ့ထွက်ခွာသွားတဲ့ ပေယက်ရဲ့ပုံရိပ်က ကြေကွဲစရာပါပဲ။

အဲလက်စ်အော့စ်လိဒ်ချိမ်ဘာလိန် (အင်္ဂလန်)

အာဆင်နယ်ကနေ ပြောင်းရွှေ့လာတဲ့နောက် ချိမ်ဘာလိန်ဟာလီဗာပူးရဲ့အဓိကအားထားရတဲ့ ကွင်းလယ်ဒေါက်တိုင်တစ်ခုအဖြစ် မြန်မြန်ဆန်ဆန် တိုးတက်လာပါတယ်။ ဒါပေမဲ့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဆင့်မှာ ရိုးမားနဲ့ကစားတဲ့အချိန် ပြင်းထန်တဲ့ ဒူးဒဏ်ရာတစ်ခုရသွားတာကြောင့် ချိမ်ဘာလိန်ရဲ့ ကမ္ဘာ့ဖလားအိပ်မက်ဟာ စောစောစီးစီး နိဋ္ဌိတံသွားပါတော့တယ်။ သူ့ရဲ့လီဗာပူးအသင်းဖော် လူငယ်ခံစစ်သမား ဂိုးဂိုမက်ဇ်လည်းခြေချင်းဝတ်ဒဏ်ရာ ခွဲစိတ်မှုတစ်ခုခံယူရတဲ့နောက် ကမ္ဘာ့ဖလားနဲ့လွဲသွားပါပြီ။

ဒန်နီကာဗာဂျယ်(စပိန်)

ကာဗာဂျယ်ရဲ့အဖြစ်က အားလုံးထက် ပိုရင်နာစရာကောင်းပါတယ်။ အကောင်းဆုံးခြေစွမ်းရနေတဲ့ အချိန်ဖြစ်သလို ကမ္ဘာ့ဖလားပြိုင်ပွဲဝင် စပိန်အသင်းအတွက် ရွေးချယ်ခံထားရပြီးမှ ဒဏ်ရာရသွားတာပါ။ ပိုဆိုးတာကသူဟာ အဓိကပြိုင်ပွဲကြီး နှစ်ရပ်ဆက်တိုက် စပိန်အတွက် ကိုယ်စားပြုခွင့် လွဲချော်သွားတာပါပဲ။ ၂၀၁၆ ဥရောပဖလားတုန်းကလည်းဒဏ်ရာကြောင့်ပဲ ကာဗာဂျယ်တစ်ယောက် စပိန်မှာပါဝင်ခွင့်မရခဲ့ပါဘူး။ အခုလည်းချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာရသွားတာကြောင့် ကမ္ဘာ့ဖလားအမီ ပြန်သက်သာဖို့မဖြစ်နိုင်တော့ဘဲပြိုင်ပွဲနဲ့လွဲချော်ဖို့ သေချာသွားပြီဖြစ်ပါတယ်။



လောရင့်ကိုစီရယ်နီ (ပြင်သစ်)

လက်ရှိ ပြင်သစ်လက်ရွေးစင်အသင်းရဲ့ အတွေ့အကြုံအရင့်ကျက်ဆုံး ဦးဆောင်ခံစစ်မှူး ကိုစီရယ်နီလည်း အာဆင်နယ်အတွက်ကစားရင်း ဒဏ်ရာရခဲ့တာကြောင့် ကမ္ဘာ့ဖလားမှာပါဝင်ခွင့်ဆုံးရှုံးခဲ့ပါတယ်။ ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲအဖြစ် အက်သလက်တီကိုမက်ဒရစ်နဲ့ယှဉ်ပြိုင်ချိန်မှာ ကိုစီရယ်နီရဲ့ဖနောင့်အရွတ်စုတ်သွားခဲ့တာဖြစ်ပါတယ်။ ကိုစီရယ်နီ မကစားနိုင်တော့တာကြောင့် ပြင်သစ်နည်းပြ ဒီဒီရာဒက်စ်ချမ့်ဟာအတွေ့အကြုံပိုင်းမှာ အများကြီးပိုနုနယ်တဲ့ ဘင်ဂျမင်ပါဗက်ဒ်၊ ပရက်စ်နဲလ်ကင်ပမ်ဘီနဲ့ လူးကက်စ်ဟာနန်ဒက်ဇ်တို့လို လူငယ်ခံစစ်မှူးလေးတွေကို ကမ္ဘာ့ဖလားအတွက် ရွေးချယ်ဖို့ဆုံးဖြတ်ခဲ့ရပါတယ်။

လက်ရှိအနေအထားအရ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းလူစာရင်းအတွက်ရွေးချယ်ခံထားရပေမယ့် ကြံ့ခိုင်မှုပြဿနာကြောင့် မရေမရာဖြစ်နေတဲ့ ကြယ်ပွင့်တွေလည်း ရှိပါသေးတယ်။ ဥပမာပြောရရင် ဘရာဇီးတိုက်စစ်မှူးနေမာဟာ သူ့ရဲ့ဒဏ်ရာသက်သာလာပေမယ့် ရာနှုန်းပြည့်ကြံ့ခိုင်မှု ပြန်မရသေးဘူးလို့ ဝန်ခံထားပါတယ်။ ဒ့ါအပြင် ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာဒဏ်ရာရသွားတဲ့ အီဂျစ်တိုက်စစ်မှူးမိုဟာမက်ဆာလက်ရဲ့အခြေအနေကလည်း မရေမရာပါပဲ။ ပြီးတော့ ဘယ်လ်ဂျီယံတိုက်စစ်မှူး မစ်ချီဘတ်ရှူဝါယီ၊ ဂျာမနီနောက်ခံလူ ဂျရိုမီဘိုတန်နဲ့ ဂိုးသမားမန်နျူရယ်လ် နျူအာတို့အားလုံးလည်း ပြိုင်ပွဲအမီ ကြံ့ခိုင်မှုပြန်လည်ပြည့်ဝလာဖို့ ရင်တထိတ်ထိတ်စောင့် မျှော်နေကြရဆဲ ဖြစ်ပါတယ်။ မြတ်မင်းဇင်

ဖရန့်လမ်းပတ် ဒါဘီနည်းပြအဖြစ် သုံးနှစ်စာချုပ်ချုပ်ဆို

ချယ်လ်ဆီးကွင်းလယ်လူဟောင်း ဖရန့်လမ်းပတ်ကို နည်းပြအဖြစ်ခန့်အပ်ကြောင်း ချန်ပီယံရှစ်မှဒါဘီကောင်တီကကြေညာပြီး လမ်းပတ်နှင့်သုံးနှစ်စာချုပ်ချုပ်ဆိုကြောင်း ပြောကြားသည်။

လမ်းပတ်သည် ၁၉၉၉ နှင့် ၂၀၁၄ ကြားအင်္ဂလန်အတွက် ၁၀၉ ပွဲကစားခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့်အတူပရီးမီးယားလိဂ်ဖလားသုံးကြိမ်၊ အက်ဖ်အေဖလားလေးကြိမ်နှင့် ချန်ပီယံလိဂ်ဖလားတစ်ကြိမ်ရရှိပြီး ဂယ်ရီရိုဝက်နေရာအစားဝင်ရန် ၎င်း၏ ပထမဆုံး မန်နေဂျာအတွေ့အကြုံ ရယူမည်ဖြစ်သည်။

"ဒါဘီကောင်တီလို ကြီးမားတဲ့အစဉ်အလာနဲ့ သမိုင်းကြောင်းရှိတဲ့အသင်းမျိုးကို အမြဲတမ်းပဲ ကျွန်တော်ကိုင်တွယ်ချင်ခဲ့ပါတယ်။ ဒါကြောင့် ဒါဟာကြီးမားတဲ့အခွင့်အရေးပါ" ဟု လမ်းပတ်က ဒါဘီဝက်ဘ်ဆိုက်အား ပြောကြားသည်။

ပထမဆုံး မန်နေဂျာအလုပ် ဖြစ်သော်လည်း မိမိအနေဖြင့် ဘောလုံးလောကမှ အကောင်းဆုံးနည်းပြအချို့နှင့် အနီးကပ် အလုပ်လုပ်ခဲ့ကြောင်းနှင့် မိမိ၏အရည်အချင်းကို ယုံကြည်စိတ်ချသလို ဘုတ်အဖွဲ့အပါအဝင်ကိုင်တွယ်မည့်အသင်းကို ယုံကြည်စိတ်ချကြောင်း လမ်းပတ်က ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ချန်ပီယံရှစ်တွင် ထိပ်ဆုံးခြောက်သင်းအတွင်း ဝင်ရောက်ခဲ့သော အသင်းကို ဆက်လက်တည်ဆောက်ကာ ဒါဘီအကယ်ဒမီမှ လူငယ်များကို ပွဲထုတ်မည်ဟုလမ်းပတ်ကပြောသည်။

"လမ်းပက်လို အရည်အသွေးမျိုးနဲ့လူကို မန်နေဂျာသစ်အဖြစ် ရရှိလိုက်တာဝမ်းမြောက်ပါတယ်"ဟု ဒါဘီအသင်းအမှုဆောင်ဥက္ကဋ္ဌမယ်လ်မော်ရစ်က ပြောကြားသည်။

လမ်းပတ်ကဲ့သို့ အောင်မြင်ခဲ့သူကစားသမား အနည်းငယ်သာရှိကြောင်းနှင့် ၎င်းသည် အောင်မြင်သူတစ်ဦး အောင်မြင်မှုအတွက် လိုအပ်သည်ကို သိရှိသော ခေါင်းဆောင်တစ်ဦးနှင့် မန်နေဂျာကောင်းတစ်ဦးဖြစ်၍ အရည်အသွေးများရှိသူဟု မော်ရစ်က ဆက်လက်ပြောသည်။

ရိုဝက်သည် ဒါဘီကောင်တီကို ပြီးခဲ့သည့်ရာသီက ပရီးမီးယားလိဂ်တန်းတက်ခွင့်ရှုံးထွက်နေရာ ရရှိအောင်လုပ်ဆောင်နိုင်သော်လည်း ဖူလ်ဟမ်ကို နှစ်ပွဲပေါင်း ၂-၁ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ်မှ တန်းဆင်းလာသောစတုတ်ကို ကိုင်တွယ်ရန်ထွက်ခွာခဲ့သည်။

မြတ်မင်းဇင်

ရှုတ်တရက်နုတ်ထွက်သွားသည့် ရီးရဲလ်နည်းပြ ဇီဒန်း

ရီးရဲလ်ကို ချန်ပီယံလိဂ်ဖလားသုံးကြိမ်ရအောင် ဦးဆောင်ခဲ့ပြီးနောက်ငါးရက်အကြာတွင် နည်းပြရာထူးမှ နုတ်ထွက်ကြောင်း ဇီဒန်းက ပြောသည်။

"အရာအားလုံးပြောင်းလဲသွားပြီ။ ဒါကြောင့်ပဲ ကျွန်တော်ဒီ ဆုံးဖြတ်ချက်ကိုချခဲ့တာပါ"ဟု ဇီဒန်းက သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။ ၎င်းသည်ရီးရဲလ်ကို ချန်ပီယံလိဂ်ဖလား သုံးနှစ်ဆက်တိုက်နှင့် ၂၀၁၆ ဇန်နဝါရီကစတင်တာဝန်ယူပြီးနောက် လာလီဂါဖလားတစ်ကြိမ်ရရှိအောင် ဦးဆောင်ခဲ့သည်။

"ကျွန်တော်ဒီအသင်းကို ချစ်ပါတယ်"ဟု ဇီဒန်းက ထပ်လောင်းပြောကြားသည်။ ရီးရဲလ်သည် လက်ရှိတွင် အပြောင်းအလဲဖြစ်သော ခြားနားသည့်အသံတစ်သံနှင့် နောက်ထပ် နည်းစနစ်တစ်ရပ်လိုအပ်သည်ဟု ထင်မိကြောင်း ၎င်းကပြောသည်။

ဘင်နီတက်ဇ်ကို ထုတ်ပယ်ပြီးနောက် ရီးရဲလ်ကို ကိုင်တွယ်ခဲ့သော ဇီဒန်း (၄၅) နှစ်သည် ၁၄၉ ပွဲ ကိုင်တွယ်ကာ ၁၀၄ ပွဲနိုင်၊ ၂၉ ပွဲ သရေ ရလဒ်ထွက်အောင် စွမ်းဆောင်နိုင်ခဲ့၍ ၎င်း၏အနိုင်ရရှိမှုနှုန်း ၆၉ ဒသမ ၈ ရာခိုင်နှုန်းရှိကာ ဖလားကိုးလုံးရရှိခဲ့သည်။ ၎င်းသည် ချန်ပီယံလိဂ်ဖလားသုံးကြိမ်၊ လာလီဂါတစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားနှစ်ကြိမ်၊ စပိန်စူပါဖလားတစ်ကြိမ်နှင့် ကလပ်များကမ္ဘာ့ဖလားနှစ်ကြိမ်ရရှိခဲ့သည်။ အသင်းအတွက် နောက်ထပ်ပေးဆပ်စရာမရှိတော့ဟု ခံစားရလျှင်ထွက်ခွာမည်ဟု ဇီဒန်းက ဖေဖော်ဝါရီက ပြောကြားခဲ့သည်။

စပါးနည်းပြ ပိုချက်တီနိုသည်ယခင်က ရီးရဲလ်နည်းပြနေရာနှင့် ချိတ်ဆက်ပြောဆိုခံခဲ့ရသည်။ ဂျူဗင်တပ်နည်းပြအယ်လီဂရီလည်း ရီးရဲလ်နှင့် ပတ်သက်၍ သတင်းကြီးလာနိုင်ပြီးအာဆင်နယ်နည်းပြဟောင်း ဝင်းဂါးသည် နည်းပြဘဝရှေ့ဆက်ရန်ရှိနေသေးသည်။ အီတလီသား နာပိုလီနည်းပြဟောင်းဆာရီလည်း အားလပ်နေသည်။ ရီးရဲလ်၏နည်းပြသစ်ကို အသင်းဥက္ကဋ္ဌဖလိုရန်တီမိုပီရက်ဇ်က ကြေညာမည်ဖြစ်သည်။

ရီးရဲလ်ဥက္ကဋ္ဌ ပီရက်ဇ်က ဇီဒန်းနုတ်ထွက်ခြင်းကြောင့် အသင်းရှိလူတိုင်းဝမ်းနည်းစရာနေ့ဖြစ်ကြောင်းနှင့် ဇီဒန်းပြန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

မြတ်မင်းဇင်

အမေရိကန်၏ ပစိဖိတ် စစ်ဦးစီးဌာနကိုအမည်ပြောင်းလဲ

အိန္ဒိယနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်စေသည့် ခြေလှမ်းတစ်ရပ်အဖြစ် အမေရိကန်၏ ပစိဖိတ်စစ်ဦးစီးဌာနကို အမည်ပြောင်းလဲလိုက်ကြောင်း သိရသည်။ မေလ ၃၀ ရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မ်မက်တစ်ကကမ္ဘာပေါ်၌ သက်တမ်းအရင့်ဆုံး ကြည်း-ရေ-လေပူးပေါင်းစစ်ဆင်ရေးကွန်ရက်ကြီးကို အင်ဒို-ပစိဖိတ်စစ်ဦးစီးဌာနဟု အမည်ပြောင်းလဲလိုက်ကြောင်း ကြေညာခဲ့သည်။

ယခုလိုအမည်ပြောင်းလဲခြင်းသည် ကျယ်ပြောလှသည့် ပစိဖိတ်သမုဒ္ဒရာတွင်သာမကဘဲ အိန္ဒိယသမုဒ္ဒရာဖက်ခြမ်းမှ မဟာမိတ်နိုင်ငံများနှင့် စစ်ရေးအရဆက်ဆံမှုကို ပိုမိုဖြန့်ကျက်မြှင့်တင်သည့် ပြယုဂ်တစ်ခုဟု မက်တစ်က ပြောကြားခဲ့သည်။

ပုံမှန်အားဖြင့် အဆိုပါစစ်ဦးစီးဌာနကြီးသည် အာရှတိုက်အရှေ့ပိုင်းရှိ အမေရိကန်စစ်ဆင်ရေးကဏ္ဍများကို အဓိကကွပ်ကဲသော်လည်း အိန္ဒိယနှင့် ဆက်ဆံရေးတိုးတက်လာခြင်းနှင့်အတူ အာရှတောင်ပိုင်းရှိ အိန္ဒိယသမုဒ္ဒရာရေပြင်တွင်ပါ စစ်ဆင်ရေးများ ဆောင်ရွက်လာသည်။ အင်ဒို-ပစိဖိတ်ဆိုသောအမည်ကိုပြောင်းလဲလိုက်ခြင်းဖြင့် အမေရိကန်ရေတပ်သည် အိန္ဒိယတောင်ပိုင်းတွင် အိန္ဒိယရေတပ်၊ လေတပ်များနှင့် ပိုမိုပူးပေါင်းလှုပ်ရှားရန် သေချာလာစေခဲ့သည်။

ယင်းခြေလှမ်းကအမေရိကန်ရော၊ အိန္ဒိယနှင့်ပါ ပြိုင်ဘက်အသွင် ရပ်တည်နေသည့် တရုတ်စစ်တပ်အတွက် သတိပေးတပ်လှန့်မှုတစ်ခု ဖြစ်လာဖွယ်ရှိနေသည်။

စစ်ဘက်ဆိုင်ရာသုတေသီများက စစ်ဦးစီးဌာနကိုယခုလိုအမည်ပြောင်းလဲလိုက်ခြင်းသည် အမေရိကန်၏ အာရှတိုက်ဆိုင်ရာစစ်ရေးလှုပ်ရှားမှုများတွင် အိန္ဒိယ၏သက်ရောက်မှု ပိုမိုတွင်ကျယ်လာခြင်းကို ထင်ဟပ်စေကြောင်း သုံးသပ်ထားကြသည်။

လရောင်- Ref: AFP

အခွန်နှင့်ပတ်သက်၍ အမေဇုန်က ဩစတြေးလျနိုင်ငံသားများကို နိုင်ငံတကာဝက်ဘ်ဆိုက်တွင် ပိတ်ပင်

အမေရိကန်အင်တာနက် ကုမ္ပဏီကြီးအမေဇုန်က အွန်လိုင်းဝယ်ယူမှုများဆိုင်ရာအခွန်ဥပဒေသစ်များကို တုံ့ပြန်၍ နိုင်ငံတကာဝက်ဘ်ဆိုက်များမှ ဩစတြေးလျဈေးဝယ်သူများကို တားဆီးပိတ်ပင်မည်ဟု ကြေညာသည်။ ဥပဒေသစ်များအရ အမေရိကန်အွန်လိုင်းဈေးဆိုင်ကြီး အမေဇုန်ကဲ့သို့ အင်တာနက်လက်လီအရောင်းဆိုင်များသည် လက်ရှိ ဩစတြေးလျဒေါ်လာ ၁,၀၀၀ (ကန်ဒေါ်လာ ၇၆၀) ကစ၍ အခွန်လွတ်ခြင်းအပါအဝင် နိုင်ငံခြားမှ ဝယ်ယူသောကုန်ပစ္စည်းတိုင်းအပေါ် ကုန်စည်နှင့် ဝန်ဆောင်ခအခွန်၁၀ ရာခိုင်နှုန်းကောက်ခံရန် လိုအပ်သည်။

ရလဒ်အနေဖြင့် အမေဇုန်က ၎င်းတို့၏ ဝက်ဘ်ဆိုက်များကိုအသုံးပြုလိုသော ဩစတြေးလျဈေးဝယ်သူများကို ရောင်းကုန်ပိုနည်း၍ ပိုမိုသေးငယ်သော ဩစတြေးလျကြိုဘ်ဆိုက်သို့ ထပ် ဆင့်ဝင်ရောက်စေမည်ဖြစ် သည်။

ယခုအခြေအနေကြောင့် မိမိတို့၏ ဖောက်သည်များအဆင်မပြေဖွယ်ရှိသောကြောင့် စိတ်မကောင်းဖြစ်ရသော်လည်း နိုင်ငံတကာဝက်ဘ်ဆိုက်များစွာနှင့်အတူ ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းတစ်ရပ်အဖြစ် ယင်းဥပဒေ၏ အလုပ်ဖြစ်နိုင်စွမ်းကိုမိမိတို့ လေ့လာသည်ဟု အမေဇုန်ကုမ္ပဏီ၏ ကြေညာချက်ခဲ့၌ ဖော်ပြသည်။

အမေဇုန်ကယခင်က ၎င်းတို့၏ အမေရိကန်ဝက်ဘ်ဆိုက်၌ သာရောင်းချသော ပစ္စည်းလေးသန်းကို ဩစတြေးလျနိုင်ငံသားများအတွက် ကမ္ဘာ့စတိုးဆိုင်တစ်ခုဖွင့်လှစ်ရောင်းချမည်ဟု ပြောသည်။

အမေဇုန်ကဒေသတွင်း ဩစတြေးလျဝက်ဘ်ဆိုက်ကို ပြီးခဲ့သည့် ဒီဇင်ဘာကဖွင့်လှစ်ခဲ့ပြီး ဆစ်ဒနီတွင် တစ်ခုထပ်မံဆောက်ရန် စီစဉ်ထားခြင်းနှင့်အတူ မဲလ်ဘုန်းတွင် ကုန်လှောင်ရုံတစ်ခုထားရှိပြီး ပစ္စည်းတင်ပို့သည်။

လရောင်- Ref: AFP

မြောက်ကိုရီးယားနှင့် ထိပ်သီးဆွေးနွေးပွဲ ပြန်လုပ်မည်ဟု ထရမ့်ပြော

အမေရိကန်သမ္မတ ထရမ့်က သူ့ဘက်မှဖြတ်လိုက်သည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်နှင့် နျူကလီးယားအရေး ထိပ်သီးညီလာခံကို ယခင်စီစဉ်ထားသည့်အတိုင်း ဇွန်လ (၁၂)ရက်တွင် ကျင်းပသွားမည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

နှစ်နိုင်ငံဆက်ဆံရေး အဆင်မပြေဖြစ်နေတုန်း မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်နှင့် သမ္မတ ထရမ့်တို့ တစ်ဦးနှင့်တစ်ဦး နှစ်နစ်နာနာဒေါသတကြီး အပြန်အလှန်တိုက်ခိုက်ပြောဆိုနေကြသည့် ဆက်ဆံရေးရုတ်တရက်ကောင်းမွန်လာပြီး ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်တော့မည်ဟု ကြေညာခဲ့သည်။ ထိုထိပ်သီးဆွေးနွေးပွဲကို ထရမ့်မှဖျက်သိမ်းလိုက်သည်ဟုကြေညာထားရာမှ ယခုအခါ ထိုဆွေးနွေးပွဲကို ယခင်အတိုင်း ပြန်လည်ပြုလုပ်တော့မည်ဟု သမ္မတထရမ့်က ပြောသည်။

ထိုထိပ်သီးညီလာခံသည် တစ်ယောက်အကြောင်းတစ်ယောက်သိရအောင် ပြုလုပ်သည့်ပွဲဟု သမ္မတ ထရမ့်က သတင်းထောက်များကိုပြောကြားသွားသည်။ မတိုင်ခင်က သမ္မတ ထရမ့်သည် မြောက်ကိုရီးယားအစိုးရကိုယ်စားလှယ် ကင်မ်ယန်ချိုးနှင့် အိမ်ဖြူတော်တွင် (၁)နာရီကျော်ကြာတွေ့ဆုံခဲ့သည်။ မြောက်ကိုရီးယားအစိုးရကိုယ်စားလှယ် ကင်မ်ယန်ချိုးသည် ၂၀၀၀ ခုနှစ်မှစ၍ အိမ်ဖြူတော်သို့ လာရောက်ခဲ့သည့် မြောက်ကိုရီးယားအစိုးရကိုယ်စားလှယ်များတွင် အဆင့်အမြင့်ဆုံးဖြစ်သည်။

မြောက်ကိုရီးယားအစိုးရကိုယ်စားလှယ် ကင်မ်ယန်ချိုးနှင့်အတူ သမ္မတ ထရမ့်အတွက် မြောက်ကိုရီးယား ခေါင်းဆောင် ကင်မ်ရေးပေးလိုက်သည့် စာပါလာခဲ့သည်။ ထိုစာကို ဖွင့်မဖတ်ရသေးဟု သမ္မတ ထရမ့်ကပြောသည်။

ဇွန်လ (၁၂)ရက်နေ့ထိပ်သီးအစည်းအဝေးတွင် ပြောဆိုမည့်ကိစ္စရပ်များထဲတွင် ကိုရီးယားစစ်ပွဲအဆုံးသတ်ရေးကိစ္စလည်း ပါဝင်သည်ဟု သမ္မတထရမ့်က ပြောသည်။

လရောင်

BBC